မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၈၈)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာ ၂၇ ရက်၊ သောကြာနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

စာမျက်နှာ ➤ ၃

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရနှင့် မဏိပူရ်ပြည်နယ်အစိုးရတို့ ပူးပေါင်း မျက်စိရေတိမ်လူနာ ၂၀၀ ကို မုံရွာမြို့ဆေးရုံကြီး၌ အခမဲ့ကုသ

မုံရွာ ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးကြပ်၍ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်အဆင့်ဆင့် ကွင်းဆင်းစုဆောင်းထားသော မျက်စိအတွင်းတိမ်ဝေဒနာရှင်များကို အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ်မှ မျက်စိဆရာဝန် ၁၁ ဦးနှင့်အတူ မုံရွာပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးအပါအဝင် မျက်စိကုသရေးဝန်ထမ်း ၃၈ ဦးတို့သည် ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်၊ ၂၇ ရက်နှင့် ၂၈ရက်တို့တွင် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီး စိန်ကြည်မျက်စိကုသဆောင်သစ်ကြီး၌ မျက်စိလူနာစုစုပေါင်း ၂၀၀ ကျော်ကို ကုသပေးမည်ဖြစ်ရာ ခွဲစိတ်ခံလူနာများနှင့် လူနာစောင့်များ၏ နေရေး၊ ထိုင်ရေး၊ သွားရေး၊ လာရေးနှင့်စားသောက်ရေးကိုပါမကျန် အစစအရာရာ အဆင်ပြေစေရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လူမှုပရဟိတစိတ်ရှိသူများ စုပေါင်း၍ဆောင်ရွက်ပေးခဲ့သဖြင့် မျက်စိခွဲစိတ်လူနာများ အထူးအဆင်ပြေစေကြောင်း မုံရွာမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာဦးသန်းထွတ်ထံမှ သိရသည်။

အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ် အင်ဖာမြို့ရှိ Shija Hospitals and Research Institute Pvt.,Ltd.မှ Chairman Cum Managing Director Dr.kh.Palin ဦးဆောင်၍ Phoco စက်ဖြင့် မျက်ကြည်လွှာခွဲကာ မျက်စိတိမ်ကိုခြေသည့် လုပ်ငန်းကျွမ်းကျင်သည့် ဆရာဝန်ကြီးနှစ်ဦးအပါအဝင် မျက်စိဆရာဝန် ၁၁ ဦးနှင့်အတူ မျက်စိခွဲစိတ်စက်နှစ်လုံး၊ မျက်စိခွဲစိတ်မိုက်ခရိုနှစ်လုံး၊ လိပ်၍ခေါက်ရသော မျက်စိထဲထည့်သည့် မှန်ဘီလူး၊ မျက်စိကို ကာကွယ်ပေး သည့် မျက ´မှန်စသည့်မျက်စိနှင့်ပတ်သက်သည့်ပစ္စည်းများ စုံစုံလင်လင် ဖြင့်လာရောက်ခွဲစိတ်ကုသပေးခြင်း ဖြစ်သည်။

"ပြီးခဲ့တဲ့အခေါက် နှာခေါင်းကွဲ၊ အာခေါင်ကွဲလာကုပေးစဉ်က မုံရွာ

စာမျက်နှာ ၃ ကော်လံ ၁ ◆

ကမ္ဘာလှည့်ခရီးသွားများ မြန်မာနိုင်ငံ၌လည်ပတ်စဉ် အာမခံထားရှိနိုင်ပြီ

သတင်း
ဝေယံဦး
ဓာတ်ပုံ
တင်စိုး

ရန်ကုန် ဒီဇင်ဘာ ၂၆

နယ်ပယ်ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်ရန်အရှိန်ယူဆောင်ရွက်နေချိန်၌ မြန်မာနိုင်ငံ၏ အာမခံလုပ်ငန်းတိုးတက်လာစေရန် ပုဂ္ဂလိကများသို့ လုပ်ကိုင်ခွင့်လိုင်စင်များချပေးလျက်ရှိရာ လာမည့် ၂၀၁၄ ခုနှစ်တွင်လည်း အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များ ထပ်မံတိုးမြှင့်ချထားပေးသွားမည်ဟု ဘဏ္ဍာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"မြန်မာနိုင်ငံမှာ အာမခံလုပ်ငန်း တိုးတက်ဖွံ့ဖြိုးလာဖို့အတွက် ၂၀၁၂ ခုနှစ်ကစတင်ပြီး အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်တွေချထားပေးခဲ့ပါတယ်။ လာမယ့်နှစ်မှာလည်း လိုင်စင်တွေထပ်မံချထားပေးသွားမှာပါ" ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက ပြောကြားသည်။

မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်များကို ပုဂ္ဂလိကများသို့ ခွင့်ပြုပေးခဲ့ရာ ၂၀၁၂ ခုနှစ်တွင် လိုင်စင် ၁၂ ခုနှင့် ၂၀၁၃ ခုနှစ်တွင် လိုင်စင် ၁၂ ခု ခွင့်ပြုပေးခဲ့သည်။ ယင်းအာမခံလုပ်ကိုင်ခွင့်ရရှိသူများမှာလည်း လုပ်ငန်းများဆောင်ရွက်နေပြီဖြစ်သည်။

မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများ လာရောက်မှု တစ်နှစ်ထက်တစ်နှစ် များပြားလာရာ ကမ္ဘာလှည့်ခရီးသွားများအတွက် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်စဉ်ကာလအတွင်း အာမခံထားရှိနိုင်ရေးအတွက်လည်း ဆက်သွယ်ထားရှိနိုင်ပြီဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၃ ❐

မြန်မာနိုင်ငံသို့ နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသွားများ လာရောက်လည်ပတ်မှု တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားသည်ကို တွေ့ရစဉ်။

ယနေ့
မာတိကာ

အားကစားသမားများအား လိုက်လံစွာ ဂုဏ်ပြုကြိုဆို စာ - ၂

ရေခဲမုန်တိုင်းဒဏ်ခံပြည်သူများ လျှပ်စစ်မီးပြတ်တောက်မှု ဆက်လက်ကြုံတွေ့နေရ စာ - ၄

အချိန်၏ လျင်မြန်သော အဟုန် (ဆောင်းပါး) စာ - ၆

တိုက်ဆောက်ရန် ဓာတ်ကြိုးပေါ်သို့ သံချည်ကွေးတိုင်လဲကျရာမှ လူသုံးဦး ဓာတ်လိုက် စာ - ၇

ဆိုလာစနစ်ဖြင့် ပုလဲမြို့နယ်တွင် ကျေးရွာငါးရွာ မီးလင်းပြီ စာ - ၁၀

မန်ယူတို့ ခရစ္စမတ်ကာလမှာ အမှတ်ပြည့်ယူနိုင်ပဲ့မလား စာ - ၁၄

ကြော်ငြာအချပ်ပိုလေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

RB Ph:662107, 9669012, 0973028674, 02-77838,053-27705, 074-20071, 081-2122838, 057-27170, 073-22158, 082-23561, 043-23859, 098763546, 067-24760, 0949850196, 075-25979. Fax-521905.

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မဟာအခွင့်အရေး

အခွင့်အရေးဟူသည်ကား အမြဲမရှိပေ။ ရံဖန်ရံခါမှသာ ပေါ်ပေါက်တတ်သည့်သဘောရှိသည်။ ထိုပေါ်ပေါက်လာသော အခွင့်အရေးကောင်းကို လက်လွှတ်မခံဘဲ ကောင်းစွာရယူလုပ်ကိုင်တတ်သူများ အဆင်ပြေကြီးပွားတိုးတက်လေ့ရှိကြကုန်၏။ အခွင့်အရေးသည် လူ့ဘဝ၏ ထွက်ပေါက်ဖြစ်သလို တက်လမ်းလည်းဖြစ်၏။ ယနေ့ကြီးပွားချမ်းသာနေသူတိုင်းသည် အခွင့်အရေးကို ကောင်းစွာအသုံးချခဲ့သူများသာဖြစ်၏။ ရရှိလာမည့်အခွင့်ကောင်းကို မှန်ကန်မြန်ဆန်စွာအသုံးချခြင်းဖြင့် ကြီးပွားတိုးတက်နိုင်၏။

ယခုအခါ ကျွန်ုပ်တို့နိုင်ငံတွင် ကျေးလက်ဒေသနေပြည်သူများ၊ မြို့ပြနေဆင်းရဲနွမ်းပါးသူများနှင့် ဝင်ငွေနည်းဝန်ထမ်းများအား လုပ်ငန်းစီးပွားများ ထူထောင်လုပ်ကိုင်နိုင်ရန် အသေးစားချေးငွေများ ထုတ်ချေးနေပြီဖြစ်ပါသည်။ ဤသည်ပင်လျှင် အခွင့်အရေးဖြစ်ပါသည်။ ထိုအခွင့်အရေးကို မှန်မှန်ကန်ကန်ဆောင်ရွက်ပြီး ကြီးပွားတိုးတက်အောင် လုပ်ကိုင်သွားရန်သာလိုပါသည်။ အထူးသဖြင့် ကျေးလက်ဒေသများတွင် လယ်ယာသုံးစက်ကိရိယာများ၊ လယ်ထွန်စက်များ၊ ဆိုင်ကယ်များကို ချေးငွေဖြင့် ဝယ်ယူနိုင်ကြမည်ဖြစ်ပါသည်။ ထိုချေးငွေများကို နိုင်ငံတော်ကိုယ်စား သမဝါယမဝန်ကြီးဌာနမှ ပြည်ပချေးငွေများရယူကာ ပြည်သူများအား အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးနေခြင်းဖြစ်ပါသည်။ ချေးငွေဖြင့် လယ်ထွန်စက်များ ဝယ်ယူနိုင်ပြီဖြစ်၍ ကျွဲ၊ နွားမရှိ၍ စိတ်ညစ်နေစရာမလိုတော့ပါ။ ထို့အတူ မြို့ပြများတွင်လည်း နေ့ပြန်တိုးနှင့် ရုန်းကန်လှုပ်ရှားနေရသော ဈေးရောင်းဈေးသည်များ၊ ဆိုက်ကားအငှားနင်းသူများ ချေးငွေကြောင့် အဆင်ပြေလာနိုင်တော့မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၀၀၀၀ ကျော်ရှိသည်။ ယခုအခါ ချေးငွေများရရှိနေသူများရှိသလို မရသေးသူများလည်း ရှိပါသေးသည်။ မရသေးသူများအနေဖြင့် လာမည့် ၂၀၁၄ ခုနှစ် ဧပြီ၊ မေနှင့် ဇွန်လများတွင် ထပ်မံထုတ်ချေးပေးသွားမည်ဖြစ်ကြောင်း ကြားသိရသည်။ ငွေကြေးလိုအပ်နေသော ပြည်သူများအတွက် ယခုကဲ့သို့ ချေးငွေများရရှိခြင်းသည် ဘဝတိုးတက်ရေးအတွက် မဟာအခွင့်အရေးပင်ဖြစ်ပါသည်။ အခွင့်အရေးကောင်းကို ကောင်းစွာစီမံဆောင်ရွက်တတ်ရန်သာ လိုပါသည်။

ပြည်သူများအနေဖြင့် ချေးငွေအပေါ် တလွဲမသုံးမိစေရန် အထူးအရေးကြီးပါသည်။ လုပ်ငန်းတစ်ရပ်အပေါ် ချေးယူထားသည့် ချေးငွေသည် ထိုလုပ်ငန်းကို အမှန်တကယ်တိုးတက်အောင်မြင်အောင် ဆောင်ရွက်ဖို့တော့ အရေးကြီးပါသည်။ သို့မှသာ ချေးငွေများကို တိတိကျကျ ပြန်ဆပ်နိုင်ပြီး လုပ်ငန်းအောင်မြင်နိုင်မည်ဖြစ်ပါသည်။ လုပ်ငန်းတိုးတက်လာသည်နှင့်အမျှ ဘဝသည်လည်း တိုးတက်လာမည်ဖြစ်ပါသည်။ "ကြွက်သေတစ်ခုအရင်းပြု"ဆိုသောစကားရှိပါသည်။ ရရှိသည့် အခြေအနေကောင်းလေးတစ်ခုမှ ဘဝကို တိုးတက်အောင် လုပ်ကိုင်ကြရပါမည်။ မိမိတို့၏ ကြိုးစားမှု၊ ရိုးသားမှု၊ လုံ့လ ဝီရိယပြုမှုတို့ဖြင့် ကြီးပွားတိုးတက်နိုင်ပါသည်။ ကြီးပွားတိုးတက်ရေးအလုပ်သည် တောင်တက်သမားနှင့်လည်း တူပေ၏။ တောင်တက်သမားတို့သည် တဖြည်းဖြည်းတက်ရင်း တောင်ထိပ်သို့ ရောက်ကြရကုန်၏။ ကြီးပွားတိုးတက်ရေးလုပ်ကိုင်ကြသူများမှာလည်း ထိုနည်းလည်းကောင်းပင် ဖြစ်၏။ သို့ဖြစ်၍ ဤအခြေအနေကောင်းကို အသုံးချလျက် တဖြည်းဖြည်းတိုးတက်အောင် ကြိုးစားကြရမည် ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန် လှူဒါန်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၂၆

ဂေါတမဘုရားအလောင်းတော်ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောဟူသည့် သံဝေဇနီယလေးဌာနအနက်မှ ပွင့်တော်မူရာ တစ်ဌာနကို တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် သံဝေဇနီယသုံးဌာနကို နေပြည်တော်သတ္တဌာန အနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန် (နေပြည်တော်ကောင်စီဝင်) ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၀၆၊ ဦးဝင်းဌေး (အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဖုန်း-၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း- ၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း- ၀၆၇-၄၁၄၇၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ဘုရားအလောင်းတော် ဖွားမြင်တော်မူရာဌာနတွင်မယ်တော်မာယာ ဖွားတော်မူဟန်နှင့်ဘုရားအလောင်းတော် ခြေခုနစ်လှမ်းကြွ၍ ကြွေးကြော်တော်မူဟန်ရုပ်တုတော်၊ မြတ်စွာဘုရားပရိနိဗ္ဗာန် စံဝင်တော်မူရာဌာနတွင် ပရိနိဗ္ဗာန်စံဝင်တော်မူဟန် ဗုဒ္ဓရုပ်ပွားတော်တစ်ဆူတို့ကို စကျင်ကျောက်ဖြင့် ထုဆစ်လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ စေတနာရှင်ပြည်သူများမှ အထက်ဖော်ပြပါအလှူခံဌာနများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

အားကစားသမားများအား လှိုက်လှဲစွာဂုဏ်ပြုကြိုဆို

လပွတ္တာ ဒီဇင်ဘာ ၂၆

(၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲ မြန်မာနိုင်ငံကိုယ်စားပြု လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ရွှေတံဆိပ်ဆုများရရှိခဲ့သော ခြင်းလုံးအားကစားသမားများ ကြိုဆိုပွဲကို ဒီဇင်ဘာ ၂၅ ရက် ညနေ ၃ နာရီက လပွတ္တာမြို့အဝင်မှ မြို့မိ မြို့ဖများ၊ ခရိုင်/မြို့နယ်အဆင့်ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့သူမြို့သားများက လှိုက်လှဲစွာ ကြိုဆိုကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ (၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစားပြိုင်ပွဲ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိသည့် အားကစားသမားများအား ဂုဏ်ပြုပွဲအခမ်းအနားကို ရွှေနဒီခန်းမ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတိုးတိုးထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ် ဦးလှိုင်ဦးတို့က ဂုဏ်ပြုအမှာစကားပြောကြားသည်။ ထို့နောက် ရွှေတံဆိပ်ဆုရ ခြင်းလုံးအားကစားသမား မသူဇာအောင်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပျဉ်းမနားတွင် ငါးရက်တရားပွဲ ကျင်းပ

ပျဉ်းမနား ဒီဇင်ဘာ ၂၆

နေပြည်တော် ကောင်စီနယ်မြေရှိ ပျဉ်းမနားမြို့ ပန်းခင်းလမ်းရှိ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီးတွင် မျှဝေသောလက်များ ပျဉ်းမနားအသင်းမှ ကုသိုလ်ဖြစ်ဓမ္မသဘင်ပွဲကို ဒီဇင်ဘာ ၂၆ ရက်မှ ၃၀ ရက်အထိ ငါးရက်ကျင်းပမည် ဖြစ်သည်။

တရားပွဲကို ဒီဇင်ဘာ ၂၆ ရက်တွင် ဆရာတော်ဘဒ္ဒန္တရေဝတ (ကြာနီကန်ဆရာတော်) နယ်လှည့် ဓမ္မကထိက ကြာနီကန်ကျောင်း ဗဟန်း၊ ဒီဇင်ဘာ ၂၇ ရက်တွင် ဆရာတော် ဘဒ္ဒန္တဝိစာရ ကမ္မဋ္ဌာနာစရိယနှင့် မင်္ဂလာတိုက် မှော်ဘီ၊ ဒီဇင်ဘာ ၂၈ ရက်တွင် ဆရာတော် ဘဒ္ဒန္တကုန္ဒက (တွံတေးဆရာတော်) ဓမ္မကထိက ဗဟုဇနဟိတရေ သီရိမင်္ဂလာ မဟာစည်ရိပ်သာ ဒဂုံ(မြောက်)၊ ဒီဇင်ဘာ ၂၉ ရက်တွင် ဆရာတော် ဘဒ္ဒန္တကုသလ (ရွှေစေတီဆရာတော်) ကမ္မဋ္ဌာနာစရိယ ရွှေစေတီတောရ လယ်ဝေး-ပျဉ်းမနား၊ ဒီဇင်ဘာ ၃၀ ရက်တွင် ဆရာတော် ဘဒ္ဒန္တသုနန္ဒ (ဓမ္မရံသီဆရာတော်) နိုင်ငံတော် ကမ္မဋ္ဌာနာစရိယ ဗဟုဇနဟိတရေ ဓမ္မရံသီရိပ်သာ မိုးကုတ်အစရှိသော ဆရာတော်ကြီးများက မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီးတွင် ညစဉ် ၇ နာရီမှစတင်၍ တရားတော်များ ဟောကြားမည်ဖြစ်သည်။ ညပိုင်းတရားပွဲများအတွက် အသင်းမှ မော်တော်ယာဉ်များနှင့် မြို့တွင်း မြို့ပြင်မှ တရားနာသည့်ပရိသတ်အတွက် အကြိုအပို့ စီစဉ်ပေးထားကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ)**

တြိဂံသွေးလှူရှင်များအသင်း လုပ်ငန်းညှိနှိုင်းစည်းဝေး

တာချီလိတ် ဒီဇင်ဘာ ၂၆

တြိဂံသွေးလှူရှင်များအသင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၂၄ ရက် ည ၇ နာရီက တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် JA မင်္ဂလာခန်းမ၌ကျင်းပရာ ရှေးဦးစွာ အသင်းနာယကများဖြစ်ကြသည့် ဦးအောင်ဖြိုးရှိန်နှင့် ဦးတင့်ဆွေတို့က အမှာစကားများပြောကြားကာ ကော်မတီဝင် ကိုဇော်လင်းက တစ်လတာလုပ်ငန်းဆောင်ရွက်ချက်များ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသူများက အသင်း၏လုပ်ငန်းရပ်များ ပိုမိုလျင်မြန်သွက်လက်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဝိုင်းဝန်းဆွေးနွေးအကြံပြုကြကာ အသင်းနာယက ဦးအောင်ဖြိုးရှိန်က အသင်းဝတ်စုံများကိုပေးအပ်လှူဒါန်းရာ နာယက ဦးတင့်ဆွေနှင့် တာဝန်ရှိသူများက လက်ခံယူကြသည်။

တြိဂံသွေးလှူရှင်များ အသင်းကို တာချီလိတ်ဒေသတွင်းနေ လူမှုရေးအဖွဲ့အစည်းများ၊ ပရဟိတအသင်းများ၊ နိုင်ငံရေးပါတီများ၊ စေတနာရှင်လူငယ်များဖြင့် ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁၇ ရက်တွင် လူမျိုးဘာသာစွဲ၊ ပါတီစွဲ ဂိုဏ်းဂဏစွဲမထားဘဲ တာချီလိတ်ခရိုင် အပါအဝင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ဒေသတစ်ခုလုံးတွင် သွေးလိုအပ်သည့် ဝေဒနာရှင်များအတွက် သန့်စင်သောသွေးများကို ၂၄ နာရီပတ်လုံး အချိန်မရွေးဒေသမရွေးလှူဒါန်းပေးရန် ရည်ရွယ်ချက်ဖြင့်စတင်ဖွဲ့စည်းပြီး တစ်လတာအတွင်း သန့်စင်သောသွေးများကို ၃၅ ပုလင်းအထိ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

မောင်ယဉ်ကျေး

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီးအားလက်ခံတွေ့ဆုံ

နေပြည်တော်　ဒီဇင်ဘာ　၂၆

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. LEE Baek Soon အား ယနေ့ မွန်းတည့် ၁၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်သည်။ **(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. LEE Baek Soon အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ဆေးရုံကြီးကို မဏိပူရ်ဝန်ကြီးချုပ် MR.O.IBOBI SINGH နဲ့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးတို့ကိုယ်တိုင် သုံးကြိမ်လာရောက် အားပေးတဲ့အတွက် ဝမ်းသာအားတက်မိပါတယ်။ ကျွန်တော်တို့အခုလို ဖွံ့ဖြိုးဆဲနိုင်ငံတွေကို အခမဲ့ကုသပေးတာတွေဟာ တိုင်းသူပြည်သားတွေအနေနဲ့ ဆင်းရဲတဲ့ဦးရေကများပြားတော့ ကျန်းမာရေးအတွက် စင်ကာပူလို၊ အိန္ဒိယလိုနိုင်ငံတွေအထိ သွားရောက်ကုသဖို့ အခွင့်မသာတာတွေများတဲ့အတွက် အခုလိုလာရောက်ကုသပေးတာဖြစ်ပါတယ်” ဟု Dr.kh.Palin က ပြောကြားသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်ရေး စည်းဝေး

နေပြည်တော်　ဒီဇင်ဘာ　၂၆

ပညာရေးမြှင့်တင်မှုလုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်ရေးအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ခေတ္တပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးမြင့်က ယနေ့အချိန်အခါတွင် ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍ လေ့လာသုံးသပ်ရေးလုပ်ငန်း (CESR)၏ အကြံပြုထောက်ခံချက်များအပေါ် ပြန်လည်ဆန်းစစ်လေ့လာသုံးသပ်ပြီး လက်တွေ့ကျသောပညာရေးပြုပြင် ပြောင်းလဲမှုလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ အရည်အသွေး အာမခံချက်ရှိသော ပညာရေးစနစ်ကို အကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ အကျင့်စာရိတ္တနှင့် စည်းကမ်းကောင်းမွန်ပြီး နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည်ဖြစ်သော လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်စွမ်းရှိသည့် ပညာ့ဝန်းကျင်ကောင်းဖြစ်ပေါ်အောင် ဖန်တီးပေးကြရမည်ဖြစ်ကြောင်း၊ ဒေသအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်စွမ်းရှိမည့် ဒေသခံလူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးရမည်ဖြစ်ကြောင်း၊ ဒေသအလိုက်လိုအပ်သော မူလတန်းပြဆရာဆရာမများ ဖြည့်ဆည်းခန့်အပ်ပေးနိုင်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ အစီအစဉ်ဖြင့် ဆောင်ရွက်ရန် အခွင့်အလမ်းများ ရရှိကြပြီဖြစ်ကြောင်း၊ မျှော်မှန်းချက်ရလဒ်ကောင်းများ ရရှိလာအောင် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ထို့နောက် မြန်မာနိုင်ငံပညာရေးသုတေသနအဖွဲ့ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များမှ လူမှုရေးဝန်ကြီးများက နေ့စားလပေးမူလတန်းပြဆရာ ဆရာမများခန့်ထားရေးမှုကို ညှိနှိုင်းရေးဆွဲကြပြီး ဒေါက်တာစန်းလွင်က ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ ဝန်ကြီးများအနေဖြင့်လည်း ပူးပေါင်းပါဝင် ပံ့ပိုးစေလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီ၊ ပြည်နယ်အစိုးရအဖွဲ့ကော်မတီဝင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများတွေ့ဆုံ

နေပြည်တော်　ဒီဇင်ဘာ　၂၆

ပြည်နယ်အစိုးရအဖွဲ့ကော်မတီဝင်များ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၈ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အစိုးရအဖွဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆပ်ကော်မတီအတွင်းရေးမှူး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်က ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာဆပ်ကော်မတီ (Delivery Unit) နှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ရှင်းလင်းဖြေကြား

ထို့နောက် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူးက ပြည်နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ ကိုယ်စားလှယ်များ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ *ရှေ့ဖုံးမှ*

“လောလောဆယ်မှာတော့ ကမ္ဘာလှည့်ခရီးသွားတွေအနေနဲ့ အာမခံလာရောက်ထားရှိတာ နည်းနေသေးပါတယ်။ နောက်ပိုင်းနှစ်တွေဆိုရင်တော့ အာမခံထားရှိနိုင်တဲ့စနစ်ကို ပိုမိုသိရှိပြီး လာရောက်ဆောင်ရွက်ကြမယ်လို့မျှော်လင့်ထားပါတယ်” ဟု ပုဂ္ဂလိကအာမခံလုပ်ငန်း မန်နေဂျာတစ်ဦးက ပြောကြားသည်။

ကမ္ဘာလှည့်ခရီးသွား အာမခံကို တစ်ယူနစ် ငွေကျပ် ၅၀၀၀၀၀ ထားရှိခြင်းအတွက် ပရီမီယံကြေး ငွေကျပ် ၅၀၀ ကို တစ်ပတ်ကာလအတွက် ပေးသွင်းရမည်ဖြစ်ပြီး သီတင်းနှစ်ပတ်ကာလအတွက် ငွေကျပ် ၁၀၀၀ ပေးသွင်းရမည်ဖြစ်သည်။

လျော်ကြေးရရှိ

ခရီးသွား အာမခံဝယ်ယူထားသည့် ကမ္ဘာလှည့်ခရီးသွားများသည် ယာဉ်မတော်တဆမှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်း၊ သေဆုံးခြင်းတို့ဖြစ်ပါက ဝယ်ယူထားသည့် ယူနစ်အလိုက် လျော်ကြေးရရှိမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်း

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန(မြန်မာပြည်အလယ်ပိုင်း)ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထွန်းနိုင်ဦးအား တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ(၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ဌာန
(က)	ဦးမျိုးညွန့်	ညွှန်ကြားရေးမှူးချုပ် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန ပညာရေးဝန်ကြီးဌာန
(ခ)	ပါမောက္ခ ဒေါက်တာဒေါ်နွဲ့နွဲ့ဦး	ပါမောက္ခချုပ် သူနာပြုတက္ကသိုလ်(ရန်ကုန်) ဆေးသိပ္ပံပညာဦးစီးဌာန ကျန်းမာရေးဝန်ကြီးဌာန

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

	အမည်၊ ရာထူး၊ ဌာန	ခန့်ထားသည့် ရာထူး၊ ဌာန
(က)	ဦးသူရိန်ဝင်း အထွေထွေမန်နေဂျာ မြန်မာ့မီးရထား ရထားပို့ဆောင်ရေး ဝန်ကြီးဌာန	ဦးဆောင်ညွှန်ကြားရေးမှူး မြန်မာ့မီးရထား ရထားပို့ဆောင်ရေးဝန်ကြီးဌာန
(ခ)	ပါမောက္ခဒေါက်တာ ဒေါ်မာမာဝင်း ဒုတိယပါမောက္ခချုပ် (သင်ကြား) မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် မွေးမြူရေး၊ ရေလုပ်ငန်း နှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန	ပါမောက္ခချုပ် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန

ဥပဒေရေးရာနှင့် အကြမ်းဖက်မှုအကြောင်း ဟောပြော

နေပြည်တော်　ဒီဇင်ဘာ　၂၆

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမျိုးသမီးရေးရာအဖွဲ့ ဥပဒေအကာအကွယ်နှင့် အကြမ်းဖက်မှုအကြောင်း ဟောပြောပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီ ၄၅ မိနစ်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ကျင်းပရာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြမြဦး၊ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် အမျိုးသမီးဝန်ထမ်းများ တက်ရောက်ကြသည်။

ဟောပြောဆွေးနွေး

အခမ်းအနားတွင် နာယကဒေါ်မြမြဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်စီစီချိန်က “အမျိုးသမီးများအတွက် ဥပဒေအကာအကွယ်နှင့်အကြမ်းဖက်မှုအကြောင်း”ကို ဟောပြောဆွေးနွေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်
ရေဆင်း၊ နေပြည်တော်
မွေးမြူထုတ်လုပ်ရေးဒီပလိုမာသင်တန်းအတွက် ဘွဲ့နှင်းသဘင် ကျင်းပမည့်ရက်နှင့်အချိန် ပြောင်းလဲကြောင်း ကြေညာချက်

ဤတက္ကသိုလ်မှ ကျင်းပပြုလုပ်ခဲ့သော မွေးမြူထုတ်လုပ်ရေး ဒီပလိုမာသင်တန်း စာမေးပွဲအောင်မြင်သူများအတွက် ဘွဲ့နှင်းသဘင်အခမ်းအနားကို မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ ဘွဲ့နှင်းသဘင်ခန်းမတွင် အောက်ပါအစီအစဉ်အတိုင်း ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း ကြေညာလိုက်သည်-

အစမ်းလေ့ကျင့်ရက်	ဘွဲ့နှင်းသဘင်ရက်
၂၉-၁၂-၂၀၁၃ ရက်	၃၀-၁၂-၂၀၁၃ ရက်
(တနင်္ဂနွေနေ့)	(တနင်္လာနေ့)
ညနေ ၄ နာရီ	နံနက် ၈ နာရီ

လှူနဲဖြူ
မော်ကွန်းထိန်းအဆင့်(၁)



ပျောက်ဆုံးကြောင်း

ကျွန်မ ခိုင်သူဇာ ၁၂/ပဇတ(နိုင်)၀၃၁၁၈၁ ၏ မြန်မာနိုင်ငံကူးလက်မှတ် M-613556 သည် ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၆၆၅၇၆**

စာအုပ်စာပေ လူ့မိတ်ဆွေ

နိုင်ငံတကာသတင်း

တူရကီအစိုးရအဖွဲ့ဝင်ဝန်ကြီးသုံးဦး

လာဘ်စားမှုအပုပ်နံ့ကြောင့် ရာထူးမှ နုတ်ထွက်ခဲ့ရ

အန်ကာရာ ဒီဇင်ဘာ ၂၆

လာဘ်စားမှုအပုပ်နံ့ သတင်းထွက်မှုအပေါ် နုတ်ထွက်သွားသော တူရကီအစိုးရအဖွဲ့ဝင် ဝန်ကြီးသုံးဦးအနက် တစ်ဦးဖြစ်သည့် ပတ်ဝန်းကျင်ရေးရာဝန်ကြီးအာဒိုဂန်ဘေးရက်တာက ဝန်ကြီးချုပ်ရေဆက်တေရစ်အာဒိုဂန်ကို ဆင်းပေးရန် တိုက်တွန်းလိုက်သည်။

မစ္စတာ ဘေးရက်တာ၊ စီးပွားရေးဝန်ကြီး ဇဖာကလာရမ်းနှင့် ပြည်ထဲရေးဝန်ကြီး မွမ်မာဂူလာတို့သည် ယင်းတို့၏သားများ အချုပ်ချခံရပြီးနောက် ဝန်ကြီးအဖြစ်မှ နုတ်ထွက်ခဲ့ကြသည်။ ယင်းတို့ သုံးဦးစလုံးက မည်သည့်အမှားအယွင်းတစ်ခုမျှ မလုပ်ခဲ့မိကြောင်း ငြင်းဆိုထားသည်။

ရဲအဖွဲ့က ၎င်းတို့အား ဥပဒေအရ ပိတ်ထားသော ငွေကြေးများ အီရန်သို့ လွှဲပြောင်းမှုနှင့် ဆောက်လုပ်ရေးလုပ်ငန်းများ လာဘ်စားမှုတို့ဖြင့် စုံစမ်းစစ်ဆေးလျက်ရှိသည်။

အဆိုပါဝန်ကြီး သုံးဦးစလုံးကို ဒီဇင်ဘာ ၂၄ ရက် ညပိုင်းက ပါကစ္စတန်မှ တူရကီသို့ပြန်လာသော ဝန်ကြီးချုပ်အာဒိုဂန်နှင့်အတူ လေဆိပ်၌တွေ့ရသည်။ မစ္စတာဘေးရက်တာက ဝန်ကြီးချုပ်အာဒိုဂန်၏ ဖိအားပေးမှုကြောင့် နုတ်ထွက်ခဲ့ရကြောင်း အင်တီဗွီရုပ်သံက ဖုန်းနှင့် အင်တာဗျူးရာတွင် ပြောကြားသည်။ **(ဘီဘီစီ)**

အမေရိကန်ကြက်သား တင်သွင်းမှုကို တရုတ်က ပြန်လည်စစ်ဆေးမည်

ပေကျင်း ဒီဇင်ဘာ ၂၆

တရုတ်နိုင်ငံတွင် စည်းမျဉ်းအချို့ ချိုးဖောက်ထားသည်ကို တွေ့ရှိဖော်ပြထားသော ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ အစီရင်ခံစာကို တုံ့ပြန်ရန် အမေရိကန်နိုင်ငံမှ ကြက်သားတင်သွင်းခြင်းနှင့်ပတ်သက်၍ ရှုပ်ထွေးမှုကိစ္စအဝဝကို ပြန်လည်စစ်ဆေးရန်အတွက် တရုတ် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ဒီဇင်ဘာ ၂၅ ရက်တွင် ဆုံးဖြတ်ခဲ့သည်။

တရုတ်နိုင်ငံသည် ယခင်စစ်ဆေးမှုတွင်စုဆောင်းထားသော သတင်းအချက်အလက်များနှင့် သက်သေခံပစ္စည်းများကို ပြန်လည်သုံးသပ်မည်ဖြစ်ပြီး ယင်းတို့ကို လေ့လာဆန်းစစ်ချက်များနှင့် ထွက်ဆိုချက်များမှတစ်ဆင့် ပြန်လည်စစ်ဆေးမည်ဖြစ်ကြောင်း အဆိုပါဝန်ကြီးဌာနက အွန်လိုင်းကြေညာချက်တစ်ခု ထုတ်ပြန်သည်။

တင်ပို့ရမည့် ကြက်အလေးချိန်သည် သတ်မှတ်ထားသော ရက်သတ္တ ၁၃ ပတ်အရွယ်နှင့်ပတ်သက်၍ ကမ္ဘာ့စီးပွားရေးအင်အားကြီး နှစ်နိုင်ငံအကြား တစ်ခါတစ်ရံဖြစ်ပွားသော တင်းမာမှုတွင် အဓိက အကြောင်းတရားတစ်ခု ဖြစ်နေသည်။ **(ဆင်ဟွာ)**

ရေခဲမုန်တိုင်းဒဏ်ခံပြည်သူများ လျှပ်စစ်မီးပြတ်တောက်မှုဆက်လက်ကြုံတွေ့နေရ

ဝါရှင်တန် ဒီဇင်ဘာ ၂၆

ပြီးခဲ့သည့် သီတင်းပတ်ကုန်က ပြင်းထန်သော ရေခဲမုန်တိုင်း ဝင်ရောက်အပြီး အမေရိကန် အရှေ့မြောက်ပိုင်းနှင့် ကနေဒါ အရှေ့တောင်ပိုင်းဒေသများရှိ အိမ်ထောင်စု ၅၀၀၀၀၀ ထက်မနည်းတို့မှာ ယခုအချိန်ထိလျှပ်စစ်မီးပြတ်တောက်မှု ဖြစ်ပေါ်နေဆဲဟု သိရသည်။

လျှပ်စစ်မီးဝန်ဆောင်မှုအဖွဲ့များက အချိန်ပြည့်ဆောင်ရွက်နေဆဲပင်ဖြစ်သော်လည်း အချို့အိမ်များမှာ လာမည့်စနေနေ့အထိ ဓာတ်အားရနိုင်ဖွယ် မရှိသေးဟု ဆိုသည်။

တိုရွန်တို၌ လူဦးရေ ၇၂၀၀၀ တို့မှာ ယခုနှစ်ခရစ္စမတ်ကာလကို လျှပ်စစ်မီးမရှိဘဲ ဖြတ်သန်းခဲ့ကြရသည်။

ရေခဲမုန်တိုင်းကာလတွင်း အနွေးဓာတ်ရရှိရန် မီးစက်များ၊ မီးသွေးမီးဖိုများနှင့်အခြား အပူပေးပစ္စည်းများသုံးစွဲကြရသဖြင့် လူများစွာတို့ ကာဗွန်မိုနောက်ဆိုက် အဆိပ်ငွေ့များ ရှူရှိုက်ခဲ့ကြရသည်။ မုန်တိုင်းနှင့် ဆက်စပ်ကာ ယင်းဒေသတွင်း ၂၇ ဦးထိသေဆုံးခဲ့သည်ဟု သိရသည်။ ကနေဒါနိုင်ငံ သဘာဝပတ်ဝန်းကျင် မိုးဇလပညာရှင်ဒေးဗစ်ဖိလစ်က ယခုသီတင်းပတ်အစောပိုင်းတွင် ယင်းရေခဲမုန်တိုင်းသယ်ယူလာသော ရေခဲမှတ်အောက်အပူချိန်မှာ ဆက်လက်ဖြစ်ပေါ်လိမ့်ဦးမည်ဖြစ်ကြောင်း သတိပေးထားသည်။ **(ဘီဘီစီ)**

ပါကစ္စတန်အနောက်မြောက်ပိုင်း၌ အမေရိကန်ဒရုန်းလေယာဉ်တိုက်ခိုက်၊ အနည်းဆုံး လေဦးသေဆုံး

အစ္စလမ္မာဘတ် ဒီဇင်ဘာ ၂၆

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ မြောက်ပိုင်းဒေသမျိုးနွယ်စုများနေထိုင်ရာဒေသ၌ ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့ညက အမေရိကန် ဒရုန်းလေယာဉ်တစ်စင်းတိုက်ခိုက်မှုကြောင့် အနည်းဆုံး လူလေးဦး သေဆုံးခဲ့ပြီး အများအပြားဒဏ်ရာရရှိခဲ့သည်ဟု ဒေသတွင်းမီဒီယာများက ဒီဇင်ဘာ ၂၆ ရက်တွင် ဖော်ပြကြသည်။

ဒေသခံမီဒီယာများက ဖော်ပြချက်အရ အာဖဂန်နယ်စပ်ရှိ မြောက်ပိုင်း ဝါဇီရစ်စတန်၏အဓိက မြို့တော်မီရန်ရှားမြို့၌ စစ်သွေးကြွတစ်ဦး ပုန်းအောင်းနေသည်ဟု သံသယရှိသည့် အိမ်တစ်အိမ်ကို အမည်မသိအမေရိကန်လေယာဉ်က ဒုံးကျည်နှစ်စင်းပစ်ခတ်သွားသည်ဟု သိရသည်။

ယင်းကဲ့သို့ ယခုတစ်ကြိမ် မြောက်ပိုင်း ဝါဇီရစ်စတန်သို့ အမေရိကန်မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုမှာ ယခုနှစ်အတွင်း ပါကစ္စတန်အပေါ် အမေရိကန်၏ (၂၆)ကြိမ်မြောက် တိုက်ခိုက်မှုဖြစ်ပြီး ယင်းတိုက်ခိုက်မှုများကြောင့် သေဆုံးသူအနည်းဆုံး ၁၆၆ ဦးရှိပြီဟု သတင်းများတွင် ဖော်ပြထားသည်။

ပြီးခဲ့သည့်လကလည်း ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း ဟန်ဂူပြည်နယ်ရှိ ကျောင်းတစ်ကျောင်းကို အမေရိကန်မောင်းသူမဲ့ လေယာဉ်တစ်စင်းက တိုက်ခိုက်ခဲ့ရာ ကျောင်းသား အများအပြားအပါအဝင် ၁၅ ဦး သေဆုံးရသည်ဟု သိရသည်။

စစ်သွေးကြွများဟု သံသယရှိခံရသူများအား ယခုကဲ့သို့ အမေရိကန်မောင်းသူမဲ့လေယာဉ်များဖြင့် တိုက်ခိုက်မှု ပြုလုပ်သဖြင့် အပြစ်မဲ့ပြည်သူများ မကြာခဏ သေဆုံးနေရသည်။ **(ဆင်ဟွာ)**

ဒုတိယကမ္ဘာစစ်ကာလအတွင်း သေဆုံးစစ်သည်များ ဂုဏ်ပြုတည်ဆောက်ထားသောဂူဗိမာန်သို့ အာဘေး သွားရောက်

တိုကျို ဒီဇင်ဘာ ၂၆

ဂျပန်နိုင်ငံဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ၎င်း၏ ဝန်ကြီးချုပ်သက်တမ်းကာလတစ်နှစ်တိတိပြည့်ချိန် ယနေ့နံနက်ပိုင်းက ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်နိုင်ငံအတွက် အသက်စွန့်သွားသူများအား ဂုဏ်ပြုတည်ဆောက်ထားသော ရာဆူကူနီ ဂူဗိမာန်သို့ သွားရောက်လည်ပတ်သည်ဟု သိရသည်။

အဆိုပါ ရာဆူကူနီ ဂူဗိမာန်သို့ သွားရောက်ခြင်းမှာ "နောက်တစ်ကြိမ်စစ်ပွဲဒဏ်အား လူအများမခံစားစေရပါ" ဟု ကတိကဝတ်ပြုရန်သွားခြင်းဖြစ်ကြောင်း ဝန်ကြီးချုပ်အာဘေးက ပြောကြားခဲ့သည်။ ၎င်းခရီးစဉ်သည် တရုတ်နှင့် တောင်ကိုရီးယားတို့အား ထိခိုက်နာကျင်စေရန် မရည်ရွယ်ပါကြောင်းလည်း အာဘေးက ထပ်လောင်းပြောကြားခဲ့သည်။

သို့သော် အဆိုပါ ခရီးစဉ်အား တရုတ်ပြည်သူများအနေဖြင့် လုံးဝလက်သင့်မခံနိုင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက အာဘေး၏ ခရီးစဉ်အား ဝေဖန်ရှုတ်ချခဲ့သည်။

ရာဆူကူနီ ဂူဗိမာန်သည် ဒုတိယကမ္ဘာစစ်ကာလအတွင်း အကျဉ်းစံ ဂျပန်ရာဇဝတ်သားများအား ဂုဏ်ပြုတည်ဆောက်ထားသော ဗိမာန်ဖြစ်သည်။ ပေကျင်းနှင့် ဆိုးလ်တို့က ၎င်းသည် တိုကျိုဘက်မှ ကျူးကျော်ရန်စမှုပြယုဂ်တစ်ခုအဖြစ် ရှုမြင်ကြသည်။ ယင်းကဲ့သို့ ရာဆူကူနီခရီးစဉ်သည် ဂျပန်နိုင်ငံ၏ ၂၀၀၆ ခုနှစ်ကတည်းက ဝန်ကြီးချုပ်များ၏ ပထမဆုံးခရီးစဉ်ဖြစ်သည်ဟု သိရသည်။ **(ဘီဘီစီ)**

တောင်ဆူဒန်ရောက် တရုတ်ရေနံ အလုပ်သမားများ နေရပ်ပြောင်းရွှေ့

ပေကျင်း ဒီဇင်ဘာ ၂၆

တောင်ဆူဒန်နိုင်ငံ ရေနံထုတ်လုပ်ရာဒေသရှိ နေရာအနှံ့အပြား၌ ဆူပူတိုက်ခိုက်မှုများဖြစ်ပေါ်လျက်ရှိသဖြင့် ယင်းဒေသရှိ တရုတ်နိုင်ငံသား ရေနံအလုပ်သမား ၉၇ ဦးတို့သည် ဆူဒန်မြို့တော် ခါတွန်မြို့သို့ ဒီဇင်ဘာ ၂၅ ရက်က ပြောင်းရွှေ့လာကြသည်ဟု သိရသည်။ အဆိုပါရေနံလုပ်သားတို့သည် တောင်ဆူဒန်နိုင်ငံ နိုင်းမြစ်ညာပိုင်း ရေနံနယ်မြေ၌ ရေနံထုတ်လုပ်နေကြသူ တရုတ်နိုင်ငံ အမျိုးသားရေနံကော်ပိုရေးရှင်း (CNPC) မှ လုပ်သားများဖြစ်ကြသည်။

ပထမတစ်သုတ် တရုတ်အလုပ်သမားများကို ဆူဒန်နိုင်ငံတရုတ်သံအမတ်လျိုရှောက်ဂွမ်နှင့် CNPCမှ တာဝန်ရှိသူတစ်ဦးတို့က ခါတွန်လေဆိပ်၌ ခေါ်ယူထားပြီးဖြစ်သည်။ **(ဆင်ဟွာ)**

သင်JAPANနိုင်ငံသို့ အလုပ်/ကျောင်း ဖြင့်သွားလိုလျှင်

ဂျပန်နိုင်ငံရှိ CHIBA KEN, MIYAGI KEN, IBARAKI KEN မြို့များရှိ ရေထွက်ကုန်ထုတ်လုပ်ငန်းစက်ရုံကြီးများတွင် တာဝန်ထမ်းဆောင်ရန် ၂၀၁၄ ခုနှစ် (၅)လပိုင်းအတွက် အမျိုးသား ၁၂ ဦး၊ အမျိုးသမီး ၅ဦး၊ အသက် ၂၀မှ ၃၅ နှစ်ကြား ကျန်းမာသန်စွမ်းသူ အထွေထွေလုပ်သားများ အမြန်အလိုရှိသည်။

* ဂျပန်စကားပြောတတ်သူဦးစားပေးမည်။
* လုပ်ငန်းလိုအပ်ချက်အရ မျက်မှန်တပ်ဆင်သူ၊ ဘယ်သန်မဖြစ်ရ။
* အလုပ်ချိန် - တစ်နေ့ ၈ နာရီ
* လစာ - တစ်နာရီ ယန်း ၇၁၃+အချိန်ပို

ဖောင်ပိတ်ရက် - ၂၀-၁-၂၀၁၄ ရက်

♦ ဂျပန်နိုင်ငံ Shibuyaku Tokyo ရှိ AOYAMA SCHOOL OF JAPANESE တွင် ကျောင်းတက်ရင်း အလုပ်လုပ်လိုသူများ (Japanese N3 Level)

♦ N3 အောင်မြင်ပြီး၊ ရုံးလုပ်ငန်းတွင်ကွန်ပျူတာအသုံးပြုနိုင်သော ကျား/မ နှစ်ဦး (ရွှေလွှင်လွှင်ကုမ္ပဏီ ပြည်တွင်း၌သာခန့်ထားရန်)

♦ N2 အောင်မြင်ပြီး ဂျပန်စာသင်ကြားပေးနိုင်သောအတွေ့အကြုံရှိ ကျား/မ နှစ်ဦး (ရွှေလွှင်လွှင်ကုမ္ပဏီ ပြည်တွင်း၌သာခန့်ထားရန်)

(အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ကုမ္ပဏီရုံးခန်းသို့ လာရောက်စုံစမ်းနိုင်သည်။)

ဆက်သွယ်ရန်- Building (C), Room 101, Delta Plaza, Shwegonedaing Road, Bahan Township, Yangon

ဖုန်း-၀၁-၅၅၇၅၇၀(Fax)၊ ၀၁-၈၆၀၄၉၄၈၊ ၀၉-၈၃၀၃၉၃၉

▲ *ကျောဖုံးမှ*

အများကြီးရှိနေပါတယ်။ ယဉ်ကျေးမှု၊ ဘာသာရေး၊ သမိုင်းကြောင်းတွေ ဆင်တူကြတယ်။ သမ္မတကြီး ဦးသိန်းစိန်နဲ့တွေ့ဆုံစဉ်တုန်းက ဆွေမျိုးလိုရင်းနှီးမှုရှိတယ်လို့ ပြောခဲ့ကြတယ်။ ကျွန်တော့်အနေနဲ့ကတော့ နှစ်နိုင်ငံ အချင်းချင်း ရင်းနှီးတဲ့ဆွေမျိုးထက် နွေးထွေးမှုရှိတဲ့ ညီအစ်ကိုမောင်နှမပုံစံမျိုးဖြစ်စေချင်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ ပြီးခဲ့တဲ့နှစ်နှစ်အတွင်းမှာ ဒီမိုကရေစီတံခါးကို ဖွင့်လှစ်နိုင်ခဲ့ပြီး ပြောင်းလဲမှုများစွာ ကြုံတွေ့ခဲ့ရတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံဟာ မကြာခင်မှာ တခြားဖွံ့ဖြိုးတိုးတက်နေတဲ့ နိုင်ငံလိုပဲဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒီလိုဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်ရာမှာ အစိုးရသာမက ပြည်သူပြည်သားတွေရဲ့ ခိုင်မာတဲ့ယုံကြည်မှုလိုအပ်သလို ထက်သန်ပြင်းပြတဲ့ဆန္ဒလည်းရှိဖို့လိုအပ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံမှာ ဒီမိုကရေစီစနစ်ကျင့်သုံးတာ နှစ်လေးဆယ်လောက်ရှိခဲ့ပြီး အောင်မြင်မှုရရှိခဲ့တာမို့ တောင်ကိုရီးယားအစိုးရကလည်း မြန်မာနိုင်ငံအောင်မြင်ဖို့အားပေးလျက်ရှိပါတယ်။ တောင်ကိုရီးယားနိုင်ငံရဲ့ အရင်အတွေ့အကြုံတွေကို ဝေမျှပေးလို့ရပါတယ်။ ဒီအထဲမှာ အရေးအကြီးဆုံးကတော့ ပြည်သူပြည်သားတွေ အချင်းချင်း လူ့စွမ်းအားအရင်းအမြစ် ဖလှယ်ရေးလုပ်ငန်းဖြစ်ပြီး လုပ်ငန်းလုပ်ဆောင်ရာမှာပိုပြီး အဆင်ပြေစေတယ်လို့ ယူဆရပါတယ်။

မေး။ ။ မြန်မာနိုင်ငံနဲ့ပတ်သက်ပြီး တောင်ကိုရီးယားနိုင်ငံရဲ့စီးပွားရေးနဲ့ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေကို ပြောပြပေးပါ။

ဖြေ။ ။ တောင်ကိုရီးယားနိုင်ငံအနေနဲ့ မြန်မာနိုင်ငံကိုရင်းနှီးမြှုပ်နှံမှုအဆင့်က နိုင်ငံအလိုက်ဆိုရင် နံပါတ်လေးနေရာမှာရှိနေပါတယ်။ တောင်ကိုရီးယားနိုင်ငံကနေ မြန်မာနိုင်ငံမှာ ကုန်သွယ်မှုနဲ့ရင်းနှီးမြှုပ်နှံမှုပမာဏက ၂၀၁၀ ခုနှစ်မှာ အမေရိကန်ဒေါ်လာသိန်း ၆၄၀ လောက်ရှိခဲ့ပါတယ်။ ၂၀၁၂ ခုနှစ်မှာတော့ အမေရိကန်ဒေါ်လာသိန်းပေါင်း ၁၆၈၀ ကျော် ရှိပါတယ်။ နောက်နှစ်ပိုင်းမှာ ဒီထက်ပိုပြီး ခန့်မှန်းထားပါတယ်။ စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ဖို့အစီအစဉ်ရှိပါတယ်။ ဥပမာပြောရရင် ဟံသာဝတီအပြည်ပြည်ဆိုင်ရာ လေဆိပ်လုပ်ငန်းဖြစ်ပြီး ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းလောက်မှာ စတင်ပါမယ်။ သမ္မတကြီးဦးသိန်းစိန် တောင်ကိုရီးယားကို ရောက်စဉ်က အင်ချွန်းလေဆိပ် (Inchenon International Airport) ရဲ့ပုံစံကိုနှစ်သက်တာကြောင့် ဒီပုံစံမျိုးတည်ဆောက်ဖို့ အစီအစဉ်ရှိပါတယ်။ အင်ချွန်းလေဆိပ်က ကမ္ဘာ့အဆင့်အမြင့်ဆုံး လေဆိပ်တစ်ခုဖြစ်ပါတယ်။ ၂၀၀၆ ခုနှစ်ကတည်းက အကောင်းဆုံးလေဆိပ်ပထမဆု ရွေးချယ်ခြင်းခံခဲ့ရတာ အခုဆိုရင် ရှစ်နှစ်ဆက်တိုက်ရှိပြီ။ နောက်တစ်ခု ပြောချင်တာကတော့ တောင်ကိုရီးယားနိုင်ငံရဲ့ ကုမ္ပဏီအကြီးစားတွေကိုခေါ်လာဖို့ အစီအစဉ်ရှိပါတယ်။ ဒါ့ဆို တခြားအသေးစားနဲ့အလတ်စားကုမ္ပဏီတွေလည်း ပါဝင်လာလိမ့်မယ်။ ဒါပေမယ့် သူတို့အတွက် စက်မှုဇုန်ရှိမှ ပိုပြီးအဆင်ပြေမယ်။

မေး။ ။ တောင်ကိုရီးယားနိုင်ငံရဲ့ မြန်မာနိုင်ငံနဲ့တခြားကူညီဆောင်ရွက်မှုရှိပါသလား။

ဖြေ။ ။ ရှိပါတယ်။ သမ္မတကြီးဦးသိန်းစိန် တောင်ကိုရီးယားရောက်ခဲ့စဉ်က ဆယ်မာအူးအွန်ဒုံး Seamaul Undong (SMU)၊ (The new village movement project)ကျေးလက်ဒေသဖွံ့ဖြိုးရေးစီမံကိန်းကို နှစ်သက်သဘောကျခဲ့တဲ့အတွက် ၂၀၁၄ ခုနှစ် နှစ်ဆန်းပိုင်းလောက်မှာ မြန်မာနိုင်ငံလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ပေါင်းပြီး စီမံကိန်းကိုစတင်ပါမယ်။ koica (Korea International Agency) ကလည်း ပါဝင်ပါတယ်။ ၂၀၁၄ ခုနှစ်အတွက် အမေရိကန်ဒေါ်လာ သိန်းနှစ်ထောင်လောက်ကူညီပေးသွားပါမယ်။ မြန်မာနိုင်ငံရဲ့ လယ်ယာလုပ်ငန်းနဲ့ ကျေးလက်တောရွာဖွံ့ဖြိုးရေးကို ဖော်ဆောင်သွားမယ်။ လူအင်အားတွေ၊ သင်တန်းတွေတိုးချဲ့သွားဖို့စီစဉ်ထားပါတယ်။ မီဒီယာလုပ်ငန်းအကြောင်း ကိုရီးယားမှာသင်တန်းပေးဖို့ အစီအစဉ်ရှိသလို မီဒီယာလုပ်ငန်းအတွက် အထောက်အကူပြုပစ္စည်းတွေလည်း ပေးအပ်သွားဖို့ အစီအစဉ်လည်းရှိပါတယ်။ Solar pumping System နဲ့ ရေတင်ပေးတဲ့ အစီအစဉ်လည်းရှိပါတယ်။

မေး။ ။ မြန်မာနိုင်ငံမှာ တာဝန်ထမ်းဆောင်နေတဲ့ခံစားချက်ကို ပြောပြပေးပါ။

ဖြေ။ ။ ကျွန်တော်မြန်မာပြည်ကို စတင်ရောက်လာတဲ့အချိန်က ၂၀၀၃ ခုနှစ်လောက်ကပါ။ ဒီအချိန်မှာ မြန်မာပြည်က ရန်ကုန်မြို့ရဲ့ အဆင်အပြင်၊ လူတွေနေထိုင်ပြုမူတဲ့ပုံစံ၊ အလုပ်ပြီးရင်အိမ်စောစောပြန်တတ်တဲ့ပုံစံတွေကို ကြည့်ပြီး ငယ်ငယ်တုန်းက တောင်ကိုရီးယားမှာတွေ့ခဲ့ရတာနဲ့ ဆင်တူလို့ ငယ်ဘဝကိုတောင် အမှတ်ရခဲ့မိတယ်။ အခုမြန်မာပြည်မှာ သုံးအမတ်ကြီး တာဝန်ထမ်းဆောင်တာ တစ်လကျော်လောက်ရှိခဲ့ပါပြီ။ ဒီအချိန်မှာ မြန်မာပြည်ရဲ့ မြင်ကွင်းက အများကြီးတိုးတက်ပြောင်းလဲလာတာကို တွေ့ရတယ်။ ကားတွေ၊ ခေတ်မီအဆောက်အအုံတွေ၊ယာဉ်ကြောပိတ်မှုတွေနဲ့ နိုင်ငံခြားသားတွေများလာတာကိုတွေ့ရတယ်။ အရင်တစ်ခါရောက်ခါစက မြန်မာတွေကို ညပိုင်းသိပ်မထွက်တာတွေ့လို့တောင်ကိုရီးယားဝန်ထမ်းကိုမေးကြည့်တော့ မြန်မာအများစုက ကိုရီးယားဇာတ်လမ်းတွေကြည့်နေလို့ သိပ်အပြင်မထွက်တာလို့ မိတ်ဆွေက ဖြေတဲ့အတွက် အလွန်အံ့ဩသွားတယ်။ ဒါ့ကြောင့် မြန်မာအနေနဲ့ တောင်ကိုရီးယားနဲ့ ရင်းနှီးတဲ့သူငယ်ချင်း ဖြစ်နေပြီဆိုတာ သိလိုက်ရတယ်။ အနာဂတ်အချိန်မှာ နှစ်နိုင်ငံဆက်ဆံမှုပမာဏလည်း ပိုမိုကောင်းမွန်လာလိမ့်မယ်လို့ ထင်ပါတယ်။ အတွေ့အကြုံတွေမျှဝေပေးနိုင်တယ်လို့ယူဆတဲ့အတွက် ဝမ်းမြောက်မိပါတယ်။

တွေ့ဆုံမေးမြန်း-မြတ်စန္ဒီသင်းဇော်
ဓာတ်ပုံ-မင်းထက်

ပြည်တွင်းသတင်း

လာမည့်ဘဏ္ဍာရေးနှစ် စတော့အိတ်ချိန်းဈေးကွက်အတွက် မြန်မာဘက်မှ ၁၆ ဘီလီယံ ရင်းနှီးမြှုပ်နှံနိုင်မည်

နေပြည်တော် ဒီဇင်ဘာ ၂၆

မြန်မာကျပ်ငွေ ၁၆ ဘီလီယံ စတင်ထည့်ဝင်ကာ ဂျပန်နိုင်ငံမှလည်း အလားတူ ပမာဏထည့်ဝင်၍ မြန်မာ စတော့အိတ်ချိန်း ပေါ်ထွက်လာရေးအတွက်လာမည့် ဘဏ္ဍာရေးနှစ်အစမှ စတင်ဆောင်ရွက်သွားရန် ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်ကြောင်း သိရသည်။

"စတော့အိတ်ချိန်းဖြစ်ပေါ်လာဖို့အတွက် ကျွန်တော်တို့ ၂၀၁၂ ခုနှစ်ကတည်းက စတင်ပြီး ပြင်ဆင်ထားခဲ့ပါတယ်။ ကုမ္ပဏီပေါင်း ၁၀၅ ခုက စတော့အိတ်ချိန်းဈေးကွက်အတွက် ကြိုတင်ပြင်ဆင်နေကြတာပါ။ သို့သော် အမှန်တကယ်လုပ်ကိုင်နိုင်စွမ်းရှိတဲ့ ကုမ္ပဏီတွေဖြစ်လာဖို့နဲ့ အရည်အချင်းပြည့်မီသူတွေကိုသာ ရွေးချယ်သွားဖို့ ယခု ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်မှာအပြီးစိစစ်မယ်။ အခြားတစ်ဖက်မှာလည်း ဂျပန်နိုင်ငံက အဓိက ပူးပေါင်းဖော်ဆောင်မှာဖြစ်လို့ နှစ်ဦးနှစ်ဖက် သဘောတူညီရေးစာချုပ်ကို ၂၀၁၄ ဧပြီမတိုင်ခင် ချုပ်ဆိုသွားမယ်"ဟု ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ မောင်မောင်သိမ်းက ပြောကြားသည်။

ယခုလက်ရှိတွင် ပြည်တွင်းစီးပွားရေးဈေးကွက်အတွင်း စတော့ရှယ်ယာနှင့် ပတ်သက်သည့် ဗဟုသုတများ နည်းပါးလွန်းခြင်းကြောင့် မြန်မာစတော့အိတ်ချိန်း ပေါ်ထွက်လာပါကလည်း အခြားဖွံ့ဖြိုးဆဲနိုင်ငံများကဲ့သို့ စီးပွားရေးကဏ္ဍ အားလုံးပေါ်တွင် အကျိုးသက်ရောက်မှုရှိမည်မဟုတ်ဘဲ အချိန်ကာလတစ်ခုအထိ ပြည်သူများ ကျယ်ပြန့်စွာ သိရှိလာစေရန် ကြိုးပမ်းကြရဦးမည်ဖြစ်သည်။

"၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်ပေါ့၊ ကျန်တဲ့လေးလနဲ့ ကာလအနည်းငယ်အတွင်းမှာ လူထုလူတန်းစားအားလုံး စတော့အိတ်ချိန်းရဲ့ သဘောတရားတွေနဲ့ အကျိုးသက်ရောက်မှုတွေကို ဆွေးနွေးတာ၊ ဟောပြောတာမျိုး ပြုလုပ်ပေးဖို့ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဂျပန်နိုင်ငံက ရှယ်ယာ ၄၉ ရာခိုင်နှုန်းရယူပြီး ပြည်တွင်းက ၅၁ ရာခိုင်နှုန်းနဲ့ စတင်တည်ထောင်သွားမှာ ဖြစ်ပါတယ်။ စုစုပေါင်း မြန်မာကျပ်ငွေ ၃၀ ဘီလီယံမျှော်မှန်းထားပါတယ်။ လာမယ့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အစ ဧပြီလမှာ လုပ်ငန်းစတင်ဆောင်ရွက်နိုင်ဖို့ မျှော်မှန်းထားတယ်"ဟု ဒေါက်တာ မောင်မောင်သိမ်းက ပြောကြားသည်။

ဂျပန်နိုင်ငံအခြေစိုက် Daiwa Securities Group မှ လာမည့် ၂၀၁၅ ခုနှစ် အောက်တိုဘာလအတွင်း မြန်မာ့ စတော့အိတ်ချိန်းဈေးကွက် ဖြစ်ပေါ်လာစေရေး အကူအညီများ ပံ့ပိုးပေးမည်ဟု ၎င်းကုမ္ပဏီပိုင် အင်တာနက်စာမျက်နှာမှ သိရသည်။

မြဝတီဘဏ် ရုံးချုပ်နေရာ၌ စတင် တည်ထောင်မည်ဖြစ်သည့် အဆိုပါ မြန်မာစတော့အိတ်ချိန်း၌ ပါဝင်ဆောင်ရွက်နိုင်ရန်အတွက် ပြည်တွင်း ကုမ္ပဏီပေါင်း ၁၀၅ ခု အထိရှိနေပြီး စိစစ်ရွေးချယ်မှုများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ခင်ရတနာ

ဆိပ်ဖြူမြို့တွင် မီးလောင်မှုဖြစ်ပွား

ဆိပ်ဖြူ ဒီဇင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့ အနောက်ပိုင်းရပ်ကွက်တွင် ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ကြက်သွန်ဂိုဒေါင် မီးစတင်လောင်ကျွမ်းခဲ့ရာ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် တစ်စီးဖြင့် သန္နေမီးသတ် အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၀၊ ရဲတပ်ဖွဲ့ဝင် ၁၀ ဦးနှင့် ပြည်သူတို့မှ ပူးပေါင်းငြိမ်းသတ်ခဲ့ရာ နံနက် ၉ နာရီ ၅၅ မိနစ်တွင်ငြိမ်းသတ်နိုင်ခဲ့သည်။ **(အပေါ်ယာပုံ)**

အရေးယူ

ဖြစ်စဉ်မှာ ကြက်သွန်ဂိုဒေါင်၏ အနီးတွင် အမှိုက်များအား ရှင်းလင်းမီးရှို့ရာမှဂိုဒေါင်၏ အမိုးပေါ်သို့ မီးပွားများကျရောက်၍ လောင်ကျွမ်းခဲ့ပြီး ဦးဝင်းမြင့် ပိုင်သည့် (၅×၄) ပင် အဆောက်အအုံသက်ငယ်မိုး၊ ဝါးကပ်ကာ ဝါးကြမ်းခင်းဂိုဒေါင် အဆောက်အအုံ မီးလောင်ကျွမ်းခဲ့ပြီး ဆိပ်ဖြူမြို့ မြို့မရဲစခန်းမှ မီးပေါ့ဆစွာသုံးစွဲခဲ့သူ ဦးမျိုးသိန်း(ခ)ပုံကြီး(၄၃နှစ်)ကို အမှုဖွင့် အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၇-၁၂-၂၀၁၃(သောကြာနေ့)
နံနက်ပိုင်း

၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၂၀ Hyper Sports
၉း၀၀ ပြည်တွင်းသတင်း
၉း၃၀ **မနောမြေအလှမှတ်တမ်းတစ်စိတ်တစ်ဒေသ**
၉း၅၀ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်

နေ့လယ်ပိုင်း

၁၁း၂၀ ဉာဏ်ရည်ချင်းပြိုင်ဘယ်သူနိုင်
၁၂း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၁၂း၃၀ ဆေးရောင်စုံရုပ်ရှင် **ကျန်စစ်မင်း** လူမင်း၊ မေသန်းနု၊ ပန်းဖြူ ထက်ထက်မိုးဦး၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ-လူမင်း)
၁၆း၄၅ အဝေးသင်တက္ကသိုလ် ရုပ်မြင်သံကြားသင်ခန်းစာပို့ချချက် စတုတ္ထနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
၁၈း၄၀ **ဆီးဂိမ်းပြိုင်ပွဲနှင့်မြန်မာ့အားကစားသမားများ အောင်မြင်မှုနောက်ဝယ်ပြည်သူများအားကျဖွယ်** (အပိုင်း-၃)
၁၉း၁၅ အကယ်ဒမီရင်ခုန်သံ
၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသသတင်း
၂၀း၃၅ ပြည်သူတို့ရဲ့စကားသံများ
၂၀း၅၀ ကြယ်ပွင့်များရဲ့ အထင်ကရဓလေ့များ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

အချိန်၏ လျှင်မြန်သောအဟုန်

ချစ်နိုင်(စိတ်ပညာ)

"သူငယ်ချင်း ကိုအောင်ရေ"

"ဗျာ. . . ကိုဝိုင်း၊ ဘာများပြောချင်တာရှိလို့လဲဗျာ"

"ပြောချင်တာရှိလို့လာတာမဟုတ်ပါဘူး သူငယ်ချင်းရယ်။ ကိုအောင် ပြောတာတွေ နားမထောင်ရတာကြာလို့ ရောက်တတ်ရာရာဆွေးနွေးချင် လို့လာတာပါ သူငယ်ချင်းရ"

"နိုင်ငံရေးကလွဲရင် ကိုဝိုင်းမေးချင်တာမေးပါ။ ပွင့်ပွင့်လင်းလင်းဆွေးနွေး ကြတာပေါ့။ စိတ်ထဲရှိတာပြောလို့ရပါတယ်"

"ဟ. . . နိုင်ငံရေးက ဘာလို့မပြောရမှာလဲ၊ ဘာလို့မမေးရမှာလဲ ကိုအောင်ရဲ့"

"တကယ်တော့ နိုင်ငံရေးဆိုတာ လူကြီးလူငယ်မရွေး၊ လူတန်းစားမရွေး၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ ဒေသမရွေး လူတိုင်းနဲ့ နေ့စဉ်ထိတွေ့ဆောင်ရွက် သမျှဟာ နိုင်ငံရေးနဲ့မကင်းတာတွေချည်းမို့ ဘယ်သူမှခွဲခြင်းချန်ထားလို့ မရ အောင် ဆက်စပ်နေတာမှန်ပါတယ်။ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး၊ အိမ်တိုင်း၊ မိသားစုတိုင်းရဲ့ ကိစ္စတွေမှာပါနေတာပါ။ သို့ပေမယ့် သတင်းစာအချို့နဲ့ ဂျာနယ်အချို့မှာ နိုင်ငံရေးဆိုတာ ပါတီစွဲပုဂ္ဂိုလ်စွဲနဲ့ ရေးမှ ပြောမှ နိုင်ငံရေး၊ လက်ရှိအခြေအနေကို အပြစ်တင်ဝေဖန်မှ နိုင်ငံရေး အူချဉ်ပေါက်နေတဲ့ လူတစ်စုလက်ခုပ်သံရအောင် ဟောပြောနိုင်မှ နိုင်ငံရေးလို့ ထင်မှတ်ရေးသားပြောဆိုနေပုံ ဘဝင်မကျတာကြောင့် ဘာမှ ဝင်ရောက်ဆွေးနွေးငြင်းခုံမနေချင်ပါဘူး သူငယ်ချင်းရာ၊ ဝေးဝေးရှောင် နေချင်တဲ့သဘောပါ"

"သြော်. . ဒီလိုလား၊ ကိုအောင်ပြောတဲ့ စကားနဲ့ပဲ ပြန်ချည်လိုက်ရမယ်။ နိုင်ငံနဲ့ချီပြီးတည်ဆောက်ရေးတွေ၊ လူတွေရဲ့ အမြင်နဲ့သဘောထားတွေ ပြုပြင်ပြောင်းလဲကြဖို့ကိစ္စမျိုးကိုတော့ ပြောလို့ရတယ်မဟုတ်လား"

"ရပါ့ဗျာ။ ဒါလည်း နိုင်ငံရေးနဲ့တော့ မကင်းပါဘူး။ သို့သော် ဟိုလူ ဒီလူ၊ ဟိုအုပ်စု ဒီအုပ်စု၊ ဟိုပါတီ ဒီပါတီအစွဲ အမြင် မျက်မှန်အရောင်မပါ တဲ့ နိုင်ငံနဲ့ ပြည်သူရဲ့ ရှေ့အလားအလာဆိုင်ရာမျိုးဆိုရမှာပေါ့"

"ဟုတ်တယ်လေ၊ ခင်ဗျားရော ကျွန်တော်ရော၊ ဘယ်ပါတီဝင်မှလည်း မဟုတ်ကြဘူး။ တရားဝင်ပါတီအရေအတွက် (၆၀)ကျော်မှာ ပါဝင်နေကြတဲ့ ပါတီဝင်ပြည်သူတွေကိုလည်း ဘယ်သူ့ကိုမှ ရန်သူရယ်၊ မိတ်ဆွေရယ်လို့ မခွဲခြားဘူး။ ဘယ်ပါတီဝင်ဝင် မဝင်ဝင်၊ မြန်မာနိုင်ငံသား မြန်မာနိုင်ငံသူ အားလုံးရဲ့တူညီသောအကျိုးစီးပွားကိစ္စပဲပြောကြဆိုကြရအောင်ပါ၊ ဟုတ်ပ လား။ ကိုအောင်စိတ်ကူးပေါ်ရာပြောဗျာ။ စိတ်ထဲရှိတာ စပြောပါ"

"ကိုဝိုင်းကို ကျွန်တော်မကြာခဏပြောပြခဲ့ဖူးတဲ့ အမေရိကန်စီးပွားရေး ပညာဆိုင်ရာကမ္ဘာကျော်ပါမောက္ခ ပီတာအက်ဖ်ဒရပ်ကား (Peter F. Druclcer)ရဲ့ အဆိုအမိန့်တစ်ခုကို ပြန်ပြောချင်တယ်"

"ပြောဗျာ ကိုအောင်"

"နှစ်ဆယ်ရာစုဟာ လူ့သမိုင်းတစ်လျှောက်မှာ နှစ်ပေါင်းနှစ်ထောင် သုံးထောင်ကြာအောင် လူတွေကြိုးစားတည်ဆောက်ခဲ့တဲ့ လူမှုဘဝအဆင့် မျိုးကို အနှစ်တစ်ရာအတွင်း ကောင်းအောင်ဆိုးအောင်အများကြီးလုပ် ဆောင်နိုင်ခဲ့တယ်တဲ့"

"ဟုတ်ကဲ့"

"လာမယ့်နှစ်ဆယ့်တစ်ရာစုမှာတော့ အချိန်ကာလဆယ်စုနှစ်တစ်ခု လောက်အတွင်းမှာပဲ ပိုမိုကြီးမားပြင်းထန်တဲ့ ပြောင်းလဲမှုတွေဖြစ်ပေါ်ပြောင်းလဲ တာမျိုး ကမ္ဘာပေါ်မှာကြုံတွေ့ကြရပါလိမ့်မယ်လို့ ပြောခဲ့တယ်ဗျာ"

"ဟုတ်ကဲ့ ဆက်ပါဦး"

"အကျယ်မပြောတော့ပါဘူးဗျာ။ ဒေါက်တာ ပီတာအက်ဖ်ဒရပ်ကား ကတော့ အပြောင်းအလဲမြန်မယ့်ခေတ်၊ အပြိုင်အဆိုင်များတဲ့ခေတ်၊ အလုပ် အရမ်းပြင်းထန်တဲ့ခေတ်မှာ "ပညာ"ဟာ ပဓာနကျတဲ့နေရာမှာရှိကြောင်း အထပ်ထပ်အခါခါပြောဆိုခဲ့ ရေးသားခဲ့ပါတယ် ကိုဝိုင်း"

"ဟုတ်ကဲ့ ဆက်ပါဦးဗျာ"

"ပညာဆိုတာထဲမှာမှ စီမံခန့်ခွဲမှုပညာနှင့် တီထွင်ဆန်းသစ်မှုရှိတဲ့ သုတေ သနပညာရပ်ကို အလေးပေးပြီးတိုက်တွန်းခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ ပညာရေးပြုပြင်ပြောင်းလဲမှုတွေမှာ လာမယ့်အနာဂတ် အနှစ် ၂၀-၃၀နဲ့ အနှစ် ၅၀-၆၀ အချိန်အထိ မျှော်မှန်းပြီး မျိုးဆက်သစ်တွေကို အခြေခံပညာ၊ အဆင့်မြင့်ပညာများနှင့် မွေးမြူလေ့ကျင့်ပျိုးထောင်ကြရမယ် ကိုဝိုင်းရာ"

"နားထောင်နေပါတယ် သူငယ်ချင်း၊ ပြောပါဦး"

"အချို့က ဒီကိစ္စဟာ အစိုးရအလုပ်ပဲ၊ ငါတို့နဲ့ဘာဆိုင်လဲဆိုတဲ့ ဖာသိ ဖာသာအတွေးနဲ့ ခပ်ဝေးဝေးလေးမှာ ဘေးထိုင်နေကြတယ် သူငယ်ချင်း။ တကယ်က အစိုးရရဲ့အလုပ်၊ ပညာရေးဝန်ကြီးဌာနရဲ့ အလုပ်ဆိုတာလည်း ဟုတ်ပါတယ်။ ဥပဒေပြုအမတ်တွေရဲ့ အလုပ်လို့ဆိုရင်လည်းမှန်သဗျ။ ပညာရေး ဝန်ထမ်းတွေ၊ ဆရာဆရာမတွေရဲ့ အလုပ်ဆိုလည်း မမှားပါဘူး။ အဲဒါအပြင် ကျောင်းသားမိဘဖြစ်ကြတဲ့ခင်ဗျားတို့ ကျွန်တော်တို့အားလုံးလည်း မလွဲမသွေ ပါဝင်တယ်ခင်ဗျ"

"အသက်ငါးဆယ် အပျိုကြီးလူပျိုကြီးတွေတော့ သားသမီးမရှိတော့ မပါ ဘူးပေါ့နော်"

"နိုင်ငံသားတိုင်းနဲ့ဆိုင်ပါတယ် ဆိုမှဗျာ"

"သြော် . . . သြော်. . . ဟုတ်ပါပြီ"

"ကမ္ဘာနဲ့ချီပြီးပဲပြောချင်ပါသေးဗျာ။ စိတ်ထဲပေါ်လာလို့ပါ"

"ပြောသာပြောပါ။ လူတကာက ကမ္ဘာလုံးကိုပါးစပ်ထဲငုံပြီး ပြောဆိုနေ ကြတာ ရိုးနေပါပြီ"

"နိုင်ငံတကာကမ္ဘာ့ငွေကြေးရန်ပုံငွေအဖွဲ့ရဲ့ အကြီးအကဲမစ္စခရစ်စတင်း လာဂတ်ဒ်ဆိုတဲ့ အမျိုးသမီးက ၂၇-၁၁-၂၀၁၃ ရက်စွဲနဲ့ သတင်းတစ်ပုဒ် ထုတ် ပြန်တယ်ဗျ"

> ❛ စာနယ်ဇင်းလွတ်လပ်ခွင့် အပြည့်အဝလည်းရကြရော လွတ်လပ်စွာရေးသားကြတာများမှာ အနာဂတ်ရှေ့ခရီး အမြော် အမြင်နဲ့လမ်းပြကြတဲ့ အလင်းရောင်ကနည်းပါးပြီး အတိတ်က မကျေနပ်မှု၊ အလိုမကျမှု၊ ပိတ်ဆို့နှိပ်စက်၊ ဖိနှိပ်ခံခဲ့ရမှု စတာတွေကို ပျို့အန်ပြီး ချဉ်ပတ်စော်နံအောင် ပြောသူ ရေးသူတွေလည်းပါကြတာ တွေ့ရတယ်ဗျ ❜

"ဒီဇင်ဘာလထဲမှာ ကိုရီးယား၊ ကမ္ဘောဒီးယားနဲ့ မြန်မာဆီသို့လာမယ်ဆို တဲ့ ခရီးစဉ်မဟုတ်လား"

"သြော်-ကိုဝိုင်းလည်း သတိထားမိခဲ့သားပဲ"

"သတိထားမိတာပေါ့ဗျာ။ သူကရန်ကုန်မှာကျင်းပမယ့် အမျိုးသမီး ညီလာခံလည်း တက်မယ်ဆိုတာကိုး"

"နိုင်ငံတကာငွေကြေးရန်ပုံငွေအဖွဲ့ဆိုတာ ဟိုးလွန်ခဲ့တဲ့အတိတ်ကာလ များမှာ မြန်မာပြည်ကို စာရင်းထဲတောင်မထည့်ခဲ့တဲ့ အဖွဲ့အစည်းနော်။ စောင်းငဲ့ပြီးတောင် လှည့်မကြည့်ဘူးဗျ။ အခုအိုင်အမ်အက်ဖ်အကြီးအကဲ ကိုယ်တိုင် မြန်မာပြည်ကိုလာရောက်မယ်၊ နိုင်ငံ့ခေါင်းဆောင်များနဲ့လည်း တွေ့မယ်ဆိုတော့ စိတ်ဝင်စားစရာကောင်းတာပေါ့ဗျာ။"

"မှန်တာပေါ့"

"မစ္စခရစ်စတင်းလာဂတ်ဒ်က ဝါရှင်တန်မှထုတ်ပြန်တဲ့ ကြေညာချက်ထဲ မှာ ကမ္ဘာ့စီးပွားရေးအင်အားအကြီးဆုံးအဆင့်(၁၃)မှာရှိတဲ့ တောင်ကိုရီးယား နိုင်ငံရယ်၊ စီးပွားရေးဖွံ့ဖြိုးစ ကမ္ဘောဒီးယားနိုင်ငံရယ်၊ **အနာဂတ်မှာ မရေမတွက်နိုင်လောက်အောင် အခွင့်အလမ်းတွေများပြားနေတဲ့ မြန်မာနိုင်ငံရယ်၊** သူ့ဒီအာရှနိုင်ငံ သုံးနိုင်ငံဆီကို မကြာမီသွားရောက်ပါမယ်တဲ့ဗျ"

"မြန်မာဟာ အနာဂတ်မှာအခွင့်အလမ်းတွေ မရေမတွက်နိုင်လောက် အောင်များပြားတဲ့နိုင်ငံရယ်လို့ သူကပြောသတဲ့လားဗျာ"

"ဒါသူပြောခဲ့တဲ့ကြေညာချက်ကို သတင်းစာတွေဂျာနယ်တွေထဲမှာပါတဲ့ အတိုင်းကျွန်တော်ပြန်ပြောတာပါ။ ကမ္ဘာ့စီးပွားရေးဇာတ်ခုံကြီးပေါ်မှာ သူ့လို မြင်ကွင်းကျယ်စင်မြင့်ပေါ်က ပုဂ္ဂိုလ်တစ်ယောက်ပြောတဲ့စကားဟာ အများ ကြီးတော့မမှားနိုင်ပါဘူး။ လွဲချော်ရင်နည်းနည်းပါးပါးပေါ့။ အများအားဖြင့်တော့ တိတိကျကျမှန်ကြတာ များပါတယ်"

"ဟုတ်တာပေါ့ ကိုအောင်ရယ်၊ ကမ္ဘာနဲ့ချီပြီးအလုပ်လုပ်ကြရတဲ့ လူတွေ ပဲ။ ပြင်ပအမြင်က ဘယ်လိုရှိနေသလဲ ကျွန်တော်တို့သိမြင်ရတာပေါ့"

"ကျွန်တော်တို့ မြန်မာနိုင်ငံမြန်မာလူမျိုးဟာ အချို့အချို့က ငါတို့ပညာ ရေးကလည်း သုံးလို့မရအောင်ညံ့ဖျင်းတယ်၊ ငါတို့စီးပွားရေးကလည်း အမွဲ ဆုံးစာရင်းထဲသွင်းရလောက်အောင် ဆိုးရွားတယ်။ ငါတို့လူနေမှုဘဝအဆင့် ကလည်း ငတ်မသေရုံလောက်ပဲနေကြရတယ်။ ဒါကြောင့် မြန်မာဖြစ်ရတာ ဖွတ်ချီးပါပဲကွာ။ ဘာမှဂုဏ်ယူစရာမရှိတဲ့အပြင် နိုင်ငံတကာက အထင်သေး အမြင်သေးငုံ့ကြည့်တာခံနေရတာပါလို့ မှတ်ယူပြီး Morale Down စိတ် ဓာတ်ကျနေကြသူက များများမဟုတ်လား"

"ဂျာနယ်ဆောင်းပါးရှင်တချို့၊ သတင်းစာဆောင်းပါးရှင်တချို့ကလည်း ဟုတ်တာရော မဟုတ်တာရော ကိုယ့်ပေါင်ကိုယ်လှန်ထောင်းလွန်းတာတွေ များပြီး ကျုပ်တို့စာဖတ်ပရိသတ်အားလုံးကို မော်တာဒေါင်းအောင် တမင် မှိုင်းတိုက်သလိုဖြစ်နေတယ် သူငယ်ချင်းရဲ့"

"ကိုဝိုင်းရေ. . . စိတ်ဆိုတာအင်မတန်မှ ထူးခြားဆန်းကြယ်လှတယ်ဗျာ။ စိတ်ဆိုတာ ပါဠိဝေါဟာရ စိတ္တရဲ့ဆိုတာကနေ မြန်မာမှုပြုလာတဲ့ ပါဠိသက် ဝေါဟာရဗျ။ အလွန်တရာဆန်းကြယ်လွန်းတဲ့အတွက် စိတ္တ၊ စိတ္တရဲ့လို့ ခေါ်တယ်။ စိတ်ဆိုတာ မူရင်းအနက်သဘောအရ အလွန်အကျုံးထူးဆန်း အံ့ဩဖွယ်ဖြစ်ပါတယ်။ ဒီမယ် စိတ်ကိုနှိမ့်ရင်နိမ့်နေရောဗျ။ စိတ်ဆိုတာ မြှင့်ထားမှမြင့်မားသတဲ့ဗျာ။ မြန်မာလူမျိုးဟာ ၆၂ နှစ် ကျွန်ဖြစ်ခဲ့ဖူးတယ်ဗျ။ စိတ်ထားတွေနိမ့်ပါးညံ့ဖျင်းခဲ့လို့ပါဗျာ။ သို့သော် မိမိထက်လက်နက်အင်အား၊ စီးပွားအင်အားအဆပေါင်းများစွာသာတဲ့ ဗြိတိသျှကိုလိုနီနဲ့ ဖက်ဆစ်ဂျပန် တို့ကို လုံးဝဥဿုံမြန်မာ့မြေပေါ်မှာ ခြေမချနိုင်အောင် မောင်းထုတ်နိုင်တာ ဟာလည်း မြန်မာတွေရဲ့လွတ်လပ်ရေးရမယ်ဆိုတဲ့ မြင့်မားတဲ့စိတ်ထားကြောင့် ပဲဗျ။ အခြားဘာအင်အားမှမရှိဘူး"

"ဟုတ်ပ့ါဗျာ"

"လွတ်လပ်ရေးရပြီးလို့ ၆၂ နှစ် ကြာတဲ့အခါမှာ ပြည်သူတွေဟာ ဒီမို ကရေစီစနစ်ရဲ့ အုတ်မြစ်ကြီးကို ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေနဲ့အညီ ၂၀၁၀မှာ ရွေးကောက်ပွဲစနစ်နဲ့ ဥပဒေပြုလွှတ်တော်၊ တရား စီရင်ရေး၊ အုပ်ချုပ်ရေးဆိုတဲ့ သီးခြားအဖွဲ့အစည်းတွေ ပေါ်ပေါက်လာ အောင် လုပ်ဆောင်နိုင်ခဲ့ကြပါတယ်ဗျာ။ ဒါဟာ ခိုင်မာကြီးမားတဲ့အုတ်မြစ်ပါ"

"စာနယ်ဇင်းလွတ်လပ်ခွင့် အပြည့်အဝလည်းရကြရော လွတ်လပ်စွာ ရေးသားကြတာများမှာ အနာဂတ်ရှေ့ခရီးအမြော်အမြင်နဲ့လမ်းပြကြတဲ့ အလင်းရောင်က နည်းပါးပြီး အတိတ်က မကျေနပ်မှု၊ အလိုမကျမှု၊ ပိတ်ဆို့ နှိပ်စက်၊ ဖိနှိပ်ခံခဲ့ရမှု စတာတွေကို ပျို့အန်ပြီး ချဉ်ပတ်စော်နံအောင် ပြောသူ ရေးသူတွေလည်းပါကြတာ တွေ့ရတယ်ဗျ"

"အဲသလို သူများကိုအပြစ်မတင်ကြေး သူငယ်ချင်း။ ဘေးမချော်စေနဲ့။ သူ့အကြောင်းနဲ့သူပဲ။ သူတစ်ပါးကို မထိပါးမနှောင့်ယှက်သမျှ ဘယ်သူမဆို လူတိုင်းလွတ်လပ်စွာ ပြောဆိုခွင့်၊ထုတ်ဖော်ခွင့်၊ ရေးသားခွင့်တွေရှိနေပြီ။ လူ တိုင်းဟာဒီမိုကရေစီနဲ့လူ့အခွင့်အရေးကိုတန်းတူညီမျှခံစားခွင့်ရှိကြတယ်။ နိုင်ငံရဲ့ဂုဏ်သိက္ခာ၊ လူမျိုးရဲ့ဂုဏ်သိက္ခာမထိခိုက်ရင်ပြောချင်တာပြော၊ သူရေး ချင်တာရေး ရပါတယ်။ အခွင့်အရေးနဲ့အတူတူမှာ တာဝန်ရှိတယ် တာဝန်သိ ရမယ်ဆိုတာ ခံယူလာကြရင် ဘာပြဿနာမှမရှိပါဘူး"

"အပြစ်ပြောသလိုဖြစ်ခဲ့ရင် ဆောရီးပါဗျာ"

"မှားရင်ဝန်ခံ၊ အမြန်ပြုပြင်တာက အကောင်းဆုံးနည်းလမ်းပါပဲ။ ကျွန်တော်အဓိကပြောချင်တာက မြန်မာပြည်ရဲ့အနာဂတ်ဟာ လာမယ့် ဆယ်စု နှစ် ကာလမှာ ဘယ်ပုဂ္ဂိုလ်ပဲတက်တက်၊ ဘယ်ပါတီပဲအာဏာရရ၊ ပြီးခဲ့တဲ့ ဆယ်နှစ်နဲ့ဘယ်လိုမှ မယှဉ်သာအောင် (အံ့ဩရလောက်အောင်) အကြီး အကျယ် ပြောင်းလဲမယ်ဆိုတဲ့အချက်ပါပဲ"

"အနာဂတ်ဟောကိန်းပါလား ပထမံဘိုးဘိုးအောင်ရယ်"

"ထောင်တန်သောစကား ရယ်ရင်ပေါ့တယ်ဆိုတာမျိုး ဖြစ်သွားပါဦးမယ် ကိုဝိုင်းရယ်"

"ဆောရီး၊ ဆောရီး၊ တောင်းပန်ပါတယ်သူငယ်ချင်းရာ ဆက်ပြောပါ"

"ငါးနှစ် ဆယ်နှစ်အတွင်းမှာ ဈေးတွေ အများကြီး ကျလာလိမ့်မယ်။ မြေဈေး၊ အိမ်ခြံမြေဈေးတွေက အဆများစွာတက်သွားလိမ့်မယ်၊ ရေခ၊ မီးခ တွေလည်း ကျဖွယ်ရာမမြင်ဘူး၊ လူတွေရဲ့ဝင်ငွေလည်း သိသိသာသာကြီး တိုးတက်လာကြလိမ့်မယ်"

"ဟုတ်လား၊ ပြောပါဦးဗျာ"

"လာမယ့်ဆယ်နှစ်အတွင်းလောက်မှာ မြန်မာပြည်မှာရှိသမျှ မြစ်ချောင်း အားလုံးမှာ တံတားတွေထိုးတာ တွေ့ကြရလိမ့်မယ်၊ လမ်းတွေကျယ်၊ လမ်းတွေ ကောင်း၊ ယခု ထိုင်း၊ မလေးရှား၊ စင်ကာပူက ကားလမ်းတွေမျိုး မကြာခင် ဖြစ်လာပါလိမ့်မယ်"

စာမျက်နှာ ၁၁ သို့

အမြို့မြို့အနယ်နယ်
ပျံ့သည့်သတင်းစာ
မြန်မာ့အလင်းတွင်
ကြော်ငြာပါ

ပဲခူးတွင် ပညာဒါနသင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

ပဲခူး ဒီဇင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ရွှေမော်ဓောဘုရားလမ်းရှိ ဖြိုးပညာ ဒါနခန်းမ၌ ဒီဇင်ဘာ ၂၄ ရက် ညနေ ၅ နာရီက ဖြိုးပညာရေးကူညီမှု အဖွဲ့မှ စီစဉ်သော ရက်ပေါင်း ၇၀ ပညာဒါနသင်တန်းဖွင့်ပွဲ အခမ်း အနားကို အစီအစဉ်(၆)ရပ်ဖြင့် ကျင်းပရာ ပညာဒါနသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်၊ ဖြိုးပညာရေးကူညီမှု အဖွဲ့နာယကကြီး၊ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ပဲခူးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်ဦး၊ ပဲခူးတိုင်းဒေသ ကြီး စည်ပင်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဦးရဲမြင့်ထွန်း၊ ပဲခူးတိုင်း ဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်တင့်မော်၊ တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများနှင့် ကျောင်းသား မိဘများ စုစုပေါင်း ၂၀၀ခန့် တက် ရောက်ခဲ့ကြသည်။

ပြောကြား

ဆက်လက်၍ ဖြိုးပညာရေး ကူညီမှုအဖွဲ့သို့ စေတနာရှင်များမှ အလှူငွေ ပေးအပ်လှူဒါန်းခဲ့ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအား အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

သန့်စင်

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲ မော်လမြိုင်တက္ကသိုလ်၌ ကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၂၆

နိုင်ငံတော်၏ပညာရေးအဆင့်မြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ဖို့ ကြိုးစားအားထုတ်ရာတွင် ပြည်သူလူထု၊ လူထုလူတန်းစား အလွှာအသီးသီးမှ အကြံဉာဏ်ကောင်းများရယူဖို့ ပညာရေးဆိုင်ရာ ဆွေးနွေးပွဲ ပြုလုပ်ကျင်းပခြင်းအပေါ် များစွာဂုဏ်ယူပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးမှုရဲ့ အဓိကမဏ္ဍိုင်ဖြစ်သည့် ပညာရေးကို နိုင်ငံတကာ စံမီပညာရေးဖြစ်အောင် စဉ်ဆက်မပြတ် ဆောင်ရွက်နေဖို့လိုကြောင်း၊ ပညာရေးသည်လက်ရှိ နိုင်ငံသားအားလုံး၏ ပစ္စက္ခနှင့် အနာဂတ်အရေးဖြစ်သည့်အတွက် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် မူဝါဒများ၊ လုပ်ငန်းစဉ်များအပါအဝင် ပညာရေးဥပဒေရေးဆွဲရာ၌ အထောက်အကူဖြစ်ဖို့ ပညာရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများမှတစ်ဆင့် ပညာရေးဆိုင်ရာ တတ်သိနားလည်သည့် စိတ်ပါဝင်စားသူများက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ်များဖြင့် အပြုသဘောဆောင်ပြီး အကြံဉာဏ်များ ပေးကြဖို့ တိုက်တွန်းလိုပါကြောင်း၊ ဒီဇင်ဘာ ၂၆ ရက်တွင် မော်လမြိုင်တက္ကသိုလ်၌ ပြုလုပ်ကျင်းပသည့် လက်တွေ့ကျသော ပညာရေးမြှင့်တင်မှုလုပ်ငန်းများ အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့် **(အပေါ်ပုံ)** က ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မွန်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ဌာနဆိုင်ရာများနှင့်ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြပြီး ပညာရေးမူဝါဒများ မူကြမ်းအားချပြဆွေးနွေးခြင်း၊ အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်ဥပဒေများပြုစုရေးတွင် အကြံပြုလိုသည့် အချက်များ၊ တက္ကသိုလ်များ စုစည်းရေး၊ တိုင်းရင်းသားဘာသာစကားဖြင့် မူလတန်းအောင်အဆင့်တွင် သင်ကြားသင်ယူမှု စသည့်ခေါင်းစဉ်များကို ဆွေးနွေးခဲ့ကြသည်။

ဆောင်ရွက်ပေး

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်တက္ကသိုလ် ကျောင်းသား ကျောင်းသူဆောင်များကို လှည့်လည်ကြည့်ရှုခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပိုးချည်ဖြင့် ပန်းခြောက်အလှပြုလုပ်နည်း သင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၂၆

မိသားစုများ၏ ဝင်ငွေတိုးရန် ရည်ရွယ်လျက် ပိုးချည်ဖြင့်ပန်းခြောက် အလှပြုလုပ်နည်း သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အသင်းရုံး ခန်းမကြီး၌ ကျင်းပရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာ မွန်မွန်အောင်က အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေး အသင်းမှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ နေပြည်တော်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့မှ ဥက္ကဋ္ဌနှင့်အတွင်းရေးမှူး၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်များမှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်မြို့နယ်များမှ သင်တန်းသူများ စုစုပေါင်း ၅၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

ဓာတ်ကြိုးပေါ်သို့ သံချည်ကွေးတိုင်လဲကျရာမှ လူသုံးဦး ဓာတ်လိုက်သေဆုံး

ရေစကြို ဒီဇင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မအူအောက်ဆိပ်ကျေးရွာအုပ်စု မအူနန်းတော်ရပ်တွင် RC တိုင်လောင်းရန် သံချည်ကွေးတိုင်ထောင်နေစဉ် အဆိုပါ တိုင်မှာ သွယ်တန်းထားသော ဓာတ်ကြိုးပေါ်သို့လဲကျပြီး သံချည်ကွေးတိုင်ထောင်နေသူ လေးဦးအနက် သုံးဦးမှာ ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီခွဲခန့်က လူသုံးဦး ဓာတ်လိုက်သေဆုံးကြောင်း သတင်းအရ မအူရဲစခန်းမှ ဒုရဲအုပ်ထွန်းထွန်းဦးနှင့်အဖွဲ့ သွားရောက်ကြည့်ရှုစစ်ဆေးရာ နန်းတော်ရပ်နေ ဦးထွန်းဝေ၏ အိမ်ဝိုင်းအတွင်း တိုက်ဆောက်ရန် လိုင်းကျင်းများတူးထားပြီး RC တိုင်လောင်းရန် လူလေးဦးက သံချည်ကွေးတိုင်ထောင်နေစဉ် သံချည်ကွေးတိုင်မှာ ဓာတ်ကြိုးပေါ်သို့လဲကျခဲ့ပြီး ဓာတ်လိုက်ရာ အိမ်ရှင် ဦးထွန်းဝေ (၆၀ နှစ်) မအူနန်းတော်ရပ်၊ ဦးထွန်းမြင့် (၄၃ နှစ်) မအူအောက်ဆိပ် (လုပ်သား)၊ ကိုကိုအောင် (၁၈နှစ်) မအူရွာသစ် (ပန်းရန်)တို့ သုံးဦးမှာ နေရာတွင် သေဆုံးနေပြီး ကိုအောင်ကို(၂၅နှစ်)မအူဈေးဟောင်းရပ် (ပန်းရန်) မှာ ဒဏ်ရာမတွေ့ရှိရဘဲ ဆေးရုံတင်ထားကြောင်းနှင့် အဆိုပါအမှုနှင့်ပတ်သက်၍ ရေစကြိုမြို့မရဲစခန်းက သေမှုသေခင်းအမှတ်(၈/၂၀၁၃)ဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီစည်းဝေး

နေပြည်တော် ဒီဇင်ဘာ ၂၆

(၆၆)ကြိမ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ၂၀၁၄ ခုနှစ် ဒုတိယအကြိမ် ပြည်ထောင်စုအစိုးရအဖွဲ့ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော် မြို့တော်ဂေါက်ကွင်း (Club House) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက် **(အပေါ်ယာပုံ)**က ဒုတိယအကြိမ် ပြည်ထောင်စု အစိုးရအဖွဲ့ဖလား

ဂေါက်သီးရိုက်ပြိုင်ပွဲကို ပထမအကြိမ် ပြိုင်ပွဲအတွေ့အကြုံများ ရရှိထားပြီးဖြစ်သဖြင့် ယခု ဒုတိယအကြိမ်တွင်လည်း အောင်မြင်စွာကျင်းပနိုင်မည်ဟု မျှော်လင့်မိပါကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်ရမည့် ကဏ္ဍအသီးသီးကို အောင်မြင်အောင် ဆောင်ရွက်ကြစေလိုပြီး လိုအပ်သည့် အသုံးစရိတ်များအား စနစ်တကျ တွက်ချက်ပြီး ဦးစီးကော်မတီသို့ အချိန်မီတင်ပြ တောင်းခံသွားကြရန် လိုအပ်ကြောင်း၊ ပြိုင်ပွဲ လက်ခံကျင်းပမည့် မြို့တော်ဂေါက်ကွင်းနှင့်ရေပြာဂေါက်ကွင်း တာဝန်ခံများအနေဖြင့်လည်း အားကစားကွင်း ပြင်ဆင်ထားရှိရန်နှင့် တည်းခိုနေထိုင်ရေးအတွက်လည်း စီစဉ်ထားရှိရန် လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် ဆပ်ကော်မတီအလိုက် တာဝန်ရှိသူများက ပြိုင်ပွဲကျင်းပရေး အတွက် စီစဉ်ထားရှိမှုကို ရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးရှိ ပြည်သူ့ကိုယ်စားလှယ်များနှင့် တွေ့ဆုံ

ရန်ကုန် ဒီဇင်ဘာ ၂၆

ပြည်ထောင်စုအဆင့် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့်ဝန်ဆောင်မှုရေးရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီမှ ရန်ကုန်တိုင်းဒေသကြီးရှိ ဒေသခံပြည်သူများ၊ ရပ်မိရပ်ဖများ၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က အစိုးရသည် ပြည်သူ့အစိုးရဖြစ်သည်နှင့်အညီ ပြည်သူ၏ အသံကိုနားထောင်ကာ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းရန်အတွက် Delivery Unit အဖွဲ့များဖွဲ့စည်းပေးခြင်းဖြင့် ဖြေရှင်းပေးလျက်ရှိရာ Delivery Unit အရ မိမိတို့အဖွဲ့သည်လည်း ဖြေရှင်းပေးရန် လာရောက်ခြင်းဖြစ်ကြောင်း၊ သို့ပါ၍ ကာယကံရှင်များအနေဖြင့် မိမိတို့၏ နစ်နာချက်၊ အကြံပြုချက်များကို ပွင့်လင်းစွာ ပြောဆိုနိုင်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်သူ့ကိုယ်စားလှယ်များက လိုအပ်ချက်များနှင့် သိလိုသည်များကို တင်ပြမေးမြန်းကြရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ **နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ** တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

ရှမ်းပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် လင်းခေးခရိုင်အတွင်းရှိ ရဲစခန်း၊ အချုပ်ခန်းများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၆

ရှမ်းပြည်နယ် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်သည် လင်းခေးခရိုင် တရားသူကြီး ဦးထွန်းထွန်းအောင်၊ လွိုင်လင်ခရိုင် တရားသူကြီး ဒေါ်စိုးညဏ်နှင့်အတူ ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၀ နာရီက လင်းခေးခရိုင်အတွင်းရှိ လင်းခေးရဲစခန်း အချုပ်ခန်းနှင့် မိုးနဲရဲစခန်း အချုပ်ခန်းတို့အား ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် လင်းခေးရဲစခန်းမှ တာဝန်ရှိသူတစ်ဦးက အချုပ်ခန်းအတွင်း ပြစ်ဒဏ်ကျခံနေရသူများ၏ နေထိုင်ရေး၊ ကျန်းမာရေး၊ စားသောက်ရေးတို့အတွက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြပြီး ရှမ်းပြည်နယ် တရားသူကြီးချုပ်နှင့် အဖွဲ့က ရဲစခန်းအချုပ်ခန်းအတွင်းရှိ ပြစ်ဒဏ်ကျခံနေရသူများနှင့် အချုပ်သားများ ဥပဒေနှင့်အညီ ရသင့်ရထိုက်သော အခွင့်အရေးများ ခံစားရမှု ရှိ/မရှိ၊ ဥပဒေနှင့်မညီဘဲ မတရားဆောင်ရွက်နေမှုများ ရှိ/မရှိ အမှုများကို စစ်ဆေးရာတွင် ကြန့်ကြာမှုရှိ/မရှိ စသည်တို့ကို အချုပ်သားများနှင့် တွေ့ဆုံမေးမြန်းပြီး အဆောင်များအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

(ခရိုင် ပြန်/ဆက်)

ဓာတ်တိုင်ကျိုးပြတ်ပြီး လျှပ်စစ်မီးများပြတ်တောက်

သပိတ်ကျင်း ဒီဇင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့တွင် ခရီးသည်တင်ကားတစ်စီးက ဓာတ်တိုင်ကို ဝင်တိုက်မိသဖြင့် ဓာတ်တိုင်ကျိုးပြီး လျှပ်စစ်မီးများ ပြတ်တောက်သွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၆ ရက် နံနက် ၄ နာရီ ၁၀ မိနစ်က ရွှေခြသေ့်မော်တော်ယာဉ်အသင်းမှ ဦးမြင့်နိုင် မောင်းနှင်သော ၈ခ/--- ခရီးသည်တင်ကားသည် သပိတ်ကျင်းမှ မန္တလေးသို့ ထွက်ခွာရန် ဂိတ်မှ အလာ အရှိန်မထိန်းနိုင်ဘဲ သပိတ်ကျင်းမြို့ ကဘဲ့ရပ်ကွက် လမ်းဘေးဓာတ်တိုင်ကို ဝင်တိုက်မိရာ ဓာတ်တိုင်မှာ ခါးလယ်မှကျိုးပြတ်သွားပြီး**(ယာပုံ)** လျှပ်စစ်မီးများ ယာယီပြတ်တောက်သွားကာ လျှပ်စစ်မီးအမြန်ပြန်လည်ရရှိရေးအတွက် လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။ အဆိုပါဖြစ်စဉ်ဖြစ်ချိန်တွင် လျှပ်စစ်မီးများပြတ်တောက်လျက်ရှိခြင်းကြောင့် ယာဉ်ပေါ်ပါရှိသူခရီးသည်များ ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။ **စိုးနိုင်ဝင်း**

ပြည်တွင်းသတင်း

တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေ၊ နည်းဥပဒေ ရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၆

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေရေးဆွဲနိုင်ရေး ဦးဆောင်အဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စုဝေးဆောင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဦးဆောင်အဖွဲ့ ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်၊ ဒုတိယအဖွဲ့ ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့်ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ကော်မတီ ဥက္ကဋ္ဌ ဦးစိုးနိုင်၊ ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဦးရဲထွန်း၊ ဦးသန်းထွန်း၊ ဦးဇင်ယော်၊ ဦးသိန်းအောင်၊ ဒေါက်တာ မောင်မောင်သိမ်းနှင့် ဦးချန်မောင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အသင်းအဖွဲ့များ၊ သတင်းမီဒီယာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က အဖွင့်အမှာစကား ပြောကြားရာတွင် တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး ဥပဒေကို ၂၀၁၃ ခုနှစ် အောက်တိုဘာ ၈ ရက်တွင် နိုင်ငံနှင့် အဝန်းအတည်ပြု ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကအခြေခံသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် လူဦးရေသန်းပေါင်း ၆၀ အနက် ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ထိထိရောက်ရောက် အောင်မြင်စွာ မြှင့်တင် ဖော်ဆောင်ပေးနိုင်ရန်မှာ နိုင်ငံအတွက် အလွန်အရေးကြီးသော လက်ငင်းလိုအပ်ချက်အစစ်အမှန်ဖြစ်ပါကြောင်း၊ လုပ်ကွက်ငယ် အခြေခံတောင်သူလယ်သမားများ၏ ဝင်ငွေနှင့်အကျိုးစီးပွားကို ထိရောက်စွာ မြှင့်တင်ပေးနိုင်ရေးအတွက် စိုက်ပျိုး/မွေးမြူသည့်အဆင့်မှ ခိုင်မာသည့်ဈေးနှုန်းဖြင့် ဈေးကွက် တင်ပို့ရောင်းချသည့်အဆင့်တိုင်အောင် သမဝါယမအသင်းအဖွဲ့များ၏ ခိုင်မာစွာ ဖွဲ့စည်းအကောင်အထည်ဖော်နိုင်ရေးအခန်းကဏ္ဍကို အထူးအလေးထား၍ နည်းဥပဒေရေးဆွဲရာတွင် ခိုင်ခိုင်မာမာ ထည့်သွင်းရေးဆွဲပေးရန် လိုအပ်မည်ဖြစ်ကြောင်း၊ နည်းဥပဒေရေးဆွဲရာတွင် ၂၀၀၈ ခုနှစ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ မူလပြဋ္ဌာန်းပြီးဖြစ်သော လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေများ၊ တိုက်ရိုက် ဆက်စပ်ဆက်နွှယ်နေကြသည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ရေးဆွဲပြဋ္ဌာန်းခဲ့ပြီးဖြစ်သော ဥပဒေ၊ နည်းဥပဒေများနှင့် ကွဲလွဲမှု၊ ဆန့်ကျင်မှုမရှိစေရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ကျွမ်းကျင်ဥပဒေပညာရှင်များအနေဖြင့်အထူးအလေးထား စိစစ်ရေးဆွဲညှိနှိုင်းကြရမည်ဖြစ်ကြောင်း၊ ခိုင်မာသည့် နည်းဥပဒေတစ်ရပ်အား ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး နည်းဥပဒေ ရေးဆွဲရေးလုပ်ငန်းကော်မတီတစ်ရပ်ကို ယနေ့အစည်းအဝေးမှ လျာထားဖွဲ့စည်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင်အကြံဉာဏ်ကောင်းများအပေါ် နိုင်ငံနှင့်အဝန်း လယ်ယာကဏ္ဍနှင့်မွေးမြူရေးကဏ္ဍများတွင် အခြေခံ စိုက်ပျိုး/ မွေးမြူထုတ်လုပ်နေကြသည့် တောင်သူလယ်သမားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်ရေးအတွက် ခိုင်မာ [illegible]

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ၊ နည်းဥပဒေရေးဆွဲနိုင်ရေး ဦးဆောင်အဖွဲ့၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီဆိုင်ရာလုပ်ထုံးလုပ်နည်းများနှင့် ပတ်သက်၍ စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီ၏ ရှင်းလင်းတင်ပြချက်

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည် အကဲဖြတ်အဖွဲ့သို့ပေးပို့လာသည့် အကြံပြုချက်များအနက် စီမံကိန်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆပ်ကော်မတီနှင့် သက်ဆိုင်သည့်အကြံပြုချက်တစ်ရပ်ဖြစ်သည့် ပုဂ္ဂလိကပိုင်စီးပွားရေးလုပ်ငန်းများကို အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီအဖြစ် ပြောင်းလဲအကောင်အထည်ဖော်၍ ကျေးလက်ပြည်သူဘဝမြင့်မားရေးကို ဆောင်ရွက်ခြင်းနည်းလမ်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့ချရေးအတွက် ကောင်းမွန်သည့် နည်းလမ်းတစ်ရပ်ဖြစ်ကြောင်း အကြံပြုချက်နှင့်ပတ်သက်၍ အများပြည်သူသိရှိစေရေးအတွက် အများပိုင်ကုမ္ပဏီဆိုင်ရာလုပ်ထုံးလုပ်နည်းများကို ဖော်ပြအပ်ပါသည်။

အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် ပုဂ္ဂလိကပိုင်ကုမ္ပဏီကဲ့သို့ မဟုတ်ဘဲ အများအကျိုးစီးပွားကိုရှေးရှု၍ ပူးပေါင်းဆောင်ရွက်ရသော လုပ်ငန်းဖြစ်ပါသောကြောင့် လုပ်ကိုင်ဆောင်ရွက်သင့်သော လုပ်ငန်းတစ်ခုဖြစ်ပါသည်။ ယခုအခါ တောင်သူလယ်သမားများအတွက် လုပ်ပိုင်ခွင့်လက်မှတ်များ ထုတ်ပေးလျက်ရှိပြီး မြို့နယ်အဆင့် ကုန်သည်/စက်မှုလုပ်ငန်းရှင်များကိုလည်း ဖွဲ့စည်းထားပြီးဖြစ်ပါသောကြောင့် တောင်သူလယ်သမားများကိုအခြေခံ၍ စီးပွားရေးလုပ်ငန်းများနှင့်ဆက်စပ်နေသည့် အသေးစားနှင့် အလတ်စားစက်မှုလုပ်ငန်းများစုစည်းကာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင် အကောင်အထည်ဖော်နိုင်ပါက ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ကျေးလက်နေပြည်သူတို့၏ဘဝများ တစ်ဦးချင်းမျှတစွာခံစားနိုင်ပြီး အချိန်နှင့်တစ်ပြေးညီ တိုးတက်သောရာခိုင်နှုန်းတစ်ခုကို ဖော်ပြနိုင်မည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနအနေဖြင့်လည်း အများနှင့်သက်ဆိုင်သောကုမ္ပဏီ ဖွဲ့စည်းတည်ထောင်နိုင်ရေးအတွက် ဝန်ထမ်းများမှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေကြောင်း တင်ပြအပ်ပါသည်။

အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရာတွင်-

(၁) ကျေးလက်ဒေသရှိပြည်သူများနှင့် စုပေါင်း၍သော်လည်းကောင်း၊ လက်ရှိဆောင်ရွက်လုပ်ကိုင်လျက်ရှိသော ပုဂ္ဂလိကကုမ္ပဏီများမှ ဒါရိုက်တာအဖွဲ့ဝင်များ စုပေါင်း၍သော်လည်းကောင်း၊ အများနှင့်သက်ဆိုင်သော ကုမ္ပဏီအသစ်ဖွဲ့စည်းလုပ်ကိုင်နိုင်ပါသည်။

(၂) လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော ပုဂ္ဂလိကကုမ္ပဏီမှ အများနှင့်သက်ဆိုင်သော ကုမ္ပဏီသို့လည်းကောင်း ပြောင်းလဲဖွဲ့စည်းလုပ်ကိုင် ဆောင်ရွက်နိုင်ပါသည်။

(၃) အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရာတွင် ဥပဒေအရ အစုရှင်ဒါရိုက်တာ အနည်းဆုံးခုနစ်ဦး ပါဝင်ရမည်ဖြစ်ပြီး အများဆုံး အကန့်အသတ်မရှိပါ။

(၄) အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ရာတွင် သတ်မှတ်မတည်ငွေရင်းမှာ အနည်းဆုံးကျပ်သန်း ၅၀၀ သတ်မှတ်ထားပါသည်။

(၅) အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခွင့်ရပါက မှတ်ပုံတင်ကြေးကျပ် ၁၀၀၀၀၀၀ ပေးသွင်းရမည်ဖြစ်ပါကြောင်းနှင့်အခွန်တော်တံဆိပ်ခေါင်း ကျပ် ၂၀၀၀၀၀ ကို ထမ်းဆောင်ရမည်ဖြစ်ပြီး သက်တမ်း(၅)နှစ်ရှိသော ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ရရှိမည်ဖြစ်ပါသည်။

(၆) ထူးခြားမှုအနေဖြင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ရရှိသည်နှင့် လုပ်ငန်းစတင်ဆောင်ရွက်၍ မရသေးပါ။

(၇) ကုမ္ပဏီမှတ်ပုံတင်လက်မှတ် ရရှိပြီးသည်နှင့် လုပ်ငန်းစတင်ဆောင်ရွက်ခွင့်လက်မှတ် (Certificate For Commencement Of Business) ရရှိရေး လျှောက်ထားရမည်ဖြစ်ပြီး ၎င်းရရှိပြီးမှသာ ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်း၊ သင်းဖွဲ့မှတ်တမ်းပါ လုပ်ငန်းရည်ရွယ်ချက်များကို စတင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

(၈) အများနှင့်သက်ဆိုင်သော ကုမ္ပဏီသည် ပြည်သူများသို့ ရှယ်ယာများ ခွဲဝေရောင်းချနိုင်ပြီး ရောင်းချရရှိသည့် အများပိုင်ငွေများကိုလည်းဘဏ်တွင် စနစ်တကျအပ်နှံထားရန်လိုအပ်ပါကြောင်းနှင့် စာရင်းစစ်များကိုလည်း စနစ်တကျခန့်အပ်ထားရန်လိုအပ်ပါသည်။

(၉) အများနှင့်သက်ဆိုင်သောကုမ္ပဏီသည် နောင်ဖြစ်ပေါ်လာမည့် စတော့ရှယ်ယာဈေးကွက်တွင် ကုမ္ပဏီ၏ ရှယ်ယာများအား ရောင်းနိုင်/ဝယ်နိုင်မည့် ကုမ္ပဏီများအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

စီမံကိန်းနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာဆပ်ကော်မတီ

လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်

ပုသိမ် ဒီဇင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် အမှတ်(၁)အခြေခံပညာ ဦးစီးဌာန၏ ၂၀၁၄ ခုနှစ် (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၉ နာရီက အထက(၁)ရတနာတန်ဆောင်ခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့မှသည် ဒီမိုကရေစီနိုင်ငံတော်သစ်ဆီသို့" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် "ထိန်းသိမ်းစို့လေ လွတ်လပ်ရေးအမွေ" ခေါင်းစဉ်ဖြင့်လည်းကောင်း ကျောင်းသား၊ ကျောင်းသူ ၆၉ ဦးက ပါဝင်ယှဉ်ပြိုင်ကြသည်။ ကဗျာပြိုင်ပွဲကို မွန်းတည့် ၁၂ နာရီတွင် ကျင်းပခဲ့ပြီး ကျောင်းသား၊ ကျောင်းသူ ၁၃ ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

လွတ်လပ်ရေးနေ့အခမ်းအနား သရက်မြို့၌ကျင်းပမည်

သရက် ဒီဇင်ဘာ ၂၆

၂၀၁၄ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို သရက်မြို့ မြို့မအားကစားကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်နှင့် အလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ မိနစ် ၂၀ တွင် မြို့မအားကစားကွင်း၌ ကျင်းပမည်ဖြစ်ပြီး နံနက် ၇ နာရီတွင် အဆိုပါအားကစားကွင်း၌ လွတ်လပ်ရေးနေ့သဝဏ်လွှာဖတ်ပွဲအခမ်းအနားကို ကျင်းပမည်ဖြစ်သည်။ ဇန်နဝါရီလဆန်းပိုင်းတွင် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲများကို မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ဆုရရှိသူများကို ဇန်နဝါရီ ၄ ရက် လွတ်လပ်ရေးနေ့တွင် ဆုများချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြည်တွင်းသတင်း

ဘီးလင်းနှင့် သထုံမြို့နယ်တို့၌ Caustic Soda and Polyvinyl Chloride (PVC) ထုတ်လုပ်မည့် စက်ရုံတည်ဆောက်မည်

နေပြည်တော် ဒီဇင်ဘာ ၂၆

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်သည် ဒီဇင်ဘာ ၂၅ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ဘီးလင်းမြို့သို့ သွားရောက်ပြီး နောင်ရိုးကြံစိုက်ခင်း မြေနေရာနှင့် သထုံမြို့ဝန်ကြီးဌာနပိုင် မရမ်းတောင်ရော်ဘာခြံအတွင်း စက်ရုံဆောက်လုပ်နိုင်မည့်နေရာတို့ကို ကြည့်ရှုကာ သထုံခရိုင်၊ မြို့နယ်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများတွေ့ဆုံ၍ စက်မှုဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ တာဝန်ပေးချက်အရ ကော့စတစ်ဆိုဒါ စက်ရုံတစ်ရုံ တည်ဆောက်နိုင်ရေး မြေနေရာကို လာရောက် ကြည့်ရှုခြင်းဖြစ်ရာ ဝန်ကြီးဌာနပိုင် မရမ်းတောင်ရော်ဘာခြံအတွင်း စက်ရုံဆောက်လုပ်နိုင်သော မြေနေရာအလုံအလောက်ရှိကြောင်း၊ စက်ရုံအတွက် လိုအပ်သည့် ကုန်ကြမ်းများဖြစ်သည့် ထုံးကျောက်နှင့် ဒေသထွက်ဆားများကို အဓိကအသုံးပြုသွားမှာ ဖြစ်သည့်အတွက် ဈေးကွက် အခက်အခဲဖြစ်နေသော ဆားတောင်သူများ ဘဝကိုလည်း ကူညီဖြေရှင်းပေးရာရောက်ကြောင်း၊ မိမိတို့ ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အတွက် အမှန်တကယ်လိုအပ်ပြီး ပြည်ပသွင်းကုန် အစားထိုး ထုတ်လုပ်နိုင်ရေးသာမက ပြည်ပသို့ ပါတင်ပို့ရောင်းချနိုင်ရေး ရည်မှန်းချက်ထားပြီး နိုင်ငံတော်အတွက် မရှိမဖြစ်၊ မလုပ်မဖြစ် စီမံကိန်းတစ်ခုကို နိုင်ငံတကာ စံချိန်စံညွှန်းနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကော့စတစ်ဆိုဒါ ထုတ်လုပ်မှု နည်းစဉ်များအနက် ယခင်က Mercury Cell Process နှင့် Diaphragm Cell Process များအသုံးပြုခဲ့သော်လည်း မိမိတို့အနေဖြင့် ခေတ်မီပြီး ဘေးထွက်ဆိုးကျိုးအနည်းဆုံးဖြစ်စေသည့် Ion Exchange Membrane Process နည်းစဉ်များကို အသုံးပြုထုတ်လုပ်သွားမည်ဖြစ်ကြောင်း၊ စက်ရုံတည်ဆောက်ခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်ရရှိပြီး ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ သက်ဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် ဒေသခံကျေးရွာလူထုကိုလည်း ကြိုတင် အသိပေးရှင်းပြထားရန် လိုအပ်ကြောင်း ပြောကြားသည်။ ထို့နောက် စက်ရုံဆောက်လုပ်မည့် မြေနေရာကို ကြည့်ရှုသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မော်လမြိုင်မြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် သထုံမြို့၌ Caustic Soda and Polyvinyl Chloride (PVC) Project ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် စက်ရုံဆောက်လုပ်မည့်မြေနေရာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးစဉ်။ (သတင်းစဉ်)

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် သံတွဲ၊ ကျိန္တလီ၊ ဂွမြို့နယ်များ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ လှည့်လည်ဆောင်ရွက်

စစ်တွေ ဒီဇင်ဘာ ၂၆

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးလှမောင်တင်သည် ပြည်နယ်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ လိုက်ပါလျက် ဒီဇင်ဘာ ၂၃ ရက် နံနက်ပိုင်းက သံတွဲမြို့နယ် ကျောက်ကြီး တိုက်နယ်ဆေးရုံ ဆောက်လုပ်ရေးစီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး လုပ်ငန်းခွင်အတွင်း ဆောက်လုပ်ရေးပစ္စည်းများ ရောက်ရှိနေမှု၊ တာဝန်ယူတည်ဆောက်မည့် ကုမ္ပဏီတို့ကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိန္တလီမြို့နယ်ခွဲ (အထက)ကျောင်းဆောင်သစ် ဆောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးကာ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး ဆွေးနွေးကာ ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဂွမြို့သို့ရောက်ရှိပြီး အထကကျောင်းသို့ သွားရောက်ကာ မြို့နယ်ပညာရေးမှူး၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေး၊ သင်ကြားမှု၊ သင်ယူမှုမှန်ကန်ရေးနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးတို့ကို မှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဂွမြို့ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကျန်းမာရေးမြှင့်တင်မှုဆောင်ရွက်ရေး၊ ငွေပဒေသာပင်စိုက်ထူထားရှိမှုအခြေအနေ၊ ဆေးဝါးများ ဖြည့်ဆည်းထားရှိမှုများကို မှာကြားပြီး ဆေးရုံအတွင်းလှည့်လည်ကြည့်ရှုကာ လူနာများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဌာနဆိုင်ရာများ၊ မြို့နယ်အထောက်အကူပြု ကော်မတီများ၊ မြို့နယ် စည်ပင်သာယာရေးကော်မတီများနှင့် မြို့မီးလင်းရေးကော်မတီဝင်များနှင့် တွေ့ဆုံရာ တက်ရောက်လာကြသူများက မိမိတို့မြို့နယ်အတွက် လိုအပ်ချက်များကို တင်ပြဆွေးနွေးကြရာ ပြည်နယ်ဝန်ကြီးချုပ်က တင်ပြချက်များအပေါ် သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်ပြီး ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိန္တလီမြို့နယ်ခွဲသို့ ရောက်ရှိပြီး မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြကာ ထောက်ပံ့ပစ္စည်းများနှင့် အလှူငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပဲခူးတန်ခိုးကြီးဘုရားများ နိုင်ငံခြားဧည့်သည်များ လေ့လာကြည့်ရှု

ပဲခူး ဒီဇင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့သို့ အိန္ဒိယဝန်ကြီးချုပ် Hon'ble,Dr. Man Mohan Singh ၏ သမီး Ms. Upinder Singh **(အပေါ်ပုံ)** နှင့် အခြားသော တာဝန်ရှိသူများ လိုက်ပါလာပြီး ဆုတောင်းပြည့် ရွှေမော်ဓောစေတီတော်မြတ်ကြီး၊ ဟသ်ာကုန်းစေတီတော်၊ ရွှေသာလျောင်း ရုပ်ပွားတော်မြတ်များသို့ လေ့လာကြည့်ရှုပြီး ဆုတောင်းပြည့် စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီးသို့ ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၁ နာရီတွင် ရောက်ရှိလာပြီး ဆုတောင်းပြည့် စွယ်တော်ရှင် မဟာစေတီတော်မြတ်ကြီး၏ ဂေါပကအဖွဲ့ဝင်များက လိုက်လံ့စွာကြိုဆို၍ တာဝန်ရှိသူများ၊ အမှတ်(၂) ရဲတပ်ဖွဲ့ဝင်များနှင့် ဂေါပကအဖွဲ့ဝင်များက ဘုရားရင်ပြင်တော်ကို လိုက်လံပြသပြီး ရွှေဂူလေးစေတီတော်မြတ်ကြီးသို့ ကြည့်ရှုလေ့လာရန် ထွက်ခွာသွားကြောင်း သိရသည်။

သုလင်း(ဟံသာမြေ)

မြန်မာက အာဆီယံဥက္ကဋ္ဌတာဝန်ယူမည့် ၂၀၁၄ ခုနှစ်လုပ်ငန်းစဉ်များကို မဟာဗျူဟာမြောက် စီမံဆောင်ရွက်နိုင်ရန် ဦးတည်ပြုလုပ်ခြင်းဖြစ်

နေပြည်တော် ဒီဇင်ဘာ ၂၆

အာဆီယံနိုင်ငံခြားရေး ဝန်ကြီးများ သီးသန့်အစည်းအဝေး (ASEAN Foreign Ministers' Meeting, AMM-Retreat) ကျင်းပရေးနှင့် ပတ်သက်၍ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ အထွေထွေမန်နေဂျာ ဦးရဲနိုင်အား တွေ့ဆုံမေးမြန်းခဲ့သည်များကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်-

မေး။ ။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေး အကြောင်း ရှင်းပြပေးစေလိုပါတယ်။

ဖြေ။ ။ ၂၀၁၃ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့မှ ၁၀ ရက်နေ့အထိ ဘရူနိုင်းနိုင်ငံ ဘန်ဒါဆရီ ဘီဂါဝန်မြို့မှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၂၃)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနဲ့ ဆက်စပ်အစည်းအဝေးများ ကျင်းပခဲ့စဉ် အောက်တိုဘာ ၁၀ ရက်မှာ မြန်မာနိုင်ငံအနေဖြင့် အာဆီယံ ဥက္ကဋ္ဌတာဝန်ကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ထမ်းဆောင်ရန် နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ကိုယ်တိုင် ဘရူနိုင်းနိုင်ငံ ဘုရင်ထံမှ လွှဲပြောင်းရယူခဲ့ပါတယ်။ အာဆီယံဥက္ကဋ္ဌတာဝန် ထမ်းဆောင်စဉ် ပထမဦးဆုံးပြုလုပ်တဲ့ အစည်းအဝေးအဖြစ် အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများသီးသန့်အစည်းအဝေး (ASEAN Foreign Ministers' Meeting, AMM-Retreat)ကို ပြုလုပ်ခြင်းဖြစ်ပါတယ်။

မေး။ ။ AMM-Retreat ကို မြန်မာနိုင်ငံရဲ့ ရှေးဟောင်းယဉ်ကျေးမှုမြို့တော် "ပုဂံ" မှာ ကျင်းပပြုလုပ်မယ်လို့ သိရပါတယ်။ အဲဒီအကြောင်းလည်း ရှင်းပြပေးပါ။

ဖြေ။ ။ AMM-Retreat ကို မြန်မာနိုင်ငံအလယ်ပိုင်း မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ရှေးဟောင်းယဉ်ကျေးမှုမြို့တော်ဖြစ်တဲ့ ပုဂံမြို့မှာရှိတဲ့ ရွှေနန်းတော်ဟိုတယ် "နန်းမြင့်ဆောင်" မှာ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၅ ရက်မှ ၁၈ ရက်အထိ လေးရက်ကြာ ကျင်းပပြုလုပ်မှာဖြစ်ပါတယ်။ အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ သီးသန့်အစည်းအဝေးတွေကို Resort တွေ၊ ပင်လယ်ကမ်းခြေနေရာတွေအပြင် ယခုလိုယဉ်ကျေးမှုထွန်းကားတဲ့နေရာတွေမှာ ကျင်းပလေ့ရှိပါတယ်။ ယခုကျင်းပပြုလုပ်တဲ့ "ပုဂံ"ကတော့ အားလုံးသိပြီးဖြစ်တဲ့အတိုင်း ကမ္ဘာ့အလယ်မှ မြန်မာတို့ရဲ့ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ၊ ဗိသုကာ၊ ကူးသန်းရောင်းဝယ်ရေးနဲ့ စစ်ဘက်ရေးရာစတဲ့နိုင်ငံရေး အဆောက်အအုံစံချိန်မြင့်မားမှုကို ထင်ရှားစွာနဲ့ ဂုဏ်ယူဝင့်ကြွားစွာပြသနိုင်တဲ့နေရာ တစ်နည်းအားဖြင့် "မြန်မာတို့ရဲ့ နှလုံးသားဝိညာဉ်" ဖြစ်တာကြောင့် အဓိပ္ပာယ်နဲ့ အနှစ်သာရ လေးနက်ပြည့်ဝမှုကတော့ အထူးပြောဖို့တောင် လိုမယ်မထင်ပါဘူးခင်ဗျာ။

မေး။ ။ AMM-Retreat မှာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မီဒီယာဆိုင်ရာစီမံခန့်ခွဲမှုတွေ ဆောင်ရွက်ပေးမည့်အခြေအနေကိုလည်း ရှင်းပြပေးပါဦး။

ဖြေ။ ။ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ သတင်းပြန်ကြားရေးဆိုင်ရာ လုပ်ငန်းတွေ တာဝန်ယူဆောင်ရွက်နေပါတယ်။ ယခု AMM-Retreat အတွက် မီဒီယာဆိုင်ရာစီမံခန့်ခွဲမှုကိစ္စတွေဖြစ်တဲ့ မီဒီယာဆိုင်ရာ ဆက်သွယ်ညှိနှိုင်းရေး၊ မီဒီယာသမားများ မှတ်ပုံတင်ရေးနဲ့ သတင်းထောက်ကတ်များ ထုတ်ပေးရေးတို့အတွက် တာဝန်ခံဆောင်ရွက်ကြမည့် သတင်းနဲ့စာနယ်ဇင်းလုပ်ငန်းမှ တာဝန်ရှိသူတွေရဲ့ ဖုန်းနံပါတ်တွေကိုလည်း နေ့စဉ်ထုတ်သတင်းစာများမှာ ဖော်ပြပေးလျက်ရှိပါတယ်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီတွင် သတင်းစာရှင်းလင်းပွဲပြုလုပ်မှာဖြစ်ပြီး ပြည်တွင်း/ပြည်ပက မီဒီယာသမားများ သတင်းရယူမှုအဆင်ပြေအောင် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ လျှောက်လွှာပုံစံကို ASEAN Webportal ဖြစ်တဲ့ www. asean 2014.gov.mm up coming events ခေါင်းစဉ်အောက်က ASEAN Foreign Ministers' Meeting's Retreat, AMM-Retreat ကိုဖွင့်ပြီး download ရယူနိုင်ပါတယ်။ ဒါ့အပြင် Myanmar-ASEAN Website မှာ Media Advisory ကိုလည်း လွှင့်တင်ပေးမှာ ဖြစ်ပါတယ်။

မေး။ ။ Website ဝင်ရတာ လမ်းလွဲလို့ လျှောက်လွှာပုံစံ ယူရခက်ခဲနေရင် အခြားဘယ်လိုနည်းလမ်းနဲ့ ရယူရမလဲ။

ဖြေ။ ။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးလှိုင်မြင့်ရဲ့ E-mail လိပ်စာဖြစ်တဲ့ npe moi@gmail.com ကို invite လုပ်လိုက်ရင် သူကအမြန်ဆုံး download လုပ်လို့ရနိုင်မည့်ဆက်ကြောင်း (Link) ကို ပြန်ပို့ပေးမှာဖြစ်ပါတယ်။

မေး။ ။ AMM-Retreat မှာ ဘယ်လိုအကြောင်းအရာတွေ ဆွေးနွေးဆုံးဖြတ်မယ်ဆိုတာလည်း အနည်းငယ်ရှင်းပြပေးပါဦး။

ဖြေ။ ။ AMM-Retreat ကို နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာဆီယံရေးရာဦးစီးဌာနက တာဝန်ခံကျင်းပပြုလုပ်တာ ဖြစ်ပါတယ်။ အဲဒီအစည်းအဝေးအကြောင်း ခြုံငုံပြောရမယ်ဆိုရင် ယခင်ပြုလုပ်ခဲ့တဲ့ အစည်းအဝေးများမှ ဆုံးဖြတ်ချက်တွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်နဲ့ မြန်မာတို့ရဲ့ အာဆီယံဥက္ကဋ္ဌတာဝန်ယူမည့် ၂၀၁၄ ခုနှစ်ရဲ့ လုပ်ငန်းစဉ်တွေကို မဟာဗျူဟာမြောက် စီမံဆောင်ရွက်နိုင်ရန် ဦးတည်ပြုလုပ်တာပဲဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်မှာ သတင်းစာရှင်းလင်းပွဲပြုလုပ်ပေးမှာဖြစ်တဲ့အတွက် အစည်းအဝေးနဲ့ ဆိုင်တဲ့သတင်းတွေကိုလည်း အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသွားမှာဖြစ်ပါတယ်၊ ကျေးဇူးတင်ပါတယ်။

ခင်ရတနာ

● ကျောက်ဖုံးမှ

ရောင်းနေရတယ်" ဟု ယခု လတ်တလော ဆန်ရောင်းနေရပုံများကို ပြောပြသည်။

ရွှေဘိုပေါ်ဆန်း ဆန်ကုန်သည် ကိုမောင်မောင်ဇင်က "ရွှေဘိုသီဂီပေါ်ဆန်းအဟောင်းဆန်က ယမန်နေ့ကထက် တစ်အိတ် ၅၀၀ လောက် ဒီနေ့ဈေးတက်လာတယ်၊ ဝယ်လက်လိုက်လာလို့လေ၊ ရွှေဘိုပေါ်ဆန်းက ဈေးမကျဘူး။ ရွှေဘိုဆန်ကနှစ်မျိုးနှစ်စားရှိတယ်။ ရွှေဘိုတောင်ဘက်ခြမ်းနဲ့ အနောက်ဘက်ခြမ်းက ဆိပ်ခွန်၊ ချီပါ၊ ဇီးကုန်းလေး၊ တစ်လုံးရွာတွေက ထွက်တဲ့စပါးနဲ့ ဆန်ကဈေးကောင်းရတယ်။ ဆည်ရေသောက်မြေဖြစ်တယ်။ ရွှေဘိုဆန်ချင်းတူပေမယ့် အရှေ့ဘက်ခြမ်းနဲ့မြောက်ဘက်ခြမ်း၊ ရေဦး၊ခင်ဦး၊ တန့်ဆည်၊ ဇီးကုန်း၊ ထန်းကုန်းက ထွက်တဲ့ဆန်က ဈေးနည်းနည်းလျှော့တယ်။ မိုးရေနဲ့စိုက်တဲ့ မိုးကောင်းသောက်လယ်တွေဖြစ်လို့ မြေဆီလွှာကွာတဲ့ သဘောဖြစ်တာပါ။ ဆန်အလုံး အရွယ်အစားချင်းတူတယ်၊ ထမင်းချက်ကြည့်တဲ့အခါ နူးညံ့တာနဲ့ ကြမ်းတာကွာသွားတာပါပဲ။ ဒါကြောင့် ဈေးလည်းနည်းနည်း ကွာသွားတာပါပဲ" ဟု ရွှေဘိုပေါ်ဆန်းဆန်အကြောင်း သိကောင်းစရာကို ရှင်းပြသည်။

မျိုးစပါးကောင်းများလိုအပ်

ရွှေဘိုဆန်ဈေး မေးမြန်းနေစဉ်မှာပင် သီဂီဆန်စက်ပိုင်ရှင် ဒေါ်သန်းသန်းဌေးထံမှ ဖုန်းသတင်းဝင်လာသည်။ မိုးစပါးစိုက်လယ်မြေများတွင် မြေကြီးထဲကထွက်လာသော ဖလံဖြူ ရွက်ဆစ်ပိုးများကျနေ၍ ယခင် တစ်ဧက စပါးတင်း ၇၀၊၈၀ ထွက်နေရာမှ ယခုတစ်ဧက ၃၅၊ ၄၀ လောက်သာထွက်ရှိနေကြောင်း၊ ယင်းအတွက် လယ်သမားများ စိုးရိမ်ပူပန်နေကြကြောင်း၊ ပိုးသတ်ဆေးရည်နှင့်လည်း နှိမ်နင်းမရသဖြင့် သက်ဆိုင်ရာ စိုက်ပျိုးရေးဌာနများ၏ နည်းပညာပံ့ပိုးမှုများလိုအပ်လျက်ရှိကြောင်း၊ နွေစပါးထပ်မံစိုက်ပျိုးနိုင်ရန်၊ ဆည်ရေနှင့် မျိုးစပါးကောင်းများလိုအပ်လျက်ရှိနေသည်ဟု ဒေသခံတောင်သူများက ပြောကြားကြောင်း သိရသည်။

နိုင်ငံ့အဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ညှိနှိုင်းဆောင်ရွက်

စစ်ကိုင်း ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ထီးချိုင့်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော မြို့နယ်စီမံခန့်ခွဲမှုကော်မတီဝင်များ၊ အထောက်အကူပြု ကော်မတီဝင်များ၊ စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်ရာ ကော်မတီဝင်များ၏ မြို့နယ်လိုအပ်ချက်များ၊ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး လူမှုရေးအသင်းအဖွဲ့ဝင်များအတွက် မီးသတ်၊ ကြက်ခြေနီ၊ စစ်မှုထမ်းဟောင်းဝတ်စုံများကို ထောက်ပံ့ပေးအပ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထီးချိုင့်မြို့မှ ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ် မလယ်ကျေးရွာသို့ ရောက်ရှိပြီး လျှပ်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ရွှေမုဌောစေတီ၊ ရွှေတောင်ဦးစေတီ ပြုပြင်မွမ်းမံနေမှုနှင့် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံနှင့် ဝန်ထမ်းနေအိမ်များ ဆောက်လုပ်နေမှု၊ မလယ်ကျေးရွာ အထက်တန်းကျောင်း ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အမှတ်(၃)ခရိုင် ချင်းဆက်လမ်းမကြီး မြေသားလမ်း ဖောက်လုပ်ပြုပြင်နေမှုနှင့် တာပေါင်ချဲ့ထွင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လျှပ်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးသွားသော ခင်ဦးမြို့နယ် အညာသီဟတောဘုရား ပြုပြင်မွမ်းမံဆောက်လုပ်ပြီးစီးမှုနှင့် ခင်ဦး-သင်ပေါင်းကားလမ်း (၃၂)မိုင် ဖောက်လုပ်ပြုပြင်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့သည်။

ဒီဇင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေး၊ ဇနီး ဒေါ်ဝေဝေခိုင်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့နယ် တလိုင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း (ခွဲ) ရွှေရတုကျောင်းဆောင်သစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရွှေရတုကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ရွှေရတုကျောင်းဆောင်သစ်သည် အလျား ပေ ၆၀၊ အနံ ပေ ၃၀၊ အမြင့် ၁၃ ပေဖြစ်ပြီး စုစုပေါင်း ကုန်ကျငွေကျပ် သိန်း ၁၅၀ ဖြစ်သည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အင်းစကျေးရွာ ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံရာ ဒေသခံတောင်သူများက ကျေးရွာ၏ လိုအပ်ချက်များကို တင်ပြကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးကာ ကျေးရွာအတွက် ကျောင်းသုံးဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်စာစောင်များ အသီးသီး ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

အနည်းဆုံးအခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အလုပ်သမားကိုယ်စားလှယ်များနှင့် ဆွေးနွေး

မန္တလေး ဒီဇင်ဘာ ၂၆

ပြည်ထောင်စုနယ်မြေ တိုင်းဒေသကြီး ပြည်နယ်များအလိုက် လုပ်ငန်းကော်မတီများသည် လုပ်ငန်းအမျိုးအစားအလိုက် သော်လည်းကောင်း၊ နေရာဒေသ အလိုက်သော်လည်းကောင်း၊ အနည်းဆုံး အခကြေးငွေ သတ်မှတ်နိုင်ရေးအတွက် အလုပ်ရှင်ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များနှင့် ညှိနှိုင်း၍ရရှိသော အနည်းဆုံးအခကြေးငွေနှုန်းထားကို အမျိုးသားကော်မတီသို့ တင်ပြဆောင်ရွက်မည်ဖြစ်ပြီး အမျိုးသားကော်မတီက လေ့လာစိစစ်ပြီး သတ်မှတ်သင့်သည့် အဆိုပြုအနည်းဆုံး အခကြေးငွေနှုန်းထားများကို အများပြည်သူသိရှိစေရန်နှင့် ကန့်ကွက်လိုက ကန့်ကွက်နိုင်ရန် အနည်းဆုံး ရက်ပေါင်း ၆၀ ကြိုတင်ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ သစ်တောနှင့် သတ္တုဝန်ကြီးဦးသန်းစိုးမြင့်က မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ကနောင်ခန်းမ၌ ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည့် ဆွေးနွေးပွဲတွင် ပြောကြားသည်။

ဆက်လက်၍ အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်က အနည်းဆုံး အခကြေးငွေဥပဒေနှင့် နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် တက်ရောက်လာသူများက အဖွဲ့ငယ်များဖွဲ့၍ ဆွေးနွေးခြင်းများပြုလုပ်ကြရာ အလုပ်သမားအစုအဖွဲ့(၁)က သတ်မှတ်သင့်သည့်နှုန်းထားနှင့် ထိုသို့သတ်မှတ်ခြင်းဖြင့် အလုပ်သမားများရရှိလာမည့် အကျိုးကျေးဇူးနှင့်အပြစ်များ ခေါင်းစဉ်နှင့် အလုပ်ရှင်များရရှိလာမည့် အကျိုးကျေးဇူးနှင့်အပြစ်များ ခေါင်းစဉ်တို့ဖြင့်လည်းကောင်း၊ အလုပ်သမားအစုအဖွဲ့(၂)က အနည်းဆုံးအခကြေးငွေ သတ်မှတ်ရာတွင် ကြုံတွေ့လာနိုင်သည့် ပြဿနာများနှင့် ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလုပ်သမားအစုအဖွဲ့(၃)က အနည်းဆုံးအခကြေးငွေသတ်မှတ်သင့်သည့်ပုံစံများနှင့် လစာခေါင်းစဉ်များ၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးနှင့်အပြစ်များ ခေါင်းစဉ်ဖြင့်လည်းကောင်း ဆွေးနွေးခဲ့ကြကြောင်းနှင့် အဆိုပါ ဆွေးနွေးပွဲသို့ မန္တလေးစက်မှုဇုန် စီမံခန့်ခွဲရေးကော်မတီမှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး ဦးမောင်မောင်ဦးနှင့် တာဝန်ရှိသူများ၊ အလုပ်သမားကိုယ်စားလှယ်များ၊ အလုပ်ရှင်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြကြောင်းသိရသည်။ **တင်မောင်(မန္တလေး)**

လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၆

(၆၆)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများကို မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင် အတွင်းရှိ မြို့နယ်၊ ရပ်ကွက်အသီးသီးမှ မြို့နယ်ပညာရေးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ကြီးမှူး၍ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံ အားကစားဝါသနာရှင်ပညာရှင်တို့ ပူးပေါင်းကာ ဒီဇင်ဘာ ၃၁ရက်မှ ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)အထိ စီစဉ်ကျင်းပဆောင်ရွက်ကြမည်ဖြစ်ကြောင်း သိရသည်။

ကျင်းပမည်

စာစီစာကုံးပြိုင်ပွဲနှင့်ကဗျာပြိုင်ပွဲကို မန္တလေးအောင်မြေသာစံမြို့နယ် အထက(၁၁)၊ ချမ်းအေးသာစံမြို့နယ် အထက (၁၂)၊ မဟာအောင်မြေမြို့နယ် အထက(၁၃)၊ ပြည်ကြီးတံခွန်မြို့နယ် အထက(၂၇)၊ ပုသိမ်ကြီး အထကတို့၌ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့်အဖြစ် ကျင်းပမည်ဖြစ်သည်။

ထို့ပြင် ပိုက်ကျော်ခြင်း၊ ချောတိုင်တက်၊ ဂုန်နီအိတ်စွပ်ပြေးပွဲ၊ အာလူးကောက်၊ ကလေးပြိုင်ပွဲများ၊ ဖယောင်းတိုင်မီးထွန်းပြေးပွဲ၊ ခြေပူးကြိုးချည် ပြေးပွဲ၊ ထုပ်ဆီးတိုး၊ အပ်ပေါက်ထိုးပွဲ၊ မုန့်စားခေါင်းအုံးရိုက်၊ စက်ဘီးအနှေးစီး၊ အကြို့ဝတ်ပြိုင်ပွဲ၊ စစ်တုရင်ပြိုင်ပွဲ၊ ဖူဆယ်ဘောလုံး ဂိုးကျဉ်းပြိုင်ပွဲ၊ သံပရာသီး ဇွန်းကိုက်ပြေးပွဲ၊ ပြေးပွဲပြိုင်ပွဲစုံ ပျော်ပွဲရွှင်ပွဲများကို မန္တလေးအောင်မြေသာစံ၊ ချမ်းအေးသာစံ၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်၊ မဟာအောင်မြေ၊ ပုသိမ်ကြီး၊ အမရပူရမြို့နယ်များမှ ရပ်ကွက်အလိုက် အခြေခံပညာကျောင်းများရှိ အားကစားကွင်းများ၊ ရပ်ကွက်ရုံးရှေ့၊ မြို့နယ်အားကစားကွင်းများ၊ ရပ်ကွက်လမ်းအလိုက် ကျင်းပယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ထိုက်တန်စွာဆုများ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

အခြေခံကင်းထောက်လူငယ်သင်တန်းဖွင့်

ညောင်ဦး ဒီဇင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမ၌ အခြေခံကင်းထောက်လူငယ်သင်တန်း ဖွင့်လှစ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပရာ အခြေခံကင်းထောက်လူငယ်သင်တန်းတက်ရောက်မည့် ကျောင်းသား ကျောင်းသူကလေးများက ပြည်သူ့အတွက်သီချင်းဖြင့် သီဆိုဖျော်ဖြေခဲ့ကြပြီး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လေးစိုးက ကင်းထောက်လူငယ် သင်တန်းသူ သင်တန်းသားများကို အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ဆိုလာစနစ်ဖြင့် ပုလဲမြို့နယ်တွင် ကျေးရွာငါးရွာ မီးလင်းပြီ

ပုလဲ ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး ရန်ပုံငွေမှ ထောက်ပံ့မှုဖြင့် ယင်းမာပင်ခရိုင် ပုလဲမြို့နယ်အတွင်းရှိ စစ်ရင်ကျေးရွာ၊ ကျေသမျှားကျေးရွာ၊ ချင်ပြစ်ကျင်းကျေးရွာ၊ တောင်ရွာသစ်ကျေးရွာနှင့် ခေါ်သန္တီကျေးရွာတို့တွင် ဆိုလာစနစ်ဖြင့် ကျေးလက်မီးလင်းရေးကို ဒီဇင်ဘာ ၂၀ ရက်မှစတင်၍ ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ်လျှပ်စစ်မှူး ဦးမြင့်သိန်းက "ကျွန်တော်တို့ ပုလဲမြို့နယ်အတွင်းရှိ ကျေးရွာငါးရွာကို ဆိုလာစနစ်ဖြင့် မီးလင်းရေးဆောင်ရွက်နိုင်ရန်အတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ဆိုလာနဲ့ဆက်စပ်ပစ္စည်းတွေရဲ့တန်ဖိုး ကျသင့်ငွေတစ်ဝက်ကို ထောက်ပံ့ပေးပြီး ပြည်သူထည့်ဝင်ငွေတစ်ဝက်နဲ့ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့လို့ ကျေးလက်မီးလင်းရေးကို အကောင်အထည်ဖော်နိုင်ခဲ့တာဖြစ်ပါတယ်။ ဆိုလာနဲ့ ဆက်စပ်ပစ္စည်းတွေကိုတော့ စစ်ရင်ကျေးရွာက ၇၇ ခု၊ ကျေသမျှားကျေးရွာ ၁၂၀ ခု၊ ချင်ပြစ်ကျင်းကျေးရွာ ၇၅ ခု၊ တောင်ရွာသစ်ကျေးရွာ ၃၆ ခုနှင့် ခေါ်သန္တီကျေးရွာ ၄၂ ခု စုစုပေါင်း ပုလဲမြို့နယ်အတွက် ၃၅၀ ရရှိပါတယ်"ဟု ပြောကြားခဲ့သည်။

ပုလဲမြို့နယ် စစ်ရင်ကျေးရွာမှ ဦးလှအောင်က "ကျွန်တော်အသက် ၅၀ ကျော်ပါပြီ၊ ရွာအနေနဲ့ကလည်း လမ်းပန်းဆက်သွယ်ရေးကလည်း ခက်ခဲတယ်။ ပုလဲမြို့ကနေဆို မိုင် ၄၀ ကျော်လောက်ဝေးတဲ့ တောင်ပေါ်ကျေးရွာလေးဖြစ်တော့ ဖွံ့ဖြိုးမှုကအစ နောက်ကျခဲ့ပါတယ်။ ယခင်က ရေနံဆီမီးခွက်၊ ဖယောင်းတိုင်နဲ့ မီးလင်းခဲ့တဲ့ ကျွန်တော့်ရွာလေး အခုဆိုရင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ထောက်ပံ့မှုကြောင့် ဆိုလာမီးနဲ့ ကျေးရွာမီးလင်းနိုင်ခဲ့ပြီဖြစ်ပါတယ်။ အမှောင်ထုအတွင်းကနေ ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းနိုင်အောင် စီစဉ်ဆောင်ရွက်ပေးတဲ့ တိုင်းဒေသကြီး အစိုးရအဖွဲ့ကို ကျေးရွာနေပြည်သူများရဲ့ကိုယ်စား ကျေးဇူးတင်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

မင်းခန့်စိုး(ဇေယျာမြေ)

ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေ

ခင်ဦး ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း စစ်ဆေးအရေးယူဆပ်ကော်မတီက ဒီဇင်ဘာ ၂၁ ရက်က မြေနီသျှိုလမ်းဆုံ၌ ဆိုင်ကယ်စီးဦးထုပ် အလုံး ၄၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၂၅ ရက်က ခင်ဦးမြို့အဝင်၌ ဆိုင်ကယ်စီးဦးထုပ်အလုံး ၅၀ ကိုလည်းကောင်း အခမဲ့ဖြန့်ဝေခဲ့သည်။

အဆိုပါ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေခြင်းကို ရွှေဘိုခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးအုန်းလှိုင်၏ ညွှန်ကြားမှုဖြင့် ခင်ဦးမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးသန်းဝင်းနှင့်အဖွဲ့က လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ပြီး ဆိုင်ကယ်စီးဦးထုပ်မပါသူများကို ယာဉ်အန္တရာယ်မတော်မတော်တဆဖြစ်ပါက ထိခိုက်မှုလျော့နည်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းကို ရဲမှူးသန်းဝင်းက ရှင်းလင်းပြောကြားပြီး ဆိုင်ကယ်စီးဦးထုပ်များကို အခမဲ့ဖြန့်ဝေပေးကြောင်း သိရသည်။ **ခင်ဦး-စိုးဝေ**

ကလေးဝမြို့ မြို့မဈေးတွင် မီးငြိမ်းသတ်မှု သရုပ်ပြလေ့ကျင့်

ကလေးဝ ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့တွင် မီးဘေးအန္တရာယ် ကင်းရှင်းစေရေးအတွက် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး မီးငြိမ်းသတ်မှုသရုပ်ပြလေ့ကျင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီက ကလေးဝမြို့ မြို့မဈေးရှေ့၌ သန္တေမီးသတ်တပ်ဖွဲ့ဝင်ခြောက်ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၂၀၊ မီးသတ်ယာဉ်နှစ်စီး၊ အထောက်အကူပြုယာဉ်တစ်စီးတို့ဖြင့် သရုပ်ပြလေ့ကျင့်မီးငြိမ်းသတ်ခဲ့ရာ သရုပ်ပြပွဲသို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် မြို့မဈေးအဖွဲ့များ တက်ရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။ **ချင်းတွင်းသား**

အမျိုးသမီးကင်းထောက်သင်တန်းဖွင့်

ရမည်းသင်း ဒီဇင်ဘာ ၂၆

ပညာရေးဝန်ကြီးဌာန အမှတ်(၂)အခြေခံပညာဦးစီးဌာန ရမည်းသင်းမြို့ (မြို့မ) အခြေခံပညာအထက်တန်းကျောင်း အမျိုးသမီးကင်းထောက်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက မြို့မအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အမျိုးသမီးကင်းထောက်သူများက အဆင်သင့်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက ဝတ်စုံအတွက် အလှူငွေကျပ် ၃၀၀၀၀ ပေးအပ်သည်။ ၎င်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် လိုက်နာဆောင်ရွက်ရမည့်အချက်များကိုလည်းကောင်း၊ ခရိုင်ပညာပေးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှအောင်က ကင်းထောက်သင်တန်းများအကြောင်းကိုလည်းကောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **(ဝ၁၁)**

မန္တလေး မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း စာဆိုတော်နေ့အခမ်းအနားကျင်းပ

မန္တလေး ဒီဇင်ဘာ ၂၆

မန္တလေး မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်း၏ ၂၀၁၃ ခုနှစ် စာဆိုတော်နေ့အခမ်းအနားနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၉ နာရီက အဆိုပါရုံးတည်ရှိရာ ၄၂ လမ်း နှင့် ၈၁ လမ်းထောင့်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် အသင်းဥက္ကဋ္ဌ ဦးရာစိုး(ရာစိုး-လူမှု)က အမှာစကားပြောကြားသည်။ ဆက်လက်၍ မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ စည်သူ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)ကပေးပို့သော ၁၃၇၅ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့သဝဏ်လွှာကို အသင်းဒုတိယဥက္ကဋ္ဌ ဒေါ်ခင်ဝင်း(ခင်ခင်ဝင်း-ပညာရေး)ကဖတ်ကြားသည်။ ဆက်လက်၍ အသင်း၏ ၂၀၁၂ ခုနှစ် နှစ်ပတ်လည် အစီရင်ခံစာကို အသင်းအတွင်းရေးမှူး ဒေါ်ခင်လေးငယ် (ခင်လေးငယ်)က ဖတ်ကြားတင်သွင်းသည်။ အခမ်းအနားသို့ မန္တလေး ငါးမြို့နယ်မှ စာရေးဆရာအသင်းဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မဟာအောင်မြေမြို့နယ် စာရေးဆရာအသင်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာသူများအား ဗလာမပါကံစမ်းမဲဖောက်၍ ပစ္စည်းများပေးအပ်ချီးမြှင့်ပြီး မန္တလေးမုန့်ဟင်းခါးဖြင့် ဧည့်ခံခဲ့ကြောင်း သိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

မူကြိုကျောင်း ဒီဇင်ဘာအားကစားပွဲကျင်းပ

တောင်တွင်းကြီး ဒီဇင်ဘာ ၂၆

(၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ တောင်ပြင်(၂)ရပ်ကွက်ရှိ လူမှုဝန်ထမ်းဦးစီးဌာနအသိအမှတ်ပြု ကိုယ့်အားကိုယ်ကိုး မြို့မမူလတန်းကြိုကျောင်း၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ချစ်စရာ့ရင်သွေးငယ်များ၏ ဒီဇင်ဘာအားကစားပွဲတော်ကို ဒီဇင်ဘာ ၂၅ ရက် နံနက် ၈ နာရီက အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မူလတန်းကြိုကျောင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးမြဝင်းက အမှာစကားပြောကြားပြီး တာဝန်ခံကျောင်းအုပ်ဆရာမကြီး ဒေါ်သင်းသင်းကြိုင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အားကစားနည်း ၁၄ မျိုးကို အတန်းအလိုက် ယှဉ်ပြိုင်ကစားခဲ့ကြသည်။ ဆက်လက်၍ ဆုရရှိသောကလေးငယ်များအား မူလတန်းကြိုကျောင်း ကြီးကြပ်မှုနာယက ဦးအောင်ကျော်ငြိမ်းနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

မိုလ်ပြည့်(တောင်တွင်းကြီး)

စာမျက်နှာ ၆ မှ

"ဟုတ်မယ်ဗျ။ စက်ယန္တရားအသုံးချမှုတွေ သိသိသာသာအများကြီး တိုးတက်လာနေတယ်။ ပြီးတော့ရော"

"လူတွေ ယခုထက်ဆယ်ဆလောက်အလုပ်ကြိုးစားပြီးခေတ်မီအောင်ပြုပြင်ပြောင်းလဲကြရဦးမယ်ဗျ။ တစ်ဦးချင်းရော၊ မိသားစုတစ်ခုလုံးကော၊ မိမိကိုယ်ကိုခေတ်ပြောင်းစနစ်ပြောင်းလှိုင်းလုံးကြီးမှာ ပျိုးထောင်မြှင့်တင်ဖို့တာဝန်ဟာ ငါ့ပခုံးပေါ်မှာရှိနေပါလားလို့ စောစောသိလေလေ အကျိုးရှိလေလေပေါ့ဗျာ။ လူတိုင်းသိမြင်ဖို့လိုပါတယ်"

"သြော်-အင်း၊ အရွယ်အားလုံးအလျင်အမြန် ပြောင်းလဲနေတဲ့ခေတ်ပြောင်း၊ စနစ်ပြောင်း၊ အခြေအနေပြောင်း၊ အချိန်အခါကောင်း ကာလကြီးထဲမှာ ဘာမှမပြောင်းပါဘူး။ ဘာမှ မပြောင်းလဲသေးပါဘူးဆိုပြီး ပေကတ်ထိုင်နေချင်သူတွေ နစ်မွန်းခဲ့မှာပဲနော်"

"တစ်ခါက ခေတ်မီသူတိုင်း ပင်လယ်ငါးကိုစားကြသည်လို့ ဆရာသိန်းဖေမြင့်က ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လက်ျာရဲ့ ပင်လယ်ငါးဖမ်းလုပ်ငန်းအတွက် ဝါကျတစ်ကြောင်း ကြော်ငြာရေးပေးသလို ပြောချင်တာပဲ။ **ခေတ်မီသူတိုင်း ပညာကြိုးစားကြရမည်။** ကြီးကြီးငယ်ငယ်အရွယ်မရွေးဟာ တိုင်းသစ်ပြည်သစ်၊ စီးပွားရေးစနစ်သစ်နဲ့ ထူထောင်စ ယခုလိုအချိန်ကာလမှာ ရုပ်ပိုင်းသာမက လူရဲ့စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရင့်ကျက်အောင် ကိုယ်တိုင်က တက်တက်ကြွကြွနဲ့ပျိုးထောင်ပြုပြင်ကြဖို့ရာ အမှန်ပဲလိုနေပါပြီ"

"ပြောင်းလဲမှုတွေက အရှိန်အဟုန်လျင်မြန်လွန်းလို့ ဘေးထိုင် ဘုပြောနေရင် ထမင်းငတ်သွားနိုင်လောက်တယ်နော်"

"ငါးနှစ်ဆယ်နှစ်အတွင်းမှာ အဆောက်အအုံတွေဟာ အထပ်နှစ်ဆယ်ဆောက်ရာမှ အထပ်ရှစ်ဆယ်ဖြစ်လာကြမယ်ဗျ။ လေးငါးနှစ်သားအရွယ်မှ ၁၈ နှစ်သားအရွယ် ပြောင်းလဲသလိုပဲ မြို့ကြီးမြို့ငယ်တွေဟာ မထင်မှတ်လောက်အောင်ကို ပြောင်းလဲသွားကြမယ်။ ကလေးမှလူကြီး ဖြစ်သွားသလို အများကြီးပြောင်းလဲသွားမယ်။

"ရန်ကုန်၊ ပုသိမ်၊ မော်လမြိုင်၊ မိတ္ထီလာ၊ မြင်းခြံ၊ မန္တလေး၊ မုံရွာ၊ မူဆယ်၊ တာချီလိတ်စတဲ့မြို့များအားလုံးဟာ ဆယ်နှစ်ကာလအတွင်း ဘယ်လိုမှ မမှတ်မိလောက်အောင် ခေတ်မီဖွံ့ဖြိုးပြီး ပြောင်းလဲတိုးတက်သွားတာ တွေ့ကြရမှာပါ။ ပြောင်းလဲမှုတွေက မြန်ဆန်ကြီးမားလွန်းလို့ ကြိုတင်မြော်မြင်မထားရင်အံ့အားသင့်ပြီး လန့်သွားပါလိမ့်မယ်"

"ကျွန်တော်ဖြင့် (၂၇)ကြိမ်မြောက် အာရှအရှေ့တောင်အရှအားကစားပြိုင်ပွဲဖွင့်ပွဲကြီးကျင်းပပုံကို တီဗွီမှာကြည့်ရတာ အံ့သြဝမ်းသာပီတိဖြာလို့ မဆုံးဘူးဗျာ။ ငါတို့မြန်မာ ဒါကို ဒီလောက်ထိ ကြီးကျယ်ခမ်းနားအောင်လုပ်ဆောင်ပြနိုင်တာပဲလို့ ဂုဏ်ယူမဆုံးဘူးဗျာ"

"မြန်မာဟာ မညံ့ပါဘူး။ ငါတို့ကြိုးစားလိုက်ရင်၊ ညီညာရင် အောင်မြင်တယ်ဆိုတာ ယုံကြည်ထားကြရင် သေချာပေါက်အောင်မြင်ပါတယ်။ ဆယ်နှစ်ဆိုတဲ့ကာလအတွင်း အိမ်နီးချင်းနိုင်ငံတွေ အံ့အားသင့်သွားရလောက်အောင် မြန်မာပြည်သူတွေရဲ့ဖွံ့ဖြိုးတိုးတက်လာပုံကို မကြာခင်မှာ မြင်ကြရဦးမှာပါ"

"ဟုတ်ပ့ါမလား ကိုအောင်"

"ဆက်ကြည့်ကြသေးတာပေ့ါဗျာ"

"ကနေ့ပြောကြတာလေး နိဂုံးချုပ်ကြရအောင်. . ."

"မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုနဲ့ စီးပွားရေးပြောင်းလဲမှုဟာ ရပ်ထားလို့လည်း မရတော့ဘူး။ အရှိန်ကျအောင် ဘရိတ်အုပ်လို့လည်း မရတော့ဘူး။ အနေးနဲ့အမြန်ပဲ ကွာချင်ကွာမယ်။ မိမိရှေ့က ရောက်နေတဲ့ အခြားနိုင်ငံတွေလိုပဲ ရွှံ့တောဗွက်တောနေရာတွေမှာ မကြာမီအထပ်ငါးဆယ်၊ အထပ်တစ်ရာမိုးထိုးအဆောက်အအုံတွေ မှိုလိုပေါက်လာကြတော့မယ်။ နိုင်ငံတကာက ဝင်ထွက်သွားလာ စီးပွားရှာကြတာတွေဟာလည်း (နိုင်ငံခြားသားဧည့်သည်) တစ်သန်းနှစ်သန်းဦးရေမှသည် နှစ်စဉ် ဆယ်သန်း ဆယ့်ငါးသန်းဖြစ်လာမယ်။ ဒီလိုဧည့်သည်များခြင်းရဲ့ကောင်းကျိုးဆိုးကျိုးတွေတော့ မပြောတော့ပါ။ အိမ်သာတော့ ဧည့်လာမှာပေ့ါ။ ကျွန်တော်တို့ အိမ်ရှင်မြန်မာပြည်သူများ မိမိဘဝကို တန်ဖိုးထားပါ။ မြှင့်တင်ပါ။ ခေတ်ပြောင်း စနစ်ပြောင်း၊ ခေတ်အခါကောင်းရဲ့ လှိုင်းအပေါ်မှာ အလိုက်သင့်စီးရင်း အသိပညာ၊ အတတ်ပညာကို အချိန်မဖြုန်းဘဲ ဆည်းပူးဖြည့်တင်းကြပါလို့ ဦးစားပေးအချက် ကျွန်တော်က အလေးအနက်မေတ္တာရပ်ခံချင်တာပါပဲ"

"တန်ဖိုးရှိတယ် သူငယ်ချင်းရေ့။ အရင်က မမြင်သေးတာ ကျွန်တော်အခု မြင်လိုက်ရပြီဗျာ"။ ။

အင်းစိန်၌ စာပေဟောပြောပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

အင်းစိန်မြို့နယ် စာရေးဆရာအသင်းနှင့် စော်ဘွားကြီးကုန်းရပ်ကွက် သဟာယစာကြည့်တိုက်တို့ပူးပေါင်း၍ စာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနားကို အမက(၇)ကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ(ဒါရိုက်တာ ဘုန်းဝေ)က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌထံမှပေးပို့သည့် သဝဏ်လွှာကို အင်းစိန်မြို့နယ်စာရေးဆရာအသင်းအဖွဲ့ဝင် မြတ်လွမ်းနောင်(ပုတီးကုန်း)က ဖတ်ကြားသည်။ နိုင်ငံတော်အဆင့် ဆုရရှိကြသူများဖြစ်သည့် မိမိရီ(အင်းစိန်)၊ ဒေါက်တာဆန်းဝင်း၊ တက္ကသိုလ်မြမဥ္ဇူတို့ကို မြို့နယ်စာရေးဆရာအသင်း ဒုတိယဥက္ကဋ္ဌ လှမိုးနိုင်က ဒီဇင်ဘာ ၂၀ ရက် ညနေ ၈ နာရီတွင် ဂုဏ်ပြုလက်မှတ်နှင့် ဆုများချီးမြှင့်ခဲ့သည်။ ယင်းနောက် စာပေဟောပြောပွဲကိုကျင်းပရာ စာရေးဆရာအော်ပီကျယ်က တကယ်ချစ်ကြပါ၊ ဆရာမောင်သာချိုက စိတ်ဓာတ်မြင့်မားကြပါစို့ ခေါင်းစဉ်ဖြင့် ဟောပြောကြသည်။

ဒီဇင်ဘာ ၂၂ ရက် ည ၇ နာရီခွဲတွင် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်း(ဗဟို)ဥက္ကဋ္ဌ ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က အောင်စိတ်၊ မသီတာ(စမ်းချောင်း)က တစ်ခုတည်းသော အလံတော်အောက်ဝယ်၊ အင်းစိန်မြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌဒါရိုက်တာဘုန်းဝေက ရသစုံရာ အနုပညာ ခေါင်းစဉ်တို့ဖြင့်လည်းကောင်း စာပေအကြောင်း သိကောင်းစရာများကို ဟောပြောကြကြောင်း သိရသည်။

မြင့်ဦး(အင်းစိန်)

ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းတော့မည်

ကျောက်တံခါး ဒီဇင်ဘာ ၂၆

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ရင်းတိုက်ကုန်းကျေးရွာအုပ်စုရှိ ကျေးရွာပေါင်းခုနစ်ရွာ အိမ်ခြေပေါင်း ၁၀၀၀ ကျော်ခန့်အတွက် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ရင်းတိုက်ကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးဆန်းလွင်နှင့် ရပ်မိရပ်ဖများ၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးညွန့်နှင့်အဖွဲ့ဝင်များက ဦးဆောင်ကြီးကြပ်၍ကျေးရွာနေပြည်သူများ ပူးပေါင်းဆောင်ရွက်ခဲ့သော ကိုယ့်အားကိုယ်ကိုး ကျေးရွာလျှပ်စစ်မီးလင်းရေးအတွက် ဒီဇင်ဘာ ၅ ရက်က လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ရာ အုပ်စုအတွင်းရှိ ကျေးရွာများတွင် ကွန်ကရစ်မီးတိုင် ၉၄ တိုင်ကို ကျောက်တံခါးမြို့ လျှပ်စစ်အင်ဂျင်နီယာမှူး ဦးသက်ဆွေဝင်းနှင့် EP ဝန်ထမ်းများက စိုက်ထူပေးခဲ့ရာ ဒီဇင်ဘာ ၂၄ ရက်တွင် ပထမအဆင့်ပြီးစီးခဲ့ပြီး ဒုတိယအဆင့်အနေဖြင့် ထရန်စဖော်မာနှင့် လျှပ်စစ်မီးကြိုးများ သွယ်တန်းခြင်းလုပ်ငန်းကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် ဧပြီလတွင် ရင်းတိုက်ကုန်းကျေးရွာအုပ်စုရှိ ကျေးရွာပေါင်းခုနစ်ရွာတွင် အိမ်တိုင်းလျှပ်စစ်မီးသုံးစွဲခွင့်ရတော့မည်ဖြစ်၍ ကျေးရွာနေပြည်သူများက ဝမ်းသာပီတိဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။ **ခင်ကို(ကျောက်တံခါး)**

သကြားစက်ရုံတည်ဆောက်ရေးစီမံကိန်းရှင်းလင်း ပညာရေးရန်ပုံငွေများပေးအပ်

ကသာ ဒီဇင်ဘာ ၂၆

MSD မြန်မာသကြား ဖွံ့ဖြိုးတိုးတက်ရေး အများပိုင်ကုမ္ပဏီလီမိတက်၏ EIA-SIA ရှင်းလင်းတင်ပြပွဲနှင့် ပညာရေးရန်ပုံငွေပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၁၁ နာရီက ကသာမြို့နယ် စကားကုန်းကျေးရွာအုပ်စု လှော်ကဆင်းကျေးရွာအနီးရှိ စက်ရုံဝင်းရှင်းလင်းဆောင်၌ ကျင်းပသည်။

ရှေးဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စားခရိုင်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က အမှာစကားပြောကြားပြီး ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးဝင်းဌေးနှင့် ဦးအေးသီဟတို့က သကြားစက်ရုံတည်ဆောက်ခြင်းနှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံများအပေါ် အကျိုးသက်ရောက်နိုင်မှုများနှင့် ဆောင်ရွက်မည့်အစီအမံများကို ဆွေးနွေးတင်ပြသည်။ ထို့နောက် တက်ရောက်လာသည့်ဒေသခံကျေးလက်ပြည်သူများ၏ ဆွေးနွေးမေးမြန်းချက်များကို ကုမ္ပဏီတာဝန်ရှိသူများက ပြန်လည်ဖြေကြားပြီး ကျေးရွာခြောက်ရွာရှိစာသင်ကျောင်းများအတွက် ပညာရေးရန်ပုံငွေကျပ်သိန်း ၆၀ ကိုပေးအပ်လှူဒါန်းရာ ကျောင်းတာဝန်ရှိသူများက လက်ခံယူကြသည်။

တွက်ခြေကိုက်

မြန်မာသကြားဖွံ့ဖြိုးတိုးတက်ရေးအများပိုင်ကုမ္ပဏီလီမိတက်သည် ကသာမြို့နယ် စကားကုန်းကျေးရွာအုပ်စုတွင် တစ်ရက်လျှင်ကြံတန်ချိန် ၅၀၀၀ ကြိတ်ဝါးနိုင်မည့် နိုင်ငံတကာအဆင့်မီ သကြားစက်ရုံကြီးကို ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် စတင်တည်ဆောက်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ် ကြံရာသီအမီ စက်ရုံလည်ပတ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ကသာမြို့ အရှေ့ဘက်ဒေသ၌ ကြံစိုက်ပျိုးဧကတစ်သိန်းကျော်ရှိရာ စက်ရုံတည်ဆောက်ပြီးပါက သယ်ယူပို့ဆောင်စရိတ် သက်သာစွာဖြင့် ကြံများပေးသွင်းနိုင်မည်ဖြစ်သဖြင့် ဒေသခံကြံတောင်သူများအတွက် စီးပွားရေးတွက်ခြေကိုက်မှုရှိကြောင်း သိရသည်။

စမ်းဦး(ကသာ)

အန္တရာယ်ကင်းသော စားသောက်ကုန်များဖြစ် မဖြစ် စားသုံးသူများလက်အတွင်းသို့မရောက်မီ စစ်ဆေးနိုင်မည့်စက်တပ်ဆင်

မန္တလေး ဒီဇင်ဘာ ၂၆

မြန်မာနိုင်ငံအတွင်းမှ စားသောက်ကုန်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဂျပန်နိုင်ငံစားသောက်ကုန်ပညာရှင်များ၏အကူအညီအရ စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ စားသောက်ကုန်လုပ်ငန်းရှင်များအား စားသောက်ကုန်အမျိုးမျိုးကို စမ်းသပ်မှုများပြုလုပ်ကာ ကုန်ထုတ်လုပ်သူများ၏ ကုန်ပစ္စည်းအရည်အသွေးကို စစ်ဆေးနိုင်ပြီး စားသုံးသူအတွက် အန္တရာယ်ကင်းသော စားသောက်ကုန်များကို ဈေးကွက်အတွင်းမတင်ပို့မီ သိရှိနိုင်ရန် စစ်ဆေးနိုင်မည့် (Incubator) ဗက်တီးရီးယားမွေးသောစက်အပါအဝင် ဆက်စပ်ပစ္စည်းများဖြင့် စစ်ဆေးမှုများပြုလုပ်နိုင်မည်ဖြစ်သည်။ ဗက်တီးရီးယားများကိုမွေးမြူကာ မိမိတို့ထုတ်လုပ်သည့် ထုတ်ကုန်များ၏ သန့်ရှင်းမှုကို စစ်ဆေးနိုင်ပြီး မည်မျှအထိဗက်တီးရီးယားပါဝင်သည် စသည့်စစ်ဆေးချက်များနှင့် စားသုံးသူလက်သို့အန္တရာယ်ရှိသော စားသောက်ကုန်များဖြစ်မဖြစ် ဖြန့်ဖြူးမှုမပြုလုပ်ခင် စစ်ဆေးနိုင်မည်ဖြစ်ပြီး အဆိုပါစက်နှင့် ဆက်စပ်ပစ္စည်းများကို ဂျပန်နိုင်ငံမှတင်သွင်းကာ ငွေကျပ် ၆ သိန်း ကျော် ၇ သိန်းဝန်းကျင်ဖြင့် စားသောက်ကုန်ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းက တပ်ဆင်ပေးလျက်ရှိကြောင်း အသင်းတာဝန်ခံတစ်ဦးက ပြောကြားသည်။

ထိုသို့ စက်များတပ်ဆင်ခြင်းကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ၈၄ လမ်း(အောင်ဆန်းလမ်း)၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြားရှိ လကၡာမုန့်တိုက်တွင်အသင်းမှတာဝန်ရှိသူများက စက်များကို လာရောက်တပ်ဆင်ပေးခြင်းနှင့် အသုံးပြုရမည့်နည်းစနစ်များကို လက်တွေ့လုပ်ဆောင်ရှင်းလင်းပြသသည်။

လုပ်ငန်းရှင်များအနေဖြင့် အဆိုပါစက်ပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများကို ထားရှိရန်အတွက် ဓာတ်ခွဲခန်းလိုအပ်မည်ဖြစ်ပြီး အလျား ၈ ပေ၊ အနံ ၉ ပေနှင့် အမြင့် ၆ ပေခန့်ရှိ မှန်လုံခန်းတစ်ခန်း လိုအပ်မည်ဖြစ်သည်။ အဆိုပါအခန်းသည် အငယ်ဆုံးအနေအထားတွင်ရှိမည်ဖြစ်ပြီး လုပ်ငန်းအခြေအနေအရ ထိုထက်ကြီးမားသောအခန်းများဖြင့် လုပ်ဆောင်ကြရမည်ဖြစ်သည်။

မန္တလေးတိုင်းဒေသကြီးတွင် အဆိုပါ စက်ပစ္စည်းအသုံးပြုကာ အန္တရာယ်ကင်းသော စားသောက်ကုန်များဖြစ်ကြောင်း စစ်ဆေးနိုင်မည့် စက်ပစ္စည်းအသုံးပြုသည့်လုပ်ငန်းရှင် ၃၀ ရှိပြီး စက်ပစ္စည်းတပ်ဆင်ထားသော အရေအတွက်မှာ ၃၀ ရှိပြီဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးတွင် လုပ်ငန်းရှင်ကြီးများအနေဖြင့် ကိုယ်ပိုင်ဓာတ်ခွဲခန်းကြီးများရှိသောကြောင့် အသင်း၏အကူအညီမလိုဘဲ ကိုယ်ပိုင်ဓာတ်ခွဲခန်းများထားရှိကြောင်း သိရသည်။ တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ယခုမှ စတင်လုပ်ဆောင်ခြင်းဖြစ်သောကြောင့် စက်အလုံးရေ ၅၀ သာ တပ်ဆင်အသုံးပြုလျက်ရှိကြောင်း အဆိုပါအသင်းဓာတ်ခွဲခန်းတာဝန်ခံက ပြောကြားသည်။

ထိုသို့ အသုံးပြုရန်အတွက် လုပ်ငန်းရှင်များအနေဖြင့် အသင်းနှင့်ဆက်သွယ်ကာဆောင်ရွက်ကြရမည်ဖြစ်ပြီး အသင်းကို တိုင်းဒေသကြီးများတွင် ထားရှိပြီး မန္တလေးတိုင်းဒေသကြီးအနေဖြင့် ၈၄ လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြား၊ ဈေးချိုတော်မြောက်ဘက်တိုက်ခန်း တတိယထပ်အခန်းအမှတ် (၆) တွင် ဆက်သွယ်နိုင်မည်ဖြစ်သည်။

ယခုလို စက်များကို တပ်ဆင်စစ်ဆေးခြင်းအားဖြင့် မိမိ၏စားသောက်ကုန်တွေမှာ ဗက်တီးရီးယားပိုးတွေ ရှိမရှိ သိရှိရပြီး ပစ္စည်းအရည်အသွေးကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်လာပြီး ကောင်းမွန်လာသည်နှင့်အတူ အရည်အသွေးကို ထိန်းနိုင်မည်ဖြစ်ပြီး စားသုံးသူလက်ထဲမရောက်ခင်မှာ အန္တရာယ်ကင်းသည့်စားသောက်ကုန်များထုတ်လုပ်ကာ စားသုံးသူအတွက် လုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဝေဖြိုးအောင်

လျှပ်စစ်သုံးလျှင် သတိယှဉ်၍ ဝန်အားမမျှ မသုံးရ

ပြည်တွင်းသတင်း

ချင်းတွင်းမြစ်အနောက်ဘက်ခြမ်း ကုန်စည်စီးဆင်းမှုမြန်ဆန်စေမည့် အောင်ဇေယျ-ကက်သာလမ်းဖောက်

စစ်ကိုင်း ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းမြို့နယ်များနှင့် နယ်စပ်ဒေသ တမူးမြို့မှတစ်ဆင့် ကလေး၊ မုံရွာမြို့များသို့ ကုန်စည်စီးဆင်းမှု ပိုမိုလျင်မြန်လာစေမည့် တမူးမြို့နယ် အောင်ဇေယျကျေးရွာမှ ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ် အနောက်ဘက်ကမ်း ကက်သာကျေးရွာသို့ ၃၈ မိုင်ဝေးသော ကားလမ်းကို ဖောက်လုပ်လျက်ရှိသည်။ အောင်ဇေယျ-ကက်သာ လမ်းပိုင်းကောင်းမွန်ရေးအတွက် အဆင့်မြှင့်တင်ရေးလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့က ကျပ်သန်းပေါင်း ၈၇၅ သန်းချထားပေးရာ Astro World နှင့် MIT-ကုမ္ပဏီတို့က တာဝန်ယူ ခင်းကျင်းဆောင်ရွက်နေခြင်းဖြစ်ပြီး တစ်ကြောင်းထိုးလမ်းဖောက်လုပ်ပြီးစီးပြီဖြစ်ရာ မော်တော်ယာဉ်များ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။ လမ်းအဆင့်မြှင့်တင်ခြင်းကို Astro World က မြေသားလမ်း ပေ ၃၀ အကျယ်ဖြင့် မိုင် ၂၀ ကို တာပေါင်တင်ဆောင်ရွက်လျက်ရှိပြီး MIT ကုမ္ပဏီက ချောင်းကျောက်ဖြင့် အမာခံလမ်းဖောက်လုပ်ခင်းနေခြင်းကို မိုင် ၂၀ ဆောင်ရွက်သွားမည်ဖြစ်ကာ လမ်းအားလုံးပြီးစီးသွားပါက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ဟုမ္မလင်းမြို့မှ ချင်းတွင်းမြစ်အနောက်ဘက်ကမ်း ကက်သာသို့ကူးကာ ၃၈ မိုင် တစ်ဖာလုံကွာဝေးသည့် အောင်ဇေယျကျေးရွာထိုမှတမူးစေတီ ကားလမ်း ၄၂ မိုင်ခြောက်ဖာလုံရှိ တမူးမြို့သို့ရောက်ရှိကာ တမူး-ကလေး- ကလေးဝ-မုံရွာမြို့များသို့ လွယ်လင့်တကူသွားရောက်နိုင်တော့မည်ဖြစ်သည်။

"ချင်းတွင်းမြစ်ရဲ့ အရှေ့ဘက်ကမ်းမှာရှိတဲ့ဟုမ္မလင်းက ကမ်းရဲ့အနောက်ဘက်မှာရှိတဲ့ ကက်သာထက် စီးပွားရေး၊ လူမှုရေးကအစ အစစ အရာရာတိုးတက်ပါတယ်။ ချင်းတွင်းမြစ်တစ်လျှောက် ကြည့်လိုက်ရင်ကမ်းရဲ့အနောက်ဘက်ကထက် ပြည်တွင်းနေရာများနဲ့ တစ်ဆက်တစ်စပ်တည်းရှိတဲ့ ကမ်းရဲ့အရှေ့ဘက်ဒေသတွေက တိုးတက်တာတွေ့ရပါတယ်။ အခုလို ချင်းတွင်းမြစ် အနောက်ဘက်ခြမ်း ဒေသသွားလာမှုတွေကို ကောင်းမွန်အောင်ဆောင်ရွက်တာဟာ လုပ်တဲ့လမ်းတင်မကပါဘူး။ ဆက်စပ်နေတဲ့ ဒေသတွေအားလုံး ဖွံ့ဖြိုးဖို့အထောက်အကူအများကြီးဖြစ်စေပါတယ်" ဟု ချင်းတွင်းမြစ်တစ်လျှောက် ကုန်သွယ်နေသူဝါရင့်ကုန်သည်တစ်ဦးက ပြောပြသည်။

မျိုးဝင်းထွန်း(မုံရွာ)

အအေးပို၍ စောင်၊ အနွေးထည်ဝယ်ယူသူများပြား ဈေးရောင်းသူများအဆင်ပြေ

ဖန်းမော် ဒီဇင်ဘာ ၂၆

ကချင်ပြည်နယ် ဖန်းမော်မြို့၏ ဆောင်းရာသီအအေးပို၍ ဒေသခံပြည်သူများစောင်၊ အနွေးထည်အဝတ်အထည်များ ဝယ်ယူလျက်ရှိကြသည်။

"ဖန်းမော်မြို့ ရာသီဥတုအပူချိန်မှာ လွန်ခဲ့တဲ့ သုံးလေးရက်ခန့်က ၇ ဒီဂရီစင်တီဂရိတ်ရှိတယ်။ ဒီကနေ့ မိုးတိမ်ရှိလို့ အအေးသက်သာလာတယ်"ဟု မိုးလေဝသနှင့် ဇလဗေဒဦးစီးအရာရှိ ဦးလွင်က ဒီဇင်ဘာ ၂၅ ရက် ညနေပိုင်းက ပြောပြသည်။

ကုက္ကိုလ်တောရပ် ဖန်းမော်-မန်စီကားလမ်းဘေး အနွေးထည်ဆိုင်တွင် ဒီဇင်ဘာ ၂၅ ရက် ညနေ ၃ နာရီ ခရစ္စမတ်နေ့တွင် ကလေးဝတ်၊ လူကြီးဝတ်အကျႌ၊ ဘောင်းဘီ၊ ကုတ်အကျႌ အမျိုးမျိုးဝယ်ယူသူများဖြင့် စည်ကားလျက်ရှိသည်။ **(ယာပုံ)**

ထို့အတူ သီရိရတနာဈေး၊ ပလောင်အဝတ်အထည်ဆိုင်များ၊ နေအိမ် အဝတ်အထည်ဆိုင်များတွင် စောင်၊ အနွေးထည်အကျႌ၊ ဘောင်းဘီရှည်၊ ဦးထုပ်၊ ခြေအိတ်၊ ရှူးဖိနပ် အမျိုးမျိုးဝယ်ယူကြသူ များပြား၍ ရောင်းအားကောင်းလျက် ရှိကြောင်း သိရသည်။

ဆီမီးခုံ -နန်းရီ

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၆-၁၂-၂၀၁၃

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး	တစ်ကျပ်သား	၆၄၆၅၀၀-၆၀၈၅၀၀
မန္တလေးရွှေဈေး	တစ်ကျပ်သား	၆၄၅၆၀၀-၆၀၇၆၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၇၃-၉၈၃	ကျပ်
ယူရောပ	တစ်ယူရို	၁၃၃၂-၁၃၆၅	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၅-၇၈၇	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၃-၃၀.၇	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၂-၁၆	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၅	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၇၅-၂၉၅	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၉၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၆၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၇၀၀-၄၂၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၅၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၅၀၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၈၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၆၅၀၀-၁၃၂၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၀၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ နှမ်းဆန်	တစ်အိတ်	၁၉၀၀၀
၂။ ပေါ်ကွဲ(အသစ်)	တစ်အိတ်	၁၆၀၀၀
၃။ ပေါ်ဆန်းယဉ် (အသစ်)	တစ်အိတ်	၂၁၀၀၀-၂၃၀၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၄၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၅၆၅
၆။ မြင်းခြံကြက်သွန်နီ	တစ်ပိဿာ	၂၅၀-၇၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၀၀-၁၈၅၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၀၇၅-၁၁၀၀
၉။ အာလူး(ဟဲဟိုး)	တစ်ပိဿာ	၅၅၀-၆၈၀
၁၀။ ငရုတ်ရှည် (ဝါးခယ်မ)	တစ်ပိဿာ	၂၄၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၅၀၀၀
၁၂။ သကြား	တစ်ပိဿာ	၉၀၀-၉၄၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၆

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာနှင့် ရုံးလုပ်ငန်းအခြေခံသင်တန်းအမှတ်စဉ် (၃၆) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၂၃ ရက် နံနက် ၉ နာရီခွဲက ပြည်တွင်းအခွန်များဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲ၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) အောင်ဘာလေသိန်းဆုဌာနခွဲ ညွှန်ကြားရေးမှူး ဦးသိန်းနိုင် တက်ရောက်၍ သင်တန်းဖွင့်အမှာစကားပြောကြားသည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက်ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား ၄၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တခြောက်ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ပြည်တွင်းအခွန်များဦးစီးဌာန

ရန်ကုန်တိုင်းဒေသကြီး၊ တိုးချောင်ကလေးကျေးရွာ၊ ကျုံခရင်းကွင်း အမှတ် ၄၆၁၊ ဦးပိုင်အမှတ် ၃၄တွင် ဦးမောင်စိန်အမည်ဖြင့်ရှိနေသော လယ်(၁၄)ဧကနှင့်ပတ်သက်၍ အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၆)ရပ်ကွက်၊ ပြည်ထောင်စုလမ်းမ၊ အမှတ် ၂၂ နေ ဒေါ်လှရှင် ၁၂/လကန(နိုင်)၀၇၁၅၉၀နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၇)ရပ်ကွက်၊ နှင်းဆီမြိုင်လမ်း၊ အမှတ် ၂၇၅နေ ဒေါ်အုန်းသိန်း ၁၂/လကန(နိုင်)၀၆၇၀၁၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။ အထက်ပါမြေ၏ပိုင်ရှင် ဦးမောင်စိန်သည် သားသမီးငါးဦးမွေးဖွားခဲ့ပါသည်။ ဦးမောင်စိန်ကွယ်လွန်သောအခါ အငယ်ဆုံးသမီးဖြစ်သူ ဒေါ်ခင်သောင်း၏ခင်ပွန်းအား ထိုလယ်မြေပေါ်တွင် လယ်ယာလုပ်ငန်းလုပ်ကိုင်ရန် ကျန်အမွေဆိုင်မောင်နှမများက ခွင့်ပြုထားခဲ့ပါသည်။ ထို့ကြောင့် ကျန်အမွေဆိုင်မောင်နှမများ၏ တရားဝင်သဘောတူခွင့်ပြုချက်မပါရှိဘဲ ထိုမြေ (၁၄)ဧကကို လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လှူဒါန်းခြင်းတို့ မပြုလုပ်ရန်နှင့် အကယ်၍ပြုလုပ်ခဲ့ပါက ယင်းဆောင်ရွက်မှုသည် တရားမဝင်ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခိုင်ဇာဇာဝင်း LL.B တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၈၃)

အမှတ် ၅၁၂(ခ)၊ ဇေယျာမြိုင်လမ်း၊ (၅၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၅၀၀၂၀၂၇၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၁၃၃၂)၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ဗိုလ်ကြီးသိန်းဖေ ၁၄/ပသန (နိုင်)၀၀၀၀၃၅ အမည်ဖြင့် နေထိုင်ခွင့်ချထားပေးသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသည်ဟုဆိုသူ ဒေါ်ညွှန့်ညွှန့်လှိုင် ၁၂/စခန(နိုင်)၀၂၃၉၆၈ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ၁၈-၁၂-၂၀၁၃ရက်တွင် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို အပြီးသတ်ငွေချေပြီး ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများယူဆောင်၍ ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ချို(စဉ်-၆၃၂၀)

တရားလွှတ်တော်ရှေ့နေ

အမှတ် ၆၆၊ နတ်ရှင်နောင်လမ်း၊ ၁ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉-၄၃၀၈၈၅၄၉

လေလံကြော်ငြာ

၁။ တပ်မတော်(ရေ)တွင် အသုံးမပြုတော့သည့် ရန်နိုင်ရေယာဉ်(၄၀၄)၊ (၅၀၆) နှင့်(၅၁၂) တို့အား အောက်ပါအတိုင်း လေလံတင်ထုခွဲရောင်းချမည်ဖြစ်ပါသည်-

(က) **ပစ္စည်းတည်ရှိရာနေရာ** - (၁) ရန်နိုင်(၄၀၄)၊ ရခစ(၄၇)၊(မလိကျွန်း)၊ တရခ၊ ကျွန်းစုမြို့နယ်။
(၂) ရန်နိုင်(၅၀၆)၊ ရယစ(၅၆)၊ တရခ၊ကျွန်းစုမြို့နယ်။
(၃) ရန်နိုင်(၅၁၂)၊ ရခစ(၃၇)(ကျောက်ထနောင်း) တရခ၊ ကျွန်းစုမြို့နယ်။

(ခ) **လေလံတင်ရောင်းချမည့် ရက်/အချိန်** - ၂၀၁၄ခုနှစ်၊ ဇန်နဝါရီ ၃ ရက် နံနက် ၉ နာရီ။

(ဂ) **လေလံတင်ရောင်းချမည့် နေရာ** - ဟောပြောခန်းမ၊ ရေတပ်ပင်မပစ္စည်းထိန်းတပ်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

(ဃ) **လေလံလျှောက်လွှာ ရောင်းချမည့်နေရာ** - ရေတပ်ပင်မပစ္စည်းထိန်းတပ်၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၂။ အထက်ပါရေယာဉ်များအား စိတ်ဝင်စားသူများသည် ၂၇-၁၂-၂၀၁၃ရက်မှစ၍ ၂-၁-၂၀၁၄ရက်အထိ ရုံးချိန်အတွင်း ရေတပ်ပင်မပစ္စည်းထိန်းတပ်နှင့် တယ်လီဖုန်းနံပါတ် ၀၃၁-၃၁၈၈၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ကြက်ခြေနီရှေးဦးပြုစုခြင်း အခြေခံသင်တန်း သီပေါမြို့နယ်၌ ဖွင့်လှစ်

သီပေါ ဒီဇင်ဘာ ၂၆

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် ကြက်ခြေနီအသင်းက ကြီးမှူးဖွင့်လှစ်သော ကျောင်း ကြက်ခြေနီအသင်းဝင်များ ရှေးဦးပြုစုခြင်း အခြေခံသင်တန်း (၁/၂၀၁၃)ဖွင့်ပွဲကို ဒီဇင်ဘာ ၂၆ ရက် နံနက် ၁၀ နာရီက အမှတ်(၁)အခြေခံပညာမူလတန်းလွန်ကျောင်းခန်းမ၌ ကျင်းပရာ အထက၊ အလက၊ အမကကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာများနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။ **(ယာပုံ)**

ရှေးဦးစွာ သီပေါမြို့နယ် ကြက်ခြေနီအသင်းဥက္ကဋ္ဌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာညွန့်ဦးမောင်က အမှာစကားပြောကြားပြီး မြို့နယ် ကြက်ခြေနီအသင်း/တပ်ဖွဲ့ ဂုဏ်ထူးဆောင် အဆင့်မြင့်နည်းပြ ကြက်ခြေနီဦးသန်းမြင့်က ကြက်ခြေနီရေးရာသိကောင်းစရာများနှင့် ကြက်ခြေနီတပ်ဖွဲ့ရေး/ထောက်ဦးသိန်းစိုးနိုင်က သင်တန်းစီမံချက်နှင့် သင်တန်းတွင် ဆောင်ရန်၊ ရှောင်ရန်စည်းကမ်းများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ကျောင်းကြက်ခြေနီ အခြေခံ ရှေးဦးပြုစုခြင်းသင်တန်းတွင် ရှေးဦးပြုစုခြင်း သဘောတရားများ၊ လူနာဆန်းစစ်ခြင်း၊ ဒဏ်ရာအမျိုးမျိုးနှင့် သွေးယိုစီးခြင်း၊ သွေးဆုတ်သွေးလှန့်ခြင်း၊ အပူလောင်ခြင်းအမျိုးမျိုး၊ အထွေထွေရှေးဦးပြုစုခြင်း၊ လူနာကိုင်တွယ်နည်းနှင့် သယ်ယူခြင်းအပြင် စစ်ရေးပြနည်းများကိုလည်း လက်တွေ့ပြသ သင်ကြားပေးဦးမည်ဖြစ်ရာ သင်တန်းသို့ သင်တန်းသား ၅၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ တစ်ပတ်ဖြစ်ကြောင်း သိရသည်။

စိုင်း(သီပေါ)

ပြည်မြို့တွင် မူးယစ်ဆေးဝါးဆန့်ကျင်ရေးလှုံ့ဆော်မှုဆိုင်းဘုတ်စိုက်ထူ

ပြည် ဒီဇင်ဘာ ၂၆

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တိုင်းခွဲက ကြီးမှူးကျင်းပသော မူးယစ်ဆေးဝါးဆန့်ကျင်ရေး လှုံ့ဆော်မှုဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် ညနေ ၃ နာရီက ပြည်ဘူတာရှေ့၌ ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ဥက္ကဋ္ဌ ရဲမှူးကြီးမြင့်စိုး(ငြိမ်း)နှင့် တိုင်းဒေသကြီး အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်ခရိုင်နှင့် သာယာဝတီခရိုင် ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပညာရေးဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

လှုံ့ဆော်မှုဆိုင်းဘုတ်များကို ပြည်ဘူတာရှေ့တွင်လည်းကောင်း၊ ပြည်အမှတ်(၂)ရဲစခန်းရှေ့တွင် လည်းကောင်း၊ ခေတ္တရာမြို့သစ်၊ အဝေးပြေးကားဂိတ်အနီးတွင်လည်းကောင်း စည်ကားသိုက်မြိုက်စွာ စိုက်ထူခဲ့သည်။

ဆောင်ရွက်

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)သည် ဗဟိုအသင်းကြီးက ချမှတ်ထားသောစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အသင်းတိုးတက်ရာတိုးတက်ကြောင်းကို ဆောင်ရွက်လျက်ရှိသည်။ လူငယ်ထုအတွင်း မူးယစ် ဆေးဝါးကင်းစင်စေ၍ မူးယစ်ဆေးနှင့် ဆက်နွယ်ဖြစ်ပွားတတ်သော HIV/AIDS ရောဂါများ ကူးစက်မှုမဖြစ်ပွားရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တစ်တပ်တစ်အား ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မောင်ရွှေဝင်း(ပြည်)

အများပြည်သူသို့ အသိပေးပန်ကြားချက်

၁။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့် မလွတ်သော သစ်ပင်/သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ဖြစ်ပါ၍ ၂၈-၁၂-၂၀၁၃ ရက်တွင် မြောက်ဥက္ကလာပ၊ ဒဂုံ(တောင်)၊ သာကေတ၊ ပုဇွန်တောင်၊ ဗိုလ်တထောင်၊ တာမွေ၊ သဃ်န်းကျွန်း၊ တောင်ဥက္ကလာပ၊ ကျောက်တံတား၊ လသာ၊ ကျောက်တန်း၊ သုံးခွ၊ အင်းစိန်၊ လှိုင်သာယာ၊ ထန်းတပင်၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉:၀၀ နာရီမှ ၁၃:၀၀ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၃။ ၂၉-၁၂-၂၀၁၃ ရက်တွင် ဒဂုံ(တောင်)၊ ကျောက်တံတား၊ အင်းစိန်၊ ရွှေပြည်သာ၊ မှော်ဘီမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် ၀၉:၀၀ နာရီမှ ၁၇:၀၀ နာရီအတွင်း ယာယီဓာတ်အားပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေဆောင်ရွက်ရန် လိုအပ်သည့်လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် အနူးအညွတ်တောင်းပန်ပါကြောင်း ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့

ရွှေတွင်းတူးဆည်ရွာ ကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်း

ဝမ်းတွင်း ဒီဇင်ဘာ ၂၆

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ထီလှိုင်ကျေးရွာအုပ်စုအတွင်းရှိ ရွှေတွင်းတူးဆည်ရွာသည် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် လျှပ်စစ်မီးရရှိရေး ဆောင်ရွက်ခဲ့ရာတွင် ယခုအခါ လျှပ်စစ်မီးလင်းနေပြီဖြစ်သည်။

ရွှေတွင်းတူးဆည်ရွာသည် ဝမ်းတွင်းမြို့မှ ကိုးမိုင်ခန့်ဝေးကွာပြီး ယခင်က တောင်သူလုပ်ငန်းကို လုပ်ကိုင်ခဲ့ပြီး လူငယ်များအနေဖြင့် ရွာတန်းအုပ်စုနှင့် ပဲခင်းကျော်အုပ်စု ကျေးရွာများသို့သွားရောက်၍ ရက်ကန်းလုပ်ငန်းများ လုပ်ကိုင်နေကြရသည်။ ယခုအခါ လျှပ်စစ်မီးရရှိလာသည့်အတွက် မိမိတို့ကျေးရွာတွင် စက်ရက်ကန်းစင်ပေါင်း ၁၈၉ စင်၊ ရက်ဖောက်ခုံ ၈၁ ခုံဖြင့် စက်မှုလုပ်ငန်းဆောင်ရွက်နေပြီဖြစ်သည်။ ယခင်က မိမိတို့ကျေးရွာမှ လျှပ်စစ်မီးမရရှိ၍ လူငယ်များ အခြားကျေးရွာများသို့ သွားရောက်၍ စက်ရက်ကန်းလုပ်ငန်းများ လုပ်ကိုင်ကြရသည်။ ယခုအခါ လျှပ်စစ်မီးရရှိသည့်အတွက် ရက်ကန်းလုပ်ငန်းများကို မိမိတို့ကျေးရွာမှာပင် လုပ်ကိုင်ကြရသည့်အပြင် ရက်ကန်းလုပ်ငန်းများမှထွက်ရှိသော အထည်များကို တစ်ပါတည်းချုပ်ပေးရသည့်အတွက် အထည်ချုပ်သူများပါ အလုပ်အကိုင်အခွင့်အလမ်းများရရှိနေပြီး ဝင်ငွေများတိုးတက်နေကြောင်း ကျေးရွာကိုယ့်အားကိုယ်ကိုးလျှပ်စစ်မီးလင်းရေးဥက္ကဋ္ဌက ပြောကြားသည်။ **ဒွေးလှိုင်(ဝမ်းတွင်း)**

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျိုက်လတ်လမ်း၊ တိုက်အမှတ် ၂၁/ခ(၁)နေ (ဦးချစ်ဆိုင်)-ဒေါ်တင်တင်ဝင်းတို့၏သား **မောင်သက်နိုင်ဝင်း** (အထွေထွေမန်နေဂျာ၊ Myanmar Microfinance Bank)

နှင့်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ၁၅၄ လမ်း၊ အမှတ် ၉/ကနေ ဦးအောင်သိန်းမြ-ဒေါ်အေးကြည်တို့၏သမီး **မအေးအေးအောင်**(ဒုတိယအထွေထွေမန်နေဂျာ၊ Myanmar Microfinance Bank) တို့သည် ၂၄-၁၂-၂၀၁၃ရက်တွင် နှစ်ဖက်သော မိဘဆွေမျိုးများ ရှေ့မှောက်၌ စေ့စပ်ကြောင်းလမ်းပြီးဖြစ်ပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်သက်နိုင်ဝင်း-မအေးအေးအောင်

[illegible]

ကံကောင်း

အိမ်၊ ခြံ၊ မြေ အကျိုးဆောင်

သီလဝါ၊ ဖလမ်း၊ တပ်ရာကုန်း၊ စံချိန်မီ ၃၊ ၂၊ ၁၊ မြိုင်သာယာ၊ VIP 80'x60' လုံးချင်းတိုက်များ၊ သိန်း၄၀သွင်းရသော VIP မြေကွက်များ၊ သန်လျင်၊ ကျောက်တန်း မြေကွက်များ ရောင်းဝယ်ရန်ရှိသည်။

(သီလဝါ၊ သန်လျင်၊ ကျောက်တန်း) သီးသန့်

ဖုန်း-၀၉-၄၉၃၀၀၉၆၇၊ ၀၉-၄၂၀၁၈၅၅၉၉

၀၉-၄၂၀၁၈၅၅၇၇၊ ၀၉-၇၃၂၂၇၅၅၆၊ ၀၉-၄၄၀၀၀၅၀၁၈

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့(၈) တောင်ကုတ်မြို့မှ ၂၀၁၃-၂၀၁၄ဘဏ္ဍာရေးနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် လမ်း/တံတားလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်တည်ဆောက်ရေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

စဉ်	ပေးသွင်းရမည့် ပစ္စည်းအမျိုးအစား	အရေအတွက်	ပေးသွင်းရသည့်နေရာ
က။	ဘိလပ်မြေ	၃၄၅.၃၇၅တန်	ပြည်-တောင်ကုတ်လမ်းမိုင်(၄၁/၀-၅၂/၀) အတွင်း
ခ။	မြစ်သဲ	၂၈၃.၃ကျင်း	ပြည်-တောင်ကုတ်လမ်းမိုင်(၄၁/၀-၅၂/၀) အတွင်း

၂။ **တင်ဒါလျှောက်လွှာပိတ်ရက်/အချိန်** - ၃-၁-၂၀၁၄ရက် ၁၄:၀၀နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံများကို အောက်ဖော်ပြပါနေရာတွင် ၂၃-၁၂-၂၀၁၃ ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

တင်ဒါလျှောက်လွှာဝယ်ယူရမည့်နေရာ - ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၈)၊ တောင်ကုတ်မြို့

ဆက်သွယ်ရန် ဖုန်း - ၀၉-၄၉၆၆၈၄၀၀

၄။ **တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၆-၁-၂၀၁၄ရက် ၁၄:၀၀နာရီ

၅။ **တင်ဒါဖွင့်လှစ်မည့်နေရာ** - ဒု-အင်ဂျင်နီယာမှူးကြီးရုံး၊ လမ်းအထူးအဖွဲ့(၈)၊ တောင်ကုတ်မြို့

တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ

အမည်ပြောင်း

ရွှေပြည်သာမြို့နယ်နေ ဦးမောင်သာထွန်း၏သမီး မခင်ထွေး ၁၂/ကမရ(နိုင်)၀၄၂၉၉၁ အစား မခင်ဌေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၁/ဗမာအေး၊ မြေကွက်အမှတ် ၄၅၆၊ မြေကွက်တည်နေရာအမှတ်-၄၅၆၊ မင်းရဲကျော်စွာ(၁)လမ်း၊ ဗမာအေးရပ်ကွက်၊ ဒေါပုံမြို့နယ် ဒေါ်သန်းရွှေအမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်သန်းရွှေ(မိခင်)နှင့်(ဖခင်)တို့ကွယ်လွန်သဖြင့်ဒေါ်တင်တင်ခိုင် ၁၂/ဒပန(နိုင်)၀၂၃၅၉၂ က တစ်ဦးတည်းသောသမီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မြေကွက်များဝယ်လိုသည်

[illegible]

[illegible]

DVB Multimedia Group

DVB

[illegible]

Win & Partners Law Firm

နိုင်ငံတကာအားကစားသတင်း

မန်ယူတို့ ခရစ္စမတ်ကာလမှာ အမှတ်ပြည့်ယူနိုင်ပါ့မလား

မိုးမြင့်လင်းလက်

ခရစ္စမတ်ပွဲကျပ်ကာလရဲ့ ပရီမီယာလိဂ်ပွဲစဉ်တွေကတော့ စတင်ဖြတ်သန်းနေပြီဖြစ်ပါတယ်။ ဒီဇင်ဘာ ၂၈ ရက်မှာ ကစားမယ့် ပရီမီယာလိဂ်ပွဲစဉ်တွေအဖြစ် နော့ဝှစ်နဲ့မန်ယူ၊ မန်စီးတီးနဲ့ ခရစ္စတယ်ပဲလေ့စ်၊ ဗီလာနဲ့ဆွမ်ဆီးတို့ကတော့ အကြိတ်အနယ်နွှဲရမယ့် ပွဲတွေဖြစ်နေပြီး ရမှတ်ကိုဘယ်လောက်အထိ စုဆောင်းနိုင်မလဲကြည့်ရမှာဖြစ်ပါတယ်။

နော့ဝှစ်နှင့် မန်ယူ

မန်ယူအတွက် စနစ်တကျပြင်ဆင်ကစားမှရမယ့်ပွဲပါပဲ၊ ခြေစွမ်းအတက်အကျထိန်းနေရတဲ့ မန်ယူဟာ ဒီပွဲကို လွယ်လွယ်ကူကူတော့ ဖြတ်သန်းနိုင်မှာ မဟုတ်ပါဘူး။ အိမ်ကွင်းမှာ အမှတ်ရအောင်ယူတတ်တဲ့ နော့ဝှစ်ဟာ တိုက်စစ်မထက်မြက်သလို ခံစစ်ပိုင်းလည်း ယိုယွင်းနေတဲ့လက်ရှိအနေအထားကို ပြုပြင်နိုင်တော့ မန်ယူထံမှ အမှတ်ရယူနိုင်ပါလိမ့်မယ်။ မန်ယူဟာ ဒီပွဲစဉ်မှာ အမှတ်ပြည့်ရအောင် စွမ်းဆောင်ဖို့ဆိုတာ ဒဏ်ရာရနေတဲ့ကစားသမားတွေ ပြန်ကစားနိုင်မှုနဲ့ ကစားသမားအခင်းအကျင်း မှန်ကန်ရင်တော့ အကောင်အထည်ဖော်နိုင်ပါမယ်။

မန်စီးတီးနှင့် ခရစ္စတယ်ပဲလေ့စ်

မန်စီးတီးတို့တော့ ဒီပွဲမှာ အမှတ်ပြည့်ယူပြီး တန်းစီဇယားထိပ်ဆုံးကို ရောက်ရှိရေး ဖိအားပေးကစားပါလိမ့်မယ်။ ဒီနှစ်ဘောလုံးရာသီမှာ အိမ်ကွင်း ရှုံးပွဲမရှိသေးတဲ့ မန်စီးတီးဟာ ခရစ္စတယ်ပဲလေ့စ်ကို လူစုံထုတ်ပြီး ဧည့်ခံမှာဖြစ်ပါတယ်။ ဒီနှစ်မှာ ပရီမီယာလိဂ်ဖလားရယူရေး အိပ်မက်ကို အကောင်အထည်ဖော်ဖို့အတွက် ဒီပွဲမှာ မန်စီးတီးတို့ အမှားလုပ်မှာ မဟုတ်ပါဘူး။

ဝက်စ်ဟမ်းနှင့် ဝက်စ်ဘရွန်း

နှစ်သင်းစလုံး တန်းဆင်းဇုန်နားက ဝေးအောင် ကြိုးစားရုန်းကန်ပါလိမ့်မယ်။ ဝက်စ်ဟမ်းဟာ အိမ်ကွင်းမှာလည်း ခြေစွမ်းမပြနိုင်တာမို့ ဝက်စ်ဘရွန်းတို့ အခွင့်အရေးတစ်ရပ်အဖြစ် အသုံးချနိုင်မလား ကြည့်ရမှာပါ။ အဝေးကွင်းမှာ သရေပွဲများတဲ့ ဝက်စ်ဘရွန်းဟာ ဒီပွဲမှာကံကောင်းမှ တစ်မှတ်ရမယ့်ကိန်းပါပဲ။

ဗီလာနှင့် ဆွမ်ဆီး

ဗီလာရဲ့ ဒီနှစ်ဘောလုံးခြေစွမ်းက အားရစရာတော့မရှိပါဘူး။ ဗီလာဟာ ခံစစ်ပိုင်းအားနည်းချက်ရှိသလို တိုက်စစ်ပိုင်းမှာလည်း အားရစရာတော့ မရှိပါဘူး။ ဆွမ်ဆီးက တိုက်စစ်မှူးတွေ ခြေစွမ်းပြဂိုးသွင်းနိုင်မှု ကျဆင်းနေတာမို့ အခုဗီလာနဲ့ပွဲမှာ ရင်လေးစရာတော့ ကောင်းနေပါတယ်။ ဒါပေမယ့် အကျပ်အတည်းကြားက ရုန်းထွက်တတ်တဲ့ ဆွမ်ဆီးရဲ့ အားထုတ်နိုင်မှုစွမ်းရည်ကတော့ အသိအမှတ်ပြုစရာဖြစ်ပါတယ်။

ဆွမ်ဆီးတိုက်စစ်မှူး ခြောက်ပတ်နားရမည်

ဆွမ်ဆီးတိုက်စစ်မှူး မီချူးသည် ခြေချင်းဝတ်ခွဲစိတ်ရန် လိုအပ်သဖြင့် ခြောက်ပတ်ကြာ ပြိုင်ပွဲများနှင့် လွဲချော်မည်ဖြစ်ကြောင်း ၎င်းကလပ်က ကြေညာသည်။ အသက် ၂၇ နှစ်အရွယ်ရှိ စပိန်တိုက်စစ်မှူးမီချူးသည် အဲဗာတန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်သည့်ပွဲတွင် လွဲချော်ခဲ့သည်။ ၎င်းကို ဓာတ်မှန်ရိုက်စစ်ဆေးပြီးနောက် ခွဲစိတ်ရန်လိုအပ်သည်ဟုဆိုသည်။ ၎င်းသည် ၂၀၁၂ ခုနှစ် နွေရာသီက ဗယ်လက်ကာနိုကလပ်မှ ဆွမ်ဆီးသို့ရောက်လာပြီးနောက် ၂၈ ဂိုးသွင်းယူပေးထားသည်။ ဆွမ်ဆီးတွင် တောင်ပံတိုက်စစ်မှူး နာသန်ဒိုင်ယာမှာလည်း ဒဏ်ရာကြောင့် အနားယူထားရသဖြင့် လောလောဆယ် ဆွမ်ဆီးတွင် တိုက်စစ်မှူးလိုအပ်ချက်ဖြစ်နေသည်။

စပါးနည်းပြတင်ရှားဝုဒ် အကောင်းဆုံးနည်းပြဖြစ်မည်ဟုယုံကြည်

စပါးအသင်းနည်းပြသစ်ဖြစ်လာသော တင်ရှားဝုဒ်က ၎င်းအနေဖြင့် အသင်းဗဟုသုတအတွေ့အကြုံများက နည်းပြအဖြစ် အောင်မြင်စွာလုပ်နိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

“ကျွန်တော့်အနေနဲ့ စပါးအသင်းမှာ အဆင့်တိုင်းလုပ်ကိုင်ဖူးတာကြောင့် အသင်းကို ကောင်းစွာကိုင်တွယ်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်”ဟု အသက် ၄၄ နှစ်ရှိ တင်ရှားဝုဒ်က ပြောသည်။ စပါးကွင်းလယ်ကစားသမားဟောင်း တင်ရှားဝုဒ်သည် နည်းပြဘိုအတ်ကို အလုပ်မှဖြုတ်လိုက်ပြီးနောက် ၁၈ လ စာချုပ်ဖြင့် စပါးနည်းပြလုပ်ရမည်ဖြစ်သည်။

ကောင်းမြတ်သူ-စုစည်းသည်

ဘွန်ဒက်စ်လီဂါနှင့် လိဂ်ရပ်တည်မှု

သီဟ

ဂျာမန်ဘွန်ဒက်စ်လီဂါ ရပ်တည်မှုဇယား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ဘိုင်ယန်မြူးနစ်	၁၆	၁၄	၂	၀	၄၄
၂	လေဗာကူဆင်	၁၇	၁၂	၁	၄	၃၇
၃	မိုချန်ဂလက်ဘတ်	၁၇	၁၀	၃	၄	၃၃
၄	ဒေါ့မွန်	၁၇	၁၀	၂	၅	၃၂
၅	ဝုဖ်ဘတ်	၁၇	၉	၃	၅	၃၀
၆	ဟာသာဘာလင်	၁၇	၈	၄	၅	၂၈
၇	ရှော်လ်ကေး	၁၇	၈	၄	၅	၂၈
၈	အော့စ်ဘတ်	၁၇	၇	၃	၇	၂၄
၉	မိန့်ဇ်	၁၇	၇	၃	၇	၂၄
၁၀	စတုဂတ်	၁၆	၅	၄	၇	၁၉
၁၁	ဝါဒါဘရီမင်	၁၇	၅	၄	၈	၁၉
၁၂	ဟော်ဖန်ဟိမ်း	၁၇	၄	၆	၇	၁၈
၁၃	ဟန်နိုဗာ	၁၇	၅	၃	၉	၁၈
၁၄	ဟမ်းဘတ်	၁၇	၄	၄	၉	၁၆
၁၅	ဖရန့်ဖတ်	၁၇	၃	၆	၈	၁၅
၁၆	ဖရိုင်းဘတ်	၁၇	၃	၅	၉	၁၄
၁၇	နုရင်ဘတ်	၁၇	၀	၁၁	၆	၁၁
၁၈	ဘရန်းရှ်ဗစ်	၁၇	၃	၂	၁၂	၁၁

ပြင်သစ်လီဂူး ရပ်တည်မှုဇယား

စဉ်	အသင်း	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ပီအက်စ်ဂျီ	၁၉	၁၃	၅	၁	၄၄
၂	မိုနာကို	၁၉	၁၂	၅	၂	၄၁
၃	လိုင်လီ	၁၉	၁၂	၄	၃	၄၀
၄	ဘော်ဒိုး	၁၉	၈	၇	၄	၃၁
၅	စိန့်အက်တီယန်	၁၈	၉	၃	၆	၃၀
၆	မာဆေး	၁၉	၈	၅	၆	၂၉
၇	နန့်တက်စ်	၁၉	၉	၂	၈	၂၉
၈	ရိမ်း	၁၉	၇	၈	၄	၂၉
၉	လော်ရီယန့်	၁၉	၈	၃	၈	၂၇
၁၀	လိုင်ယွန်	၁၉	၆	၇	၆	၂၅
၁၁	တူးလော့စ်	၁၉	၆	၇	၆	၂၅
၁၂	ဂူအင်ဂမ့်	၁၉	၆	၆	၇	၂၄
၁၃	ဘတ်စ်တီယာ	၁၉	၆	၆	၇	၂၄
၁၄	နိုက်	၁၉	၇	၂	၁၀	၂၃
၁၅	ရန်းနက်စ်	၁၉	၅	၆	၈	၂၁
၁၆	အီဗီယန်	၁၈	၅	၅	၈	၂၀
၁၇	မောင့်ပယ်လီယာ	၁၉	၂	၁၁	၆	၁၇
၁၈	ဗလင်စီနက်	၁၉	၃	၅	၁၁	၁၄
၁၉	ဆိုးချော့စ်	၁၉	၂	၅	၁၂	၁၁
၂၀	အဂျာစီယို	၁၉	၁	၆	၁၂	၉

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/သမိုင်း၊ မြေကွက်အမှတ် ၁၄/က၅၊ မြေကွက်တည်နေရာအမှတ် ၂၀၊ ဘောဂသိဒ္ဓိလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဒေါ်ရီမေသော်အမည်ပေါက် မြေပိုင်မြေ၊ အိမ်ရာမြေအား အမည်ပေါက် ဒေါ်ရီမေသော် ၂၀-၁၂-၂၀၀၀ ကွယ်လွန်သဖြင့် ဦးတင်ထွဋ် ၁၂/မရက(နိုင်)၀၂၉၆၈၃က တစ်ဦးတည်းသောခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မင်္ဂလာဆုတောင်း

ဒေါက်တာဇော်ဝင်းထွန်း M.B.B.S (YGN)

နှင့်

ဒေါက်တာချောစုလွင် (ခ) CATHERINE CHAW YANG

B.Sc, Biology (University of South Florida U.S.A)

တို့၏

၂၆-၁၂-၂၀၁၃ရက်မှသည် နောင်နှစ်ပေါင်းရာကျော်တိုင် သာယာပျော်ရွှင်သော ဘ၀ခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ဦးမျိုးညွန့်-ဒေါ်စန်းစန်းရီ
သား ယုံယုံ(ခ)ALBERT
NEW YORK (U.S.A)

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/၇(ကံဘဲ့)၊ မြေကွက်အမှတ် ၄၉/က၊ မြေကွက်တည်နေရာအမှတ် ၄၉/က၊ ခေမာသီလမ်းသွယ် ၃၊ မိကျောင်းကန်အပိုင်း(၃)၊ သဃ်္ဃန်းကျွန်းမြို့နယ် ဦးမင်းလွင် ၁၂/ဗဟန(နိုင်)၀၄၅၂၄၃အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးမင်းလွင်နှင့် ဇနီးဒေါ်စန်းရင်ကွယ်လွန်သဖြင့် ဦးကြည်လွင် ၁၂/ဗဟန(နိုင်)၀၄၇၆၂၁ နှင့် ဦးထွန်းလွင် ၁၂/သဃက(နိုင်)၁၆၀၆၆၃ တို့က သားသမီးများတော်စပ်ကြောင်း ကတိသစ္စာပြုလွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျားရည်စစ်ကိုစားသုံးပါ၊ လူတိုင်းကျန်းမာစိတ်ချမ်းသာ

ပျားရည်ကို လူတိုင်းနီးပါး စားသုံးဖူးကြသည်။ သုံးစွဲတတ်မည်ဆိုလျှင် အသက်ရှည်ဆေးတစ်မျိုးဖြစ်သည်။ မသုံးစွဲတတ်လျှင် ဘေးဖြစ်တတ်သည်။ ပျားရည်အစားများလျှင် တောက်တတ်သည်။ အော့အန်တတ်သည်။ ဆီးချိုဝေဒနာရှင်များနှင့်လည်း လုံးဝမတည့်။ ပျားရည်တွင် အချိုဓာတ်ပါသည့်အတွက်ကြောင့် ဆီးချိုဝေဒနာရှင်များ ဆီးချိုတက်တတ်သည်။ သို့သော် ပျားရည်စားပေးခြင်းဖြင့် အသက်ရှည်စေနိုင်သည်ဟု ဆိုသော်လည်း ဆီးချိုဝေဒနာရှင်များ မစားသုံးသင့်ပါ။ ပျားရည်ကို တစ်ကမ္ဘာလုံး လူမျိုးမရွေး၊ ဘာသာမရွေးသုံးစွဲမှုများပြားနေသည်ဖြစ်သည်။ တိုင်းပြည်မြို့ရွာဒေသအလျောက် လူမျိုးအသီးသီးတို့၏ သုတေသနပြုချက်များကို စာအုပ်စာတမ်းများတွင် ဖတ်ရှုမြင်တွေ့ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း တိုင်းရင်းသားတို့၏ လေ့လာတွေ့ရှိချက်များကို ဆိုင်ရာစာအုပ်စာပေများနှင့် သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများတွင် ပျားရည်၏ ဂုဏ်သတ္တိများကို လေ့လာမှတ်သားကြရမည်ဖြစ်သည်။ သို့ရာတွင် ပျားရည်နှင့်ပတ်သက်၍ ရှေးခေတ်ပညာရှိကြီးများ၏ အယူအဆဗဟုသုတများကိုလည်း သိရှိထားရန် လိုအပ်ပေသည်ဟု ထင်မြင်ယူဆမိပါသည်။ သို့အတွက်ကြောင့် ရှေးဟောင်းဆေးကျမ်းများမှ ခေတ်မီဆုံး၊ အစုံလင်ဆုံးဟု

ယူဆရသော အဂ္ဂမဟာသေနာပတိ ဝန်ရှင်တော်ယောမြို့စားမင်းကြီး ရေးသားပြုစုတော်မူသော ဉတုဘောဇနသင်္ဂဟကျမ်းမှ ပျားရည်နှင့်ပတ်သက်သည့် အခန်းကဏ္ဍကို ထုတ်နုတ်တင်ပြလိုပါသည်။ ပျားရည်ကို ရှေးမြန်မာ သမားတော်ကြီးများက မပုပ်ဆေးဟု တင်စားကြသည်။ ဘယ်လောက်နှစ်ကြာကြာထားထား ပုပ်ခြင်းမရှိ၊ နှစ်ရှည်လများထားပြီး သုံးစွဲလျှင်လည်း အာနိသင်ပျက်ပြယ်ခြင်း မရှိဟု ဆိုကြသည်။ ပန်းပေါင်းတစ်ထောင်ဆေးဟုလည်းခေါ်ကြသည်။ ပန်းပေါင်းစုံမှ ဝတ်ရည်များကိုစုပ်ယူ၍ ပျားတံတွေးနှင့် ဖန်တီးစုဆောင်းမှုဖြင့် အရသာရှိသည်။ ပိုးသန့်စင်သော ဆေးဖက်ဝင်အရည်တစ်မျိုးဖြစ်သည်ကို ကမ္ဘာမှအသိ အမှတ်ပြုကြသည်။ ယခုနှစ်ပေါ်သည့် ပျားရည်အသစ်ကို စားပေးလျှင် လူဝသည်။ အသံကောင်းသည်။ သလိပ်ကိုနိုင်သည်။ လူကို ဝစေတတ်သည်။ ပျားရည်အဟောင်းကိုစားလျှင် ရင်ချောင်သည်။ ချောင်းဆိုးပျောက်သည်။ အဆီအခဲနာ၊ သလိပ်နာကိုနိုင်သည်။ လူကိုပိန်စေသည်။ ဝမ်းကိုချုပ်စေသည်ဟု ဆိုကြသည်။ ပျားရည်ကိုရဟန်းရှင်လူအများ စတုမဓုချက်၍လည်း သုံးဆောင်နိုင်သည်။ စတုမဓုဆိုသည်မှာ လေးမျိုးပေါင်းစပ်ထားသည့်အတွက် စတုမဓုဟု ခေါ်ဆိုခြင်းဖြစ်သည်။ ငှက်ပျောသီး ဖီးကြမ်း၊ ထောပတ်၊ ပျားရည်နှင့် နှမ်းဆီလေးမျိုးရောစပ်ပြီး မီးနှင့်မတူးမခြစ်အောင်ချက်လျှင် စတုမဓုရသည်။ စတုမဓု၏အကျိုးကား ဂိလာနရဟန်း၊ သီလရှင်၊ ကျန်းမာရေးနည်းသောလူပုဂ္ဂိုလ်တို့ သုံးဆောင်မှီဝဲနိုင်သည်။ အထူးသဖြင့် သီလစောင့်သော ရဟန်းသာမဏေ၊ သီလရှင်များ၊ နေ့လွဲညစာ မသုံးဆောင်ရ၍ ဝေဒနာထခဲ့သော်စတုမဓုကိုသုံးဆောင်ပေးပါကအာပတ်လွတ်သည်။ ပျားရည်၏ အကျိုးကား ဆာသောအနာကို ပျောက်စေတတ်သည်။ ဝမ်းမီးကိုလည်းတောက်စေသည်။ ရာဇနိဃဏ္ဍုကျမ်း၊ ရာဇဝလ္လတကျမ်း၊ ဘာဝပ္ပကာသကျမ်း၊ သုသုကျမ်းတို့တွင် ပျားရည်မျိုးတို့ကို အယူဝါဒမညီ ကွဲပြားကြသည်။ ညှိနှိုင်းပြရမည်ဆိုလျှင် စဉ်းငယ်ဖန်သည်၊အဆီမရှိအစာကြေလွယ်၏၊ ဝမ်းမီးကိုတောက်စေတတ်၏၊ အနည်းငယ်စားလျှင်ဝမ်းချုပ်တတ်၏။ဝအောင်စားလျှင် ဝမ်းပျော့ပျော့သွား၏၊ ထမင်းမစားခင်စားလျှင် လူကိုပိန်စေတတ်၏။ ထမင်းစားပြီးမှစားလျှင် လူကိုဝစေတတ်၏၊ အသံကောင်းစေတတ်၏။ မျက်စိနဲ့လည်းသင့်၏။ ပေါက်သောအမာကို သုတ်သင်တတ်၏။ (အမာဟူသည်ကား အနာကိုဆိုလိုသည်)။ အနာကို လိမ်းပြီးလျှင်ခန္ဓာကိုယ်အပေါက်ငယ်တို့မှ ပျံ့နှံ့စေတတ်သည်။ သွေးလမ်းလေလမ်းကို ရှင်းလင်းစေတတ်၏။ သုတ်သင်စေတတ်၏။ နှလုံးကိုလည်း နှစ်သက်စေတတ်၏၊ လွန်စွာစိတ်ကြည်လင်ခြင်းကို ပြုစေတတ်၏။ အဆင်းကို ကောင်းစေတတ်၏၊ဉာဏ်ပညာကိုပွားစေတတ်၏။ သုက်ကိုပွားစေတတ်၏။ ခံတွင်းကိုရှင်းစေတတ်၏။ နှုတ်ကိုလည်း မြိန်စေတတ်၏။ နူနာ၊ မြင်းသရိုက်နာ၊ ချောင်းဆိုးနာ၊ သွေး၊ သည်းခြေ၊ လေသလိပ်၊ မောဟိနာ (ဒူလာရောဂါကို ဆိုလိုသည်။)မောပန်းနာ၊ ပိုးနာ၊ အဆီအခဲနာ၊ ရေငတ်သောအနာ၊ အော့နာ၊ အန်နာ၊ ပန်းနာ၊ ရှုရှိုက်သော အနာ၊ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ ဝမ်းချုပ်ရောဂါ၊ ကိုယ်ပူနာ၊ ထိခိုက်ရှနာသော အနာ၊ ဓာတ်ခွန်အားကုန်ခန်းသောအနာတို့ကိုနိုင်၏။ စဉ်းငယ်လေကို ပျက်စေတတ်၏။ အရိုးဆက်တတ်၏။ မေထုန်ကိုများစွာ မှီဝဲနိုင်၏။ အားကိုလည်းဖြစ်စေတတ်၏။ အဆိပ်ကိုလည်းနိုင်သည်ဟု ဆိုသည်။ သုသုတကျမ်းတွင်ကား ကြေလွယ်သောကြောင့် သလိပ်ကိုနိုင်၏။ ပျစ်ချွဲသောကြောင့်လည်းကောင်း၊ ချိုသောကြောင့်လည်းကောင်း၊ စဉ်းငယ် ဖန်သောကြောင့်လည်းကောင်း လေသည်းခြေကိုနိုင်၏ဟု ဆိုသည်။ သို့အတွက်ကြောင့် ပျားရည်ကို ဆေးဝါးအဖြစ်မှီဝဲသုံးဆောင်ကြသည်။ ပျားရည်တွင် အမျိုးမျိုးရှိသည်။ ပျားကြီးရည်၊ ယင်ပျားငယ်၊ ယင်ပျားလတ်၊ သစ်ခေါင်းပျား၊ ပန်းရက်ရည်၊ ပန်းသင်းပျား၊ မြေပျားဟူ၍ အမျိုးမျိုးရှိသည်။ ထိုသို့ အမျိုးမျိုးရှိသည့်အနက် ပန်းပေါင်းစုံမှ ဝတ်ရည်ကို စုပ်ယူ၍ ပျားလပို့ပြုလုပ်သည့် ပျားသည် အကောင်းဆုံးဖြစ်သည်။ ယခုခေတ်တွင်ပျားရည်ကို အတုပြုလုပ်၍ ရောင်းချလာမှုများပြားသည်။ ပျားရည်အစစ်သာလျှင် ဆေးဖက်ဝင်ပြီး အကောင်းဆုံးဖြစ်သည်။ **ပျားရည်ကို စစ်၊မစစ် သိလိုလျှင် ပျားရည်ထဲကို လက်နှင့်နှိုက်လိုက်ပါ။ စေးကပ်ကပ် ဖြစ်ကျန်နေပြီး ထိုသို့စေးကပ်ကပ်ဖြစ်နေသောလက်ကို ရေလောင်းဆေးလိုက်ပါ။ လုံးဝစေးကပ်ကပ် မကျန်တော့ပါ။ ပြောင်စင်လွယ်သည်။ပျားရည်ထဲသို့ ထန်းရည်ချိုသကြားနှင့်အခြားပစ္စည်းများ ရောစပ်ထားမည်ဆိုပါက ထိုသို့ဆေးကြောရုံနှင့် မပြောင်စင်နိုင်ပါ။ ပျားရည်စစ်မည်ဆိုပါက ဆေးဖက်အလွန်အသုံးဝင်ပါသည်။** ပျားရည်အစစ်တစ်ပိဿာကို ရွှေဆိုင်းအကြီးတစ်ဆိုင်းနှင့်ရောမွှေပါ။ ရွှေဆိုင်းမှ စက္ကူများကိုခွာ၍ သမအောင်မွှေပါ။မကြာမကြာ ဖန်ဘူးတွင် ပိတ်ထည့်၍နေလှန်းပါ။ နုပျိုသက်ရှည် ကျန်းမာစေပါသည်ဟု တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရက မိန့်ကြားရေးသားခဲ့ဖူးသည်။ ပန်းဝတ်ရည်မှရသောပျားရည်စစ်ကို သုံးဆောင်မှီဝဲပေးရမည်ဖြစ်သည်။ ထိုသို့ ပျားရည်စစ်များကို မြန်မာနိုင်ငံအလယ်ပိုင်း ကျေးလက်တောရွာများမှ ပျားရှာလုပ်သားများရှိကြပြီး ယခုလို ပွင့်လင်းရာသီဖြစ်သော တန်ဆောင်မုန်းလမှ နတ်တော်လအထိ ပျားရည်ရှာထွက်လုပ်သားများ ပေါများလျက်ရှိသည်။ မြန်မာနိုင်ငံအနယ်နယ်အရပ်ရပ်မှ ပျားရည်စစ်စစ် ကြိုက်သူများ၊ မှာယူသုံးစွဲမှုများ ပိုမိုများပြားလာကြသည်။ ပျားရည်စစ်စစ် တစ်ပိဿာလျှင်ကျပ် ၃၅၀၀ နှုန်းရှိသည်ဟု ပျားရည်ရောင်းဈေးကွက်မှ သိရသည်။ သို့အတွက်ကြောင့် ပျားရည်စစ်စစ်ကို စားသုံးပေးခြင်းဖြင့် ကျန်းမာချမ်းသာကြပါစေကြောင်း မေတ္တာပို့သရင်း ရေးသားလိုက်ရပါသည်။

ဦးကျော်ငွေ

ဆောင်းပါးနှင့်နယ်သတင်း

စတုဘုမ္မိက နိကာယဆရာတော်ကြီးများအား ပူဇော်ပွဲနှင့် ခုနစ်ရက် တရားစခန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

ထေရဝါဒသံဃာ့ဂိုဏ်းကြီး ကိုးဂိုဏ်းတွင် တစ်ဂိုဏ်းအပါအဝင်ဖြစ်သော စတုဘုမ္မိက မဟာသတိပဋ္ဌာန် ငှက်တွင်းဂိုဏ်း နှစ်ပတ်လည် သံဃာ့အစည်းအဝေးသို့ ကြွရောက်တော်မူကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှကျောင်းထိုင်ဆရာတော်ကြီး(၈၅)ပါးတို့အား သင်္ဃန်းကျွန်းမြို့နယ် ပြည်သာယာလမ်း စတုဘုမ္မိက မဂ္ဂင်ရိပ်သာကျောင်းတိုက်ဆရာတော် သာသနဓဇဓမ္မာစရိယ ဝိနယဝိဒူ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တကုမာရနှင့် တပည့်သာဝကများ စုပေါင်းပူဇော်ပွဲနှင့် ခုနစ်ရက်တရားစခန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၅ ရက် ညနေ ၃ နာရီခွဲက အဆိုပါ ကျောင်းတိုက် သီရိမင်္ဂလာအေးရိပ်သာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင်များက ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ အဆိုပါ ခုနစ်ရက် တရားစခန်းကို ပညာဒီပကဝိဇေ ဒိသာပါမောက္ခ တိပိဋကာလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရု ရွှေမင်းဝံငှက်တွင်းဆရာတော်ဘုရားကြီး၏ဉပ္ပနိသယအတိုင်း စတုဘုမ္မိက မဂ္ဂင်ရိပ်သာ ကျောင်းတိုက် ပြည်သာယာဆရာတော် ဘဒ္ဒန္တကုမာရနှင့် နယ်လှည့်ဓမ္မကထိက ဟဲဟိုးဆရာတော် ဘဒ္ဒန္တဓမ္မဇေသီရိတို့က ကောဋ္ဌာသရှင်းတမ်းတရား၊ ဓာတုမနသိကာရ ရှင်းတမ်းတရားတို့ကို ဟောပြည့်နှင့်ပြတော်မူပြီး ယောဂီသူတော်စင်များက မဂ္ဂသစ္စာ ဘာဝနာပွားများ၍ ကောဋ္ဌာသဘာဝနာ ကမ္မဋ္ဌာန်းရှုမှတ်ခြင်း၊ ဓာတုမနသိကာရ ဝိပဿနာရှုမှတ်ခြင်းတို့ဖြင့် နေ့စဉ် နံနက် ၄ နာရီမှ ည ၈နာရီခွဲအထိ နှလုံးသွင်းရှုမှတ်အားထုတ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရားလွှတ်တော်တရားသူကြီးချုပ် အချုပ်ခန်းများကြည့်ရှုစစ်ဆေး

မော်လမြိုင် ဒီဇင်ဘာ ၂၆

မွန်ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးခင်မောင်ကြီးသည် မော်လမြိုင်ခရိုင် တရားသူကြီး ဒေါ်တင်မြနှင့်အတူ ဒီဇင်ဘာ ၂၃ ရက် နံနက် ၈ နာရီခွဲက မော်လမြိုင်မြို့ပေါ်ရှိ ရဲတပ်ဖွဲ့အချုပ်စခန်းများကို ကြည့်ရှုစစ်ဆေးရာ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သန်းတင်၊ မော်လမြိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးညိုလှနှင့်စခန်းတာဝန်ခံတို့က စခန်းဖွဲ့စည်းပုံ၊ အချုပ်ခန်းလုံခြုံမှုအခြေအနေ၊ အချုပ်သားများအခြေအနေ၊ နေထိုင်စားသောက်မှုနှင့်ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။**(အပေါ်ပုံ)**ပြည်နယ်တရားလွှတ်တော်တရားသူကြီးနှင့်အဖွဲ့ကစခန်းတစ်ခုချင်းအလိုက်အမျိုးသား၊ အမျိုးသမီးအချုပ်ခန်းများအခြေအနေ၊ အချုပ်သားများကိုတွေ့ဆုံ၍ နေရာထိုင်ခင်း၊ အစားအသောက်နှင့်သောက်သုံးရေရရှိမှု၊ဆေးကုသခွင့်၊ အမျိုးသမီးတရားခံများကိုအကာအရံဖြင့်လုံခြုံစွာထားရှိမှု၊ အချုပ်သားများအား နှိပ်စက်ညှဉ်းပန်းမှုရှိမရှိဉပဒေနှင့်အညီရသင့်ရထိုက်သော အခွင့်အရေးများခံစားနိုင်ရေးတို့နှင့် စပ်လျဉ်း၍အချုပ်သားတစ်ဦးကို တွေ့ဆုံမေးမြန်း၍လိုအပ်သည်များ ကြည့်ရှုစစ်ဆေးပြီး ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။**ကျော်သန်း(မော်လမြိုင်)**

အမည်ပြောင်း

ကသာမြို့၊ အကျဉ်းဦးစီးဌာန ဦးကျော်သန်းလွင်၏သား အထက(ခွဲ)(၂) အဋ္ဌမတန်း(ခ)မှ မောင်စုပါဟိန်းအား မောင်စိုးပြည့်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုးပြည့်နိုင်

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁၃)
ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ်-၃)

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၁၃)မှ (၂၀၁၃-၂၀၁၄) ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်၊ ရေဖြူတံတားတည်ဆောက်ရေးစီမံကိန်းတွင် အသုံးပြုရန်လိုအပ်လျက်ရှိသော အောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို လုပ်ငန်းခွင်အရောက် (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
၁။	ဘိလပ်မြေ(ဆင်တံဆိပ်)	၃၁၀ တန်
၂။	သံချောင်းရှယ်စုံ(MEC)	၈၀ တန်
၃။	မြစ်ကျောက်စရစ်	၂၁၀ ကျင်း
၄။	မြစ်သဲ	၈၀ ကျင်း

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁-၁-၂၀၁၄ ရက်

တင်ဒါပုံစံရောင်းချမည့်နေရာ - (၁) အင်ဂျင်နီယာမှူးကြီးရုံး တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့။ (၂) လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)ရုံး၊ ရေဖြူတံတားတည်ဆောက်ရေးစီမံကိန်း လုပ်ငန်း၊ ရေဖြူမြို့။

နောက်ဆုံးတင်သွင်းရမည့်ရက်/အချိန် - ၁၅-၁-၂၀၁၄ ရက် မွန်းတည့် ၁၂ နာရီ

တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၅-၁-၂၀၁၄ ရက် မွန်းလွဲ ၁၃:၀၀ နာရီ

တင်ဒါဖွင့်မည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

အသေးစိတ်သိရှိလိုပါက - ဖုန်း-၀၅၉-၂၃၅၇၀၊ ၀၅၉-၂၁၁၁၄၊ ၀၉-၄၂၀၁၅၉၅၄၃

တင်ဒါစိစစ်ရေးကော်မတီ

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး

၁။ မန္တလေးတိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနပိုင် အောက်ပါရုံးတစ်ရုံးအား မြန်မာကျပ်ငွေဖြင့် ဆောက်လုပ်လိုပါသဖြင့် လုပ်ငန်းလက်ခံဆောင်ရွက်လိုသူများသည် ၃၀-၁၂-၂၀၁၃ရက်မှစ၍ ၁၀-၁-၂၀၁၄ရက်အထိ အဆောက်အအုံပုံစံနှင့် တင်ဒါစည်းကမ်းချက်များအား မန္တလေးတိုင်းဒေသကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန၊ မန္တလေးမြို့တွင် အခမဲ့လာရောက်ထုတ်ယူနိုင်ပါသည်-

(က) မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ် ဦးစီးဌာနမှူးရုံး(၁)ရုံး [(၇၀'×၄၆'×၁၁')သွပ်မိုး၊ အုတ်ညှပ်၊ ကွန်ကရစ်ခင်း၊ တစ်ထပ်အဆောက်အအုံ]
(အတွင်းလျှပ်စစ်မီးတပ်ဆင်ခြင်းလုပ်ငန်းအပါအဝင်)

၂။ မေးမြန်းစုံစမ်းလိုပါက ဖုန်း-၀၂-၇၃၀၄၂သို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါသည်။

တိုင်းဒေသကြီးဦးစီးဌာနမှူး
လူဝင်မှုကြီးကြပ်ရေးနှင့်အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၇၆၇၀ Top Light Truck (T-LT-001) P/U (4×2)® ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဦး ၆/ကသန(နိုင်)၀၂၅၃၅၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့

အမည်ပြောင်း

ဦးအောင်ကျော်မြင့်၏သား အထက(၃)အဋ္ဌမတန်း(က) ကြည့်မြင်တိုင်တွင် ပညာသင်ကြားနေသော မောင်ဇေသီဟအောင်အား မောင်မင်းခန့်နောင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မင်းခန့်နောင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ဆေးသိပ္ပံပညာဦးစီးဌာန
ဆေးဝါးတက္ကသိုလ်၊ မန္တလေး
မန္တလေးမြို့
ဒွါဒသမအကြိမ် ဘွဲ့နှင်းသဘင်ကြေညာချက်

ဆေးဝါးတက္ကသိုလ်၊ မန္တလေးတွင် ၂၀၁၃ခုနှစ် နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ၂၀၁၄ခုနှစ် ဇန်နဝါရီလများအတွင်း ကျင်းပစစ်ဆေးခဲ့သည့် စတုတ္ထနှစ် ဆေးဝါးသိပ္ပံပညာ (၁/၂၀၁၃) သင်တန်း(ဘွဲ့ရ)စာမေးပွဲ ဖြေဆိုအောင်မြင်သူများအတွက် ဒွါဒသမအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း မန္တလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အကြိုလေ့ကျင့်ခြင်း - ၂၁-၂-၂၀၁၄ ရက် (သောကြာနေ့) နံနက် ၉နာရီ

ဘွဲ့နှင်းသဘင်ကျင်းပခြင်း - ၂၂-၂-၂၀၁၄ ရက် (စနေနေ့) နံနက် ၉နာရီ

(၁) ဘွဲ့နှင်းသဘင်ကြေးမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

တက်ရောက်ဘွဲ့ - ၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

အဝေးရောက်ဘွဲ့ - ၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

(၂) ဘွဲ့နှင်းသဘင်လျှောက်လွှာပုံစံများကို ဆေးဝါးတက္ကသိုလ်၊ မန္တလေး၊ ကျောင်းသားရေးရာဌာနစိတ်မှရယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး (၂လက်မ×၁လက်မခွဲ) ကာလာဓာတ်ပုံ(၂)ပုံ ပူးတွဲလျက် ၂-၁-၂၀၁၄ရက်မှ ၂၀-၁-၂၀၁၄ရက်အတွင်း တင်သွင်းကြရမည်။

မှတ်ချက်။ ။၂၀၁၃-၂၀၁၄ခုနှစ်မတိုင်မီက (ဘွဲ့ရ)စာမေးပွဲဖြေဆိုအောင်မြင်သူများသည် အဝေးရောက်ဘွဲ့သာ လျှောက်ထားနိုင်သည်။

(အေးအေးမော်)
လက်ထောက်မော်ကွန်းထိန်း
ဆေးဝါးတက္ကသိုလ်၊ မန္တလေး

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဂန့်ဂေါအခြေစိုက်ယာဉ်လိုင်းများမှန်လုံယာဉ်ငယ်များတိုးချဲ့ပြေးဆွဲ

ဂန့်ဂေါ ဒီဇင်ဘာ ၂၆

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့အခြေစိုက် ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများတွင် ခရီးသည် ၁၀ ဦးဝန်းကျင် စီးနင်းလိုက်ပါနိုင်သည့် မှန်လုံယာဉ်ငယ်များကို အပြိုင်အဆိုင်တိုးချဲ့ပြေးဆွဲလာကြသဖြင့် ခရီးသည်များ သွားလာရေးအဆင်ပြေလာကြကြောင်း သိရသည်။

ဂန့်ဂေါမြို့အခြေစိုက်ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများသည် ဂန့်ဂေါ-မန္တလေး၊ ဂန့်ဂေါ-ပခုက္ကူ၊ ဂန့်ဂေါ-ထီးလင်းနှင့် ဂန့်ဂေါ-ဟံသာဝတီ ခရီးစဉ်များကို ပြေးဆွဲလျက်ရှိကြရာတွင် လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ မှန်လုံယာဉ်ကြီးများထက် မှန်လုံယာဉ်ငယ်များက သွားလာရေးပိုမိုလွယ်ကူသဖြင့် မှန်လုံယာဉ်ငယ်များကို ပိုမိုတိုးချဲ့ပြေးဆွဲလာကြသည်။ ယခင်က မှန်လုံယာဉ်ကြီးများသာ ပြေးဆွဲခဲ့ပြီး လမ်းပန်းဆက်သွယ်ရေးအခြေအနေအရ ခရီးကြန့်ကြာမှုများဖြစ်ပေါ်ခဲ့ရာမှ မှန်လုံယာဉ်ငယ်များကို တိုးချဲ့ပြေးဆွဲလာခဲ့ကြကြောင်း ယောရွှေပြည်ယာဉ်လိုင်းတာဝန်ခံ ဦးအောင်မြင့်က ပြောကြားသည်။

ယခုအခါ ဂန့်ဂေါခရိုင်အတွင်း ပြေးဆွဲသည့် ဂန့်ဂေါ-ထီးလင်းခရီးစဉ်မှအပ အခြားခရီးစဉ်များတွင် မှန်လုံယာဉ်ငယ်များကိုသာ အများဆုံး အသုံးပြု၍ ပြေးဆွဲလာကြပြီး ခရီးစဉ်များအလိုက် နံနက်တစ်ကြိမ်နှင့် ညနေပိုင်းတစ်ကြိမ် စုစုပေါင်းနှစ်ကြိမ် ပြေးဆွဲလာရကြောင်းလည်း သိရသည်။ ဂန့်ဂေါ-မန္တလေး၊ ဂန့်ဂေါ-ပခုက္ကူခရီးစဉ်များတွင် ဂန့်ဂေါ-ပုလဲလမ်းအတိုင်း သွားလာကြရသဖြင့် ပုံတောင်၊ ပုံညာလမ်းပိုင်းကို ဖြတ်သန်းကြရာ၌ မှန်လုံယာဉ်ငယ်များအတွက် သွားလာရေးပိုမိုလွယ်ကူသည်ဟု ဆိုသည်။ ပုံတောင်ပုံညာလမ်းပိုင်းသည် ကျဉ်းမြောင်းပြီးသွားလာရေးခက်ခဲသဖြင့် ပြီးခဲ့သည့် မိုးရာသီကာလက လမ်းပိတ်ဆို့မှုများ မကြာခဏဖြစ်ပေါ်ခဲ့ရာ ယခုပွင့်လင်းရာသီကာလတွင် မြေသားလမ်းခဲ့ထွင်ခြင်း၊ အချို့နေရာများတွင် ကျောက်သားနှင့် မြေသားဖို့ခြင်း၊ အချို့နေရာများတွင် ကတ္တရာခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နေသဖြင့် လမ်းမှာ ယခင်ကထက် သာလွန်ကောင်းမွန်လာပြီဖြစ်သည်။

ဂန့်ဂေါအခြေစိုက်ယာဉ်လိုင်းများမှာ ယောရွှေပြည်၊ ယောထိပ်တန်း၊ ဖြိုးမေတ္တာ၊ ယောမြို့တော်၊ မြစ်သာမန်း၊ ရွှေမေတ္တာစသည့်ယာဉ်လိုင်းများ ဖြစ်ကြပြီး ကုန်ပစ္စည်းသယ်ဆောင်လိုသူများမှအပ ခရီးသည်အများစုမှာ မှန်လုံယာဉ်ငယ်များဖြင့်သာ အသွားအလာများလာကြသည်။ ယခင်က လမ်းပန်းဆက်သွယ်ရေးအခြေအနေအရပြင်ပဒေသများနှင့်သွားလာဆက်သွယ်မှုနည်းပါးခဲ့သော ယောဒေသဟု ခေါ်ဆိုကြသည့် ဂန့်ဂေါခရိုင် ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များရှိ ဒေသခံများသည် ယခုအခါ ပြင်ပဒေသများနှင့်သွားလာဆက်သွယ်မှုများပြားလာရာ ယာဉ်လိုင်းအသီးသီးက ယာဉ်အစီးရေများ တိုးချဲ့ပြေးဆွဲပေးနေကြရကြောင်း သိရသည်။ **(အောက်ပုံ)**

ကြီးမြင့်နိုင်(လှိုင်ကော်)

မြို့သစ်မြို့နယ်တွင် မနောသုခမျိုး မိုးစပါးစံကွက်ရိတ်သိမ်း

မြို့သစ် ဒီဇင်ဘာ ၂၆

မြို့သစ်မြို့နယ် လယ်ပြင် ရပ်ကွက် ပုလင်းဆည်ရေသောက်ဖြစ်သော ကွင်းအမှတ် ၁၃၀၃ ရှိ တောင်သူဦးစိုးမြင့်၏ မနောသုခစပါး ၁ ဒသမ ၈၆ ဧကတွင် ဒီဇင်ဘာ ၂၄ ရက်က စပါးစံကွက်ရိတ်သိမ်းရာ အခြောက်တစ် ဧက အထွက်နှုန်း ၁၀၅ တင်းထွက်ရှိခဲ့သည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်၊ မြေစာရင်း၊ စိုက်ပျိုးရေး၊ စိုက်ဘဏ်၊ ဆည်မြောင်း၊ စက်မှုလယ်ယာအဖွဲ့များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ စိုက်ပျိုးရေးမြေစာရင်းဝန်ထမ်းများ၊ မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုအဖွဲ့များ၊ အနီးရှိ တောင်သူလယ်သမား၁၂၀ကျော်တက်ရောက်ကြည့်ရှုခဲ့သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဌာနမှူး ဦးအောင်ဝင်းက တက်ရောက်လာကြသော တောင်သူများနှင့် တွေ့ဆုံ၍ မျိုးကောင်းမျိုးသန့် စနစ်တကျ ထုတ်လုပ်ခြင်း၊ မျိုးစပါးတွင် ဆန်နီကင်းအောင် ဆောင်ရွက်ခြင်း၊ မျိုးကွဲပယ်ခြင်း၊ ကိုယ့်မျိုးကိုယ်ထားပြီး ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် မျိုးသန့်ရရှိအောင် ဆောင်ရွက်ခြင်း၊ စံကွက်ရိတ်သိမ်းခြင်းအားဖြင့် တောင်သူတစ်ဦးချင်း၏ တစ်ဧကအထွက်တင်းကို သိရှိနိုင်ပြီး လိုအပ်သည့် အကျိုးပြုမည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ဇော်ဇော်(မြို့သစ်)

သာသနာ့အာဇာနည် ရှင်သူရိယာလင်္ကာရအား ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

မြန်မာတစ်နိုင်ငံလုံး အစိုးရ ပါဠိ ပထမပြန်စာမေးပွဲကြီးတွင် ပထမငယ်တန်းတစ်နိုင်ငံလုံး ဒုတိယအဆင့်ဖြင့် အောင်မြင်တော်မူသော ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ရွာမပရိယတ္တိစာသင်တိုက်မှ သာသနာ့အာဇာနည် ရှင်သူရိယာလင်္ကာရအားဂုဏ်ပြုပူဇော်ပွဲကို ဒီဇင်ဘာ၂၂ ရက် မွန်းလွဲ ၂ နာရီက ရွာမပရိယတ္တိစာသင်တိုက်အာဟာရဒါယီ နှစ်ထပ်ဆွမ်းစားကျောင်းဆောင်၌ ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ကာဖွင့် လှစ်ပေးပြီး သာသနာထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစံသင်းလှိုင်က သာသနာ့အာဇာနည်သူရိယာလင်္ကာရ၏ထေရုပ္ပတ္တိအကျဉ်းကို ဖတ်ကြား၍ လည်းကောင်း၊ နိုင်ငံကျော်အဆိုတော်ဒေါ်ရီရီသန့်**(ယာပုံ)**က တေးသံသာများကို သီကျူး၍ လည်းကောင်း သီဆိုကာ ဂုဏ်ပြုပူဇော်ကြသည်။ ယင်းနောက် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးကျော်တင့်က သာသနာတော်ဆိုင်ရာများကို လျှောက်ထားပြီး အင်းစိန်အောင်ဆန်းမဟာမြိုင်ကျောင်းဆရာတော် ဦးသူရိယ၊ ဓမ္မသိဒ္ဓိဆရာတော် ဦးကုမာရတို့ထံမှင်္ဂလာသီလ ခံယူဆောက်တည်ကြကာ လှူဒါန်းမှုအစုစုတို့အတွက် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသထံမှ ရေစက်ချတရားနာယူကြသည်။ ထို့နောက်သာသနာ့အာဇာနည် ရှင်သူရိယာလင်္ကာရအား ဂုဏ်ပြုလက်မှတ်နှင့်လှူဖွယ်ပစ္စည်းများအား မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနအုပ်ချုပ်ရေးမှူး ဦးကျော်တင့်နှင့်တာဝန်ရှိသူတို့က ဆက်ကပ်လှူဒါန်းကာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ ရုပ်သိမ်းလိုက်သည်။ **မြင့်ဦး(အင်းစိန်)**

စာပေမြင့်မှ လူမျိုးတင့်မည်

သက်ကြီးစာပေပညာရှင်ကြီးများအား ပူဇော်ပွဲကျင်းပ

စစ်ကိုင်း ဒီဇင်ဘာ ၂၆

နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်ကိုင်းမြို့နယ်စာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ၁၃၇၅ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေပညာရှင်ကြီးများ ပူဇော်ပွဲ အခမ်းအနားကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြေညီထပ်စာကြည့်ဆောင်၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်မောင်ဝင်း (နန္ဒာမင်းလွင်)၊ အတွင်းရေးမှူး ဦးခင်မောင်ထွေး(ထွေးမြင့်နိုင်)နှင့် အမှုဆောင်များ၊ သက်ကြီးအပူဇော်ခံ စာပေပညာရှင်ကြီးများနှင့် စာရေးဆရာအသင်းဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတင်မောင်ဝင်း(နန္ဒာမင်းလွင်)က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ပေးပို့သော ၁၃၇၅ ခုနှစ် စာဆိုတော်နေ့ သဝဏ်လွှာကို အမှုဆောင်ဦးဇေယျာနောင်(ဂွန်ကောလင်း)က ဖတ်ကြားကာ ဘဏ္ဍာရေးမှူးဦးသန်းမြိုင်(ရွှေမင်းသား)က ရသုံးစာရင်းရှင်းတမ်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာကြသော အပူဇော်ခံ သက်ကြီးစာပေပညာရှင်များအား ပူဇော်ငွေနှင့် ပစ္စည်းများပေးအပ်ရာ အပူဇော်ခံသက်ကြီးစာပေပညာရှင်ကြီးများကိုယ်စား ဆရာကြီးဦးရဲထွဋ် (မောင်မျက်ရှင်)က သြဝါဒစကား ပြောကြားခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လိုအပ်သော လုပ်ငန်းသုံးပစ္စည်းများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသည်။

စဉ်	လုပ်ငန်းအမည်	တည်နေရာ
၁။	မင်းဘူးချောင်းကမ်းပြိုကာကွယ်ရေးလုပ်ငန်း	ဇီးကုန်းမြို့၊ အမှတ်(၃)ရပ်ကွက်၊ ရန်ကုန်-ပြည် ကားလမ်းဟောင်းအနီး
၂။	ဖြူးချောင်းရေတိုက်စားမှုကာကွယ်ရေးလုပ်ငန်း	ဖြူးမြို့နယ်၊ ဖြူး-အုတ်ဖြတ်-မုန်းကားလမ်း၊ မိုင်တိုင်အမှတ်(၃/၆-၃/၇)အနီး
၃။	ဘူးရိုးချောင်း ကမ်းပြိုကာကွယ်ရေးလုပ်ငန်း	ပန်းတောင်းမြို့နယ်၊ ဥသျှစ်ပင်မြို့
၄။	လှည်းလမ်းဆိပ်ကျေးရွာ၊ မြစ်မခမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း	လက်ပံတန်းမြို့နယ်၊ လှည်းလမ်းဆိပ်ကျေးရွာ

တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်း နှင့် စိစစ်ရွေးချယ်မည့်နေရာ - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ညောင်ဝိုင်း (၇)လမ်းထိပ်၊ ညောင်ဝိုင်းမြောက်ပိုင်းရပ်ကွက်၊ ပဲခူးမြို့။

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၇-၁၂-၂၀၁၃ ရက်

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၇-၁-၂၀၁၄ ရက် ၁၂:၀၀ နာရီ

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၇-၁-၂၀၁၄ ရက် ၁၃:၀၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ ပစ္စည်းအမျိုးအစား၊ ပစ္စည်းလိုအပ်ချက်နှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံး ဖုန်း-၀၅၂-၂၄၁၆၄နှင့် ၀၅၂-၂၀၀၂၄၇တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံးမှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့် ကမ်းပြိုကာကွယ်ရေးနှင့် ရေကြီးရေလျှံမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လုပ်ငန်းဆောင်ရွက်လိုသူ လုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စဉ်	လုပ်ငန်းအမည်	တည်နေရာ	လုပ်ငန်းပမာဏ
၁။	ပွဲကြီးချောင်း(ကတုတ်ချောင်း) ပြန်လည်ချဲ့ထွင်ခြင်းလုပ်ငန်း	ဒိုက်ဦးမြို့နယ်၊ အင်းတဇင်ကျေးရွာအုပ်စု၊ ကုန်းဝိုင်းကြီးကျေးရွာ	၃၈၈၅ မီတာ

တင်ဒါပုံစံရောင်းချခြင်း၊ တင်သွင်းခြင်း နှင့် စိစစ်ရွေးချယ်မည့်နေရာ - ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ညောင်ဝိုင်း(၇)လမ်းထိပ်၊ ညောင်ဝိုင်းမြောက်ပိုင်းရပ်ကွက်၊ ပဲခူးမြို့။

တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက် - ၂၇-၁၂-၂၀၁၃ ရက်

တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန် - ၇-၁-၂၀၁၄ ရက် ၁၂:၀၀ နာရီ

တင်ဒါဖွင့်လှစ်မည့်ရက်/အချိန် - ၇-၁-၂၀၁၄ ရက် ၁၃:၀၀ နာရီ

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များ၊ လုပ်ငန်းအမျိုးအစား၊ လုပ်ငန်းဒီဇိုင်းများနှင့် အသေးစိတ်အချက်အလက်များကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ(၃)၊ ပဲခူးတိုင်းဒေသကြီးရုံး၊ ဖုန်း-၀၅၂-၂၄၁၆၄နှင့် ၀၅၂-၂၀၀၂၄၇တို့သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁ယ/၄၀၈၂၅ Honda C-90 Custom CMV ယာဉ်လက်ဝယ်ရှိသူ ဦးအောင် ၈/မကန(နိုင်)၀၁၄၅၁၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊တိုင်းရုံး(မကွေး)သို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ တိုင်းရုံး(မကွေး)**

ကန့်ကွက်နိုင်ပါကြောင်း

သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရန်ကုန်သစ်၊ မြေကွက်အမှတ် ၈၂၁၊ မြေကွက်တည်နေရာအမှတ် ၂၇၊ အောင်ချမ်းသာလမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်ာန်းကျွန်း ဒေါ်ခင်မေ ၁၂/သဃက(နိုင်)၀၈၄၃၆၈ အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်ခင်မေ(မိခင်)နှင့် ဦးအောင်ကြည်(ဖခင်)တို့ကွယ်လွန်သဖြင့် (၁) ဒေါ်ထူးထူးအောင် ၁၂/သဃက(နိုင်)၀၈၄၀၁၉၊ (၂) ဒေါ်သန်းသန်းအောင် ၁၂/သဃက(နိုင်)၀၈၃၈၄၅၊ (၃) ဒေါ်ချိုချိုအောင် ၁၂/သဃက(နိုင်)၀၈၃၈၄၆တို့က သမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူး လျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မိုးမိတ်၊ မဘိမ်းနှင့် သပိတ်ကျင်းမြို့နယ်များတွင် တရားမဝင်သစ်နှင့်ဆက်စပ်ပစ္စည်းများဖမ်းဆီးရမိ

နေပြည်တော် ဒီဇင်ဘာ ၂၆

ကျွန်း၊ ပိတောက်၊ တမလန်းစသည့် အဖိုးတန်သစ်များကို တရားမဝင်ခုတ်လှဲသယ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း တာဝန်သိ ဒေသခံပြည်သူများ၏ သတင်းပေးပို့ချက်အရ ဝန်ကြီးဌာန၏ အစီအစဉ်ဖြင့် ရှမ်းပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးဦးဝင်းဇော် ဦးဆောင်သော သစ်တောဝန်ထမ်းများသည် နယ်မြေခံတပ်၊ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာ ၈ ရက်မှ ၁၇ ရက်အထိ သစ်ခိုးထုတ်ရာ အခြေခံနယ်မြေများဖြစ်သော ရှမ်းပြည်နယ်(လားရှိုး) မိုးမိတ်မြို့နယ်၊ မဘိမ်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်များအတွင်းရှိ ကြိုးဝိုင်း/ကြိုးပြင်တောများအတွင်း တရားမဝင်သစ်ခိုးထုတ်ဆောင်ရွက်နေမှုများကို ကွင်းဆင်းရှင်းလင်းရှာဖွေဖော်ထုတ်ဖမ်းဆီးခဲ့ရာ ကျွန်း(သစ်လုံး/ခွဲသား) ၅၄ ဒသမ ၄၇၉၇ တန်၊ ပိတောက်၊ တမလန်း၊ ပျဉ်းကတိုး၊ အင်ကြင်းစသည့် သစ်မာ(သစ်လုံး၊ တိုင်၊ ခွဲသား၊ ဓားရွေ) ၅၁၉ ဒသမ ၅၉၀၂ တန်၊ အင်၊ သတီ၊ သရက်၊ ရင်းမာစသည့် အခြားသားသစ်(သစ်လုံး၊ ခွဲသား) ၁၅၄ ဒသမ ၁၇၁၄ တန် စုစုပေါင်း တရားမဝင်သစ် ၇၂၈ ဒသမ ၂၄၁၃ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ ခုနစ်ဦး၊ ပါဂျဲရိုးယာဉ်သုံးစီး၊ ဆင်(ထီး)တစ်ကောင်၊ အင်ဂျင်၊ လွှဝိုင်း၊ ချိန်းဆောစသည့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အလားတူ ဒီဇင်ဘာ ၁၇ ရက်မှ ၂၀ ရက်ကာလအတွင်း မန္တလေးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးချစ်ပေါ ဦးဆောင်သောအဖွဲ့သည် စဉ့်ကူးမြို့နယ် ကြိုးဝိုင်းများအတွင်း ပိတောက်၊ တမလန်း၊ ပျဉ်းကတိုးစသည့် သစ်မာ(သစ်လုံး၊ ခွဲသား) ၇၂ ဒသမ ၇၇၃၀ တန်၊ သရီးဂ ရောင်းသစ်တင်ယာဉ်သုံးစီးကိုလည်းကောင်း၊ မန္တလေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်အေးဦးဆောင်သောအဖွဲ့သည် မန္တလေးမြို့ပေါ်ရပ်ကွက် ခြံဝင်းနှစ်နေရာမှ ပိတောက်၊ တမလန်း(ခွဲသား၊ ဓားရွေ) ၈၃ ဒသမ ၇၃၃၀ တန်ကိုလည်းကောင်း၊ ရှမ်းပြည်နယ်(လားရှိုး)သီပေါမြို့နယ်ဦးစီးအရာရှိ ဦးစိုးမိုး ဦးဆောင်သောအဖွဲ့သည် သီပေါအေးရှားဝေါလ်တိုးဂိတ်အနီးတွင် ပိတောက်၊ တမလန်း ၄ ဒသမ ၉၆၆၀ တန်ကို ယာဉ်ငယ်ရှစ်စီး၊ ပြစ်မှုကျူးလွန်သူရှစ်ဦးနှင့်အတူလည်းကောင်း၊ လားရှိုးမြို့နယ် ဦးစီးအရာရှိ ဦးဇော်စိုး ဦးဆောင်သောအဖွဲ့သည် လားရှိုးမြို့နယ် ခေးနင်းအေးရှားဝေါလ်တိုးဂိတ်အနီးတွင် ပိတောက်၊ တမလန်း ၀ ဒသမ ၉၇၄၈ တန်အား ယာဉ်ငယ်နှစ်စီး၊ ပြစ်မှုကျူးလွန်သူ နှစ်ဦးနှင့်အတူ လည်းကောင်း၊ ကျောက်မဲမြို့နယ်ဦးစီးအရာရှိ ဦးမင်းဇော်ဦး ဦးဆောင်သောအဖွဲ့သည် ကျောက်မဲအေးရှားဝေါလ်တိုးဂိတ်အနီးတွင် ပိတောက်၊ တမလန်း ၁ ဒသမ ၅၄၁၀ တန်အား ယာဉ်ငယ်လေးစီး၊ ပြစ်မှုကျူးလွန်သူလေးဦးတို့နှင့်အတူလည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တရားမဝင် သစ်ခိုးထုတ်ခြင်းလုပ်ငန်းများသည် နိုင်ငံတော်၏ အဖိုးတန်သစ်တော သယံဇာတများကို အချိန်တိုအတွင်း ကုန်ဆုံးပျောက်ကွယ်စေနိုင်သည့်အပြင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများဖြစ်ပေါ်စေခြင်း၊ နိုင်ငံတော်ဘဏ္ဍာငွေထိခိုက်နစ်နာစေခြင်း စသည်များ ဖြစ်ပေါ်စေသဖြင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအနေဖြင့် နည်းလမ်းမျိုးစုံအသုံးပြုကာ တားဆီးကာကွယ်ထိန်းချုပ်ရေးကိုအရှိန်အဟုန်မြှင့်တင်၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထားဝယ်မြို့ ဝဲကျွန်းမြို့သစ်ရပ်ကွက်တွင် ပေါ့ဆမီးကြောင့် နေအိမ်တစ်လုံး မီးလောင်

ထားဝယ် ဒီဇင်ဘာ ၂၆

ထားဝယ်မြို့ ဝဲကျွန်းမြို့သစ်ရပ်ကွက်(၆) လမ်းသွယ် အမှတ်(၃-၄၃၁)နေ တရုတ်ကမ်း(ခ) ဦးလွင်ကိုဦး နေအိမ်၌ ဒီဇင်ဘာ ၂၃ ရက် ညနေ ၃ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်ကျွမ်းရခြင်းမှာ နေအိမ်၏အနောက်ဘက်ရှိ သွပ်မိုး၊ ပီပါအခွံကာမြေစိုက်ရော်ဘာမှိုင်းခံရုံ၌ ရော်ဘာပြားများကို လွှစာမီးဖိုဖြင့် မှိုင်းခံရာမှ အပူရှိန်လွန်ကဲကာ ရော်ဘာပြားများအား စတင်မီးကူးစက်ရာမှ လောင်ကျွမ်းခြင်းဖြစ်ပြီး လောင်ကျွမ်းမှုကြောင့် ရော်ဘာပြား ၅၀၀ နှင့် အလျားပေ ၄၀၊ အနံပေ ၂၀၊ အမြင့် ၁၅ ပေအရွယ်ရှိ သွပ်မိုး၊ ကတ္တရာပီပါခွဲကာ မြေစိုက်ဂိုဒေါင်တစ်လုံး ဆုံးရှုံးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ မီးလောင်ကျွမ်းသည့်နေရာသို့ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဦးမြတ်ကို၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဒေါက်တာကျော်ဆန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူးဦးတင်သိန်း၊ တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်း၊ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးခင်မောင်ရီနှင့် တာဝန်ရှိသူများသည် အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာပြီး မီးသတ်ကားလေးစီး၊ ရေသယ်ယာဉ်သုံးစီးနှင့်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူများ၏ ဝိုင်းဝန်းငြိမ်းသတ်မှုဖြင့် ညနေ ၄ နာရီတွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မျက်စိဆရာဝန်ကြီးများအဖွဲ့ အခမဲ့ ကွင်းဆင်းကုသပေး

မြင်းမူ ဒီဇင်ဘာ ၂၆

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ဂုံညှင်းဆိပ်ကျေးလက်ကျန်းမာရေးဌာနတွင် ဒီဇင်ဘာ ၂၁ ရက်က ခရိုင်မျက်စိဆရာဝန်ကြီး ဒေါက်တာ တင်မောင်သန့်နှင့် အဖွဲ့ဝင်ရှစ်ဦးတို့သည် မျက်စိများ အခမဲ့ စမ်းသပ် ကုသပေးခဲ့သည်။ ဂုံညှင်းဆိပ်၊ ညောင်မြစ်၊ အင်းမရွာမှ လူနာ ၁၁၇ ဦး လာရောက်ပြသကြသည်။

ခွဲစိတ်ရန်လိုအပ်သူများကိုစစ်ကိုင်းခရိုင် မျက်စိဆေးရုံသို့ခေါ်၍ ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးခြင်းဖြစ်သည်။ စစ်ကိုင်းသို့ ပို့ဆောင်မည့် ခွဲစိတ်လူနာမှာ ၁၁ ဦး ဖြစ်သည်။

ကူညီဆောင်ရွက်

အထက်ပါလုပ်ငန်းဆောင်ရွက်မှုတွင် ကျေးရွာမှ ကျန်းမာရေးမှူးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အထောက်အကူပြုအဖွဲ့များက ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(၀၇၉)

အောင်ဆုပန်ဘုရားကြီး အနေကဇာတင်ပွဲခြိမ့်ခြိမ့်သဲကျင်းပမည်

ပုဏ္ဏားကျွန်း ဒီဇင်ဘာ ၂၆

မဟာဇေယျသိဒ္ဓိ အဓိဌာန်ဆရာတော်ကြီး ဦးဆောင်မှုဖြင့် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ် ယိုးတရုပ်ကျေးရွာတွင် တည်ထားကိုးကွယ်လျက်ရှိသော အောင်ဆုပန်ဘုရားကြီး အနေကဇာတင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲများကို ဒီဇင်ဘာ ၂၇ ရက်မှ ၂၈ ရက်အထိ နှစ်ရက်တိုင် စည်ကားစွာကျင်းပမည် ဖြစ်သည်။ ပွဲတော်ကြီးအတွင်း ရှင်အပါး ၁၀၀ ရှင်ပြုအလှူပေးခြင်း၊ ဘုရားအနေကဇာတင်ခြင်း၊ ရခိုင်ရိုးရာကျင်ပွဲရွှေမောင်တန်း၊ မောင်မောင်းတန်းများနှင့် ပထမ၊ ဒုတိယ၊ တတိယ ရွှေစင်ရွှေသား တစ်ကျပ်သား၊ သုံးမတ်သား၊ ငါးမူးသား ရွှေတံဆိပ်ဆုများအပြင် ချောတိုင်တက်ပွဲ၊ ရခိုင်နာမည်ကြီး အဆိုတော်များ၏ စင်တင်တေးဂီတဖျော်ဖြေပွဲများ ပါဝင်မည်ဖြစ်သည်။

အောင်ဆုပန်ဘုရားကြီးကို ၂၀၁၂ ခုနှစ် ဇွန်လမှ ၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း တည်ဆောက်ပြီးစီးလျက်ရှိရာ ဘုရားကြီးဉာဏ်တော်အမြင့်မှာ ပလ္လင်မှ မုနိတော်အထိ ၉၄ပေရှိရုပ်တော်မူဘုရားကြီးဖြစ်ကြောင်း သိရသည်။ **ညသူ**

ဒီဇင်ဘာလူထုအားကစားလ လမ်းလျှောက်ပွဲ

နတ်မောက် ဒီဇင်ဘာ ၂၆

နတ်မောက်မြို့၏ ဒီဇင်ဘာ အားကစားလ(တတိယပတ်)စုပေါင်း လမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၂၁ ရက် နံနက်ပိုင်းက ကျင်းပရာ မြို့နယ် အုပ်ချုပ်ရေးမှူးဦးဌေးအောင်၊ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဒုတိယ ဦးစီးမှူးများ၊ ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သည် နတ်မောက်-ပျော်ဘွယ်လမ်း ဈေးသာကျေးရွာဘုန်းတော်ကြီးကျောင်းအထိ လမ်းလျှောက်ကြပြီး လမ်းလျှောက်ပွဲမှ အပြန် စုရပ်ဖြစ်သော ဗိုလ်ချုပ်ကြေးရုပ်ရင်ပြင်တွင် ကိုယ်ကာယကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန် /ဆက်)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်အတွင်း ဆောင်ရွက်မည့်မြေသားလမ်း ၁၃ မိုင်၊ ကျောက်ချောလမ်း ၂၂ မိုင်၊ ကွန်ကရစ်တံတား ၁၃ စင်းတို့အား တည်ဆောက်ရန်ရှိပါ၍ အိတ်ဖွင့်တင်ဒါ လျှောက်လွှာများကို ၂၅-၁၂-၂၀၁၃ရက်မှစတင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ရယူ၍ အောက်ပါ အစီအစဉ်အတိုင်း တင်သွင်းနိုင်ပါသည်-

(က) **အိတ်ဖွင့်တင်ဒါတင်သွင်းရက်** - ၂၅-၁၂-၂၀၁၃ ရက်မှ ၆-၁-၂၀၁၄ ရက်အထိ

(ခ) **အိတ်ဖွင့်တင်ဒါတင်သွင်းမည့်နေရာ** -စစ်ကိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့

၂။ သတ်မှတ်ရက်အချိန်ထက် ကျော်လွန်တင်သွင်းသည့် လျှောက်လွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၃။ အသေးစိတ်သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဖုန်း-၀၇၁-၂၂၅၃၄၊ ၂၄၃၁၅ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒီဇင်ဘာဥယျာဉ်အိမ်ရာစီမံကိန်း မြေတိုင်းရပ်ကွက်အမှတ် ၁၆၆၊ မြေကွက်အမှတ်(၁၈၅/ခ)၊ ဧရိယာ ၀ဒသမ ၁၁၄ဧကခန့်ရှိ ဦးသက်လွင်အမည်ပေါက် မြေချပါမစ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပါမစ်မိတ္တူမှန်ထုတ်ယူခွင့်ပြုပါရန် အမည်ပေါက်ထံမှ ဝယ်ယူထားသူ ဦးဘန္တယ် ၉/မရမ(နိုင်)၀၁၃၃၅၃က လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့ သက်ဆိုင်ရာစာရွက်စာတမ်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန
နေပြည်တော်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့မှ လိုအပ်သော အောက်ဖော်ပြပါ ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) **ဘက်ထရီ (12.V, 120. AH)** ၂၀ လုံး

(ခ) **စက်ဆီ/ချောဆီ** ၄ မျိုး

(ဂ) **မော်တော်ယာဉ်အလုပ်ရုံ လုပ်ငန်းသုံးပစ္စည်း** ၁၀ မျိုး

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** -၁၇-၁-၂၀၁၄ ရက် မွန်းလွဲ ၁ နာရီ

၃။ တင်ဒါပုံစံများကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့တွင် သတင်းစာပါ ကြေညာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ဌာနမှူး ဖုန်း-၀၆၄-၂၄၅၄၆၊ ဌာနခွဲမှူး(ထောက်) ဖုန်း-၀၆၄-၂၃၅၈၁၊ ၀၉-၄၀၂၇၃၉၈၀၅တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၊ မိတ္ထီလာမြို့

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မိုးညှင်းမြို့၊ နားခါရပ်ကွက်၊ သာစည်ရပ်နေ ကျွန်မ ဒေါ်မြင့်မြင့်ဝင်း ၁/မညန(နိုင်)၀၇၅၅၇၇၏သား မောင်သီဟကျော် ၁/မညန(နိုင်)၁၆၁၆၂၄ သည် မိသားစုအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် ၎င်းအား သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ယနေ့မှစ၍ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝသည် မိသားစုနှင့်မသက်ဆိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မိခင်-ဒေါ်မြင့်မြင့်ဝင်း

ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံခွဲ(ရန်ပယ်)အားငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ပြောင်းဖူးထုတ်ကုန်ပစ္စည်းစက်ရုံခွဲ(ရန်ပယ်)သည် မကွေးတိုင်းဒေသကြီး၊ ပရပ်ကြယ်ကျေးရွာအနီးတွင်တည်ရှိပြီး အကျယ်အဝန်းမှာ စက်ရုံ ၆၁ဒသမ ၉၀ဧကနှင့် စိုက်ကွင်း(၈၄၈)ဧကရှိ၍ လျှပ်စစ်နှင့် ရေအထူးကောင်းမွန်ပါသည်။

၂။ ယင်းစက်ရုံခွဲအား လက်ရှိလုပ်ငန်းအပြင် အခြားစက်မှုလုပ်ငန်းများပါ ဆောင်ရွက်နိုင်ရေးအတွက် နှစ်ရှည်ငှားရမ်းရန် အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** - ၂၃-၁၂-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၉း၀၀ နာရီ

(ခ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၂၀-၁-၂၀၁၄ရက် (တနင်္လာနေ့) ညနေ ၄း၀၀ နာရီ

(ဂ) **တင်ဒါပေးသွင်းရမည့်နေရာ** - ရုံးအမှတ်(၃၇)၊ ဒုတိယဝန်ကြီး(၁)ရုံးခန်း၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော်။

၃။ စည်းကမ်းချက်များနှင့် တင်ဒါပုံစံများကို ဖော်ပြပါလိပ်စာ၌ ရုံးချိန်အတွင်း ရယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုသိလိုပါက စုံစမ်းနိုင်ပါသည်။

ပစ္စည်းစီမံရေးဌာန
ဖုန်း-၀၆၇-၄၀၈၁၉၅၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆

သားအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏သား မောင်အောင်ဝေလင်း ၁၂/ဒဂတ(နိုင်)၀၆၈၁၄၅သည် မိဘဆိုဆုံးမမှုကို မနာခံတော့ဘဲ မိဘခွင့်မလွှတ်နိုင်သောလုပ်ရပ်များကို အကြိမ်ကြိမ်လုပ်ဆောင်သဖြင့် သားအဖြစ်မှ စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် မောင်အောင်ဝေလင်းနှင့်ပတ်သက်လာမည့် မည်သည့်ကိစ္စ ကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးနိုင်ဝင်း ၇/ကဝန(နိုင်)၀၇၄၅၁၉

မှုခင်းသတင်းနှင့်ကြော်ငြာ

မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

ရေး ဒီဇင်ဘာ ၂၆

ဒီဇင်ဘာ ၂၂ ရက် ည ၇ နာရီ ၁၅ မိနစ်ခန့်က ရေးမြို့နယ် လမိုင်းမြို့နယ်ခွဲ မော့ကနင်ကျေးရွာ ကားဆိပ်ရပ်ကွက် သချိုင်းအတွင်း ဇရပ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ရောင်းချလျက်ရှိကြောင်း သတင်းအရ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးလွင်၊ နယ်မြေခံရဲစခန်းမှူး ရဲအုပ် အေးငြိမ်းဇော်နှင့်အဖွဲ့ဝင်များ၊ သက်သေများနှင့်အတူ ပူးပေါင်းအဖွဲ့ ဝင်ရောက်ပိတ်ဆို့ရှာဖွေရာ ဇရပ်ပေါ်တွင် မင်းထွန်းဦး (၁၇ နှစ်) မော့ကနင်ကျေးရွာနေသူကိုတွေ့ရှိရပြီး ၎င်းလွယ် အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၅ ပြားနှင့် ငွေစက္ကူရောရာ သုံးသောင်းကျပ်နှင့်အတူ ဖမ်းဆီးရမိသည်။ဆက်လက် စစ်ဆေးရာမှ ပူးပေါင်းအဖွဲ့သည် မင်းထွန်းဦးအား ရောင်းချခိုင်းသူမှာ ဒေါ်စီး(ခ) ဒေါ်ဝင်းရွှေ မော့ကနင် ကျေးရွာနေသူဖြစ်၍ နေအိမ်သို့ ဝင်ရောက်စီးနင်းရှာဖွေရာ နေအိမ်တွင် ၎င်း၏သားဖြစ်သူနှစ်ဦးကို အသင့်တွေ့ရှိ ရသဖြင့် နေအိမ်အပေါ် ထပ်အိပ်ခန်းအတွင်း မှန်ဗီရိုအလယ် ထပ်မှ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၂၆၅ ပြားနှင့်အတူ ငွေစက္ကူ ရောရာကျပ် ၁၅ သိန်းတို့ကို သိမ်းဆည်းရမိသည်။

ဆက်လက်၍ စစ်ဆေးရာ မော့ကနင်ကျေးရွာ စားသောက်ဆိုင်တွင် နေထိုင်သော ထွန်းဝင်း(ခ) ဦးပရု(၃၇ နှစ်)က ရောင်းချပေးရန် လာရောက်ပို့ဆောင်ပေးထားကြောင်း သိရသဖြင့် ပူးပေါင်းအဖွဲ့သည် ည ၁၀ နာရီ ၁၀ မိနစ်တွင် စားသောက်ဆိုင်တန်းသို့ ဝင်ရောက်ရှာဖွေရာ ထွန်းဝင်း(ခ) ဦးပရုသည် တိမ်းရှောင်ထွက်ပြေးသွားလျက်ရှိပြီး အဆိုပါစိတ်ကြွရူးသွပ်ဆေးပြား ရောင်းချသူများနှင့် ထွက်ပြေးတိမ်းရှောင်သူအား လမိုင်းမြို့နယ်ခွဲ နယ်မြေခံရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

နေမျိုးထွန်း(ရေး)

မန္တလေး ဒီဇင်ဘာ ၂၆

ဆေးတက္ကသိုလ် မန္တလေး 2/1983,2nd. MBBS Batch (1983-1988) စာသင်နှစ် ဆရာဝန်များ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲနှင့် ဆရာဝန်ဖြစ်မြောက်ခြင်း ငွေရတုအထိမ်းအမှတ် မြတ်ဒါနလှူဒါန်းပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၅ ရက် နံနက်၉နာရီခွဲက အဆိုပါတက္ကသိုလ် အောင်ပင်လယ်ခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ဆေးတက္ကသိုလ် (မန္တလေး)ကန်တော့ခံ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာတင်မောင်ဟန်နှင့် အငြိမ်းစားပါမောက္ခချုပ်များ၊ ဆရာကြီး ဆရာမကြီး ၇၃ ဦးတို့အား ဒေါက်တာ လွှမ်းမိုးဦးဆောင်သော အဆိုပါ စာသင်နှစ်တပည့် ဆရာဝန်များက ကန်တော့ကျိုးဖြင့် လက်အုပ်ချီမိုးရှိခိုး၍ ဂါရဝပြုအမှတ်တရပစ္စည်းတို့ကို ပေးအပ်ကန်တော့ကြရာကန်တော့ခံများ ကိုယ်စား ပါမောက္ခဒေါက်တာ ကြူကြူဆွေ၊

ဆေးတက္ကသိုလ်(မန္တလေး) အာစရိယပူဇော်

ပါမောက္ခ ဒေါက်တာသောင်းမြင့်နှင့် ဒေါက်တာအောင်ချစ်တို့က ဆုပေးစကားပြောကြားသည်။

ထို့နောက် ဆရာဝန်ဖြစ်မြောက်ခြင်း ငွေရတုအထိမ်းအမှတ် မြတ်ဒါန အလှူငွေကျပ် ၁၀ သိန်းကို ဆေးတက္ကသိုလ်(မန္တလေး)သို့ လှူဒါန်းရာ ပါမောက္ခချုပ် ပါမောက္ခ ဒေါက်တာ တင်မောင်ဟန်က လက်ခံသည်။ ယင်းနောက် ကန်တော့ခံ ဆရာကြီး ဆရာမကြီးတို့နှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီးနေ့လယ်စာဖြင့်ဂုဏ်ပြုဧည့်ခံကြောင်း သိရသည်။

တင်မောင်(မန္တလေး)

ဖျာပုံခရိုင်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီ ဗာတ်တိုက်လေ့ကျင့်ရေးညှိနှိုင်းစည်းဝေး

ဖျာပုံ ဒီဇင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့တွင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ် ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်ရန်လုပ်ငန်းများ သရုပ်ပြလေ့ကျင့်သည့်အစည်းအဝေးကို ခရိုင်အုပ်ချုပ်ရေးမှူးခန်းမ၌ ဒီဇင်ဘာ ၂၃ ရက်ကကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးဝင်း၊ ခရိုင်ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး၊ ခရိုင်အဆင့်ဌာနဆိုင်ရာများ တက်ရောက်လေ့ကျင့်ဆွေးနွေးကြသည်။

အဆိုပါလေ့ကျင့်ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီးမှ မုန်တိုင်းအန္တရာယ်သတိပေး အရေးပေါ် Fax သတင်းကို ခရိုင်အုပ်ချုပ်ရေးမှူးက လက်ခံရရှိသည့်အချိန်တွင် ခရိုင်အဆင့်ဌာနဆိုင်ရာများအား အရေးပေါ် အစည်းအဝေးခေါ်ယူ၍ လေဖိအားနည်းရပ်ဝန်းတည်ရှိရာနေရာတွင် ဖြစ်ပေါ်နေသည့်မုန်တိုင်းအင်အားနှင့်သက်ဆိုင်ရာဌာနအလိုက်တာဝန်ယူထားသည့် ကြိုတင်စီမံချက်ပါအချက်များနှင့် လိမ္မော်ရောင်အဆင့် ဆွေးနွေးပွဲကိုခရိုင်အုပ်ချုပ်ရေးမှူးက စတင်ဆွေးနွေးပြီးတက်ရောက်လာသည့် ခရိုင်အဆင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးမှူးက မုန်တိုင်းဝင်ရောက်ဖြတ်ကျော်ချိန်တွင် ပြည်သူများကို ကယ်ဆယ်ရန်အတွက် အရေးပေါ်ပစ္စည်းရှစ်မျိုးကို အသုံးပြုမည်ဖြစ်ပြီး ပြည်သူများအတွက် လုံခြုံရာနေရာများသို့ ပို့ဆောင်မည်ဖြစ်ကြောင်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းတာဝန်ခံအင်ဂျင်နီယာက ဆက်သွယ်ရေးတာဝါတိုင်များ ပျက်စီးသွားပါက အစားထိုးတာဝါတိုင်များဖြင့် အမြန်ဆုံးပြုပြင်ပြီး လိုအပ်သည့်နည်းပညာမြင့် အကူအညီများကို တိုင်းဒေသကြီးမှရယူ၍ပြုပြင်ပြီး အမြန်ဆုံးဆက်သွယ်မှုလမ်းကြောင်း တည်ဆောက်မည်ဖြစ်ကြောင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူးက ဆက်သွယ်ရေးမပြတ်တောက်စေရန် ပင်လယ်ကမ်းနီးကမ်းဝေးသုံး အိုင်ကွန်စက်ကြီးများဖြင့် အစားထိုးသုံးစွဲပြီး ရေလုပ်ငန်းရှင်များနှင့် ပြည်သူများကို အရေးပေါ် ကယ်ဆယ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူးက မုန်တိုင်းမဝင်ရောက်မီနှင့် ဝင်ရောက်ပြီးချိန်တွင် ပြည်သူများအားအမိုးအောက်ရောက်ရှိစေရန်ရဲတပ်ဖွဲ့ဝင်အင်အားနှင့်ပို့ဆောင်ပေးပြီး ဆက်သွယ်ရေးလမ်းကြောင်းမပြတ်တောက်စေရန် လူအင်အား၊ ဆက်သွယ်ရေးအိုင်ကွန်စက်များဖြင့် အသုံးပြုဆက်သွယ်သွားမည်ဖြစ်ကြောင်း၊ ဖျာပုံခရိုင် မီးသတ်တပ်ဖွဲ့မှ စခန်းတာဝန်ခံက အရေးပေါ်ကယ်ဆယ်ရေးပစ္စည်းများနှင့် လေ့ကျင့်ထားသည့်အတိုင်း ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကယ်ဆယ်၍ ထိခိုက်ဒဏ်ရာရသူများအား အရေးပေါ်ဆေးခန်းများသို့ ပို့ဆောင်မည်ဖြစ်ကြောင်းကို ခရိုင်အဆင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးကော်မတီဝင်များက လေ့ကျင့်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(ဝ၇၁)

ဗိုလ်တထောင်မြို့နယ်တွင် ထရပ်ယာဉ်က ဆိုက်ကားကို တိုက်ပြီးမောင်းနှင်ထွက်ပြေး

ရန်ကုန် ဒီဇင်ဘာ ၂၆

ဒီဇင်ဘာ ၂၃ ရက် ညပိုင်းက ဗိုလ်တထောင်မြို့နယ်တွင် ထရပ်ယာဉ်က ဆိုက်ကားကိုတိုက်ပြီး မောင်းနှင်ထွက်ပြေးသဖြင့် ဆိုက်ကားပေါ်ပါ ခရီးသည် အမျိုးသမီးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၂၃ ရက် ည ၁၀ နာရီ မိနစ် ၅၀က ဗိုလ်တထောင်မြို့နယ် ကမ်းနားလမ်းပေါ်ရှိ စပေါ့ဘားစားသောက်ဆိုင်အနီးတွင် အနောက်ဘက်သို့ ခေါင်းတည်၍ရပ်ထားသော ၅ခ/. . . ထရပ်ယာဉ် ယာဉ်မောင်း (စုံစမ်းဆဲ)က မောင်းနှင်ထွက်ခွာစဉ် ၎င်း၏ဝဲဘက်ယာဉ်ကြောအတိုင်း ကိုမင်းမင်း ရာဇသင်္ကြန်ရပ်ကွက် ဒလမြို့နယ်နေသူ နင်းလာသည့်ဆိုက်ကားကို တိုက်မိပြီး မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ဆိုက်ကားပျက်စီးကာ ဆိုက်ကားပေါ်ပါခရီးသည် ဒေါ်ချောပို (၇)ရပ်ကွက် ဗိုလ်တထောင်မြို့နယ်နေသူမှာ ဒဏ်ရာများရရှိ၍ ရန်ကုန်ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ကုသရသောကြောင့်၅ခ/. . . ထရပ်ယာဉ်မောင်း (စုံစမ်းဆဲ)ကို ဗိုလ်တထောင်မြို့မ ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုးဝင်း(SP)

သန်လျင်မြို့နယ်တွင် ယာဉ်တိုက်မှုဖြစ်ပွား

ရန်ကုန် ဒီဇင်ဘာ ၂၆

ဒီဇင်ဘာ ၂၃ ရက် နံနက် ၅နာရီ မိနစ် ၅၀က သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းအတိုင်းသန်လျင်ဘက်မှရန်ကုန်ဘက်သို့ယာဉ်မောင်း ဖြိုးတေဇာလင်း တွံတေးမြို့နယ်နေသူ မောင်းနှင်လာသော 3E /---ပရိုဘောက်စ်အဖြူရောင်အငှားယာဉ်သည် စီးပွားရေးဘဏ်ရှေ့အရောက် မျက်နှာချင်းဆိုင်မှ ယာဉ်မောင်း မြတ်ထွဋ်ဝင်း ကျောက်တန်းမြို့နယ်နေသူ မောင်းနှင်လာသော ၆C/---ကင်တာအငှားယာဉ်ကို လမ်းလယ်၌ပွတ်တိုက်မိရာ ၆C/---ယာဉ်မှာ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်သွားခဲ့ကြောင်းသိရသည်။ အဆိုပါယာဉ်တိုက်မှုကြောင့် ဒဏ်ရာရရှိသူများကို သန်လျင်ဆေးရုံသို့ တင်ပို့ကုသရသောကြောင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ ဖြိုးတေဇာလင်းနှင့် မြတ်ထွဋ်ဝင်းတို့နှစ်ဦးကို သန်လျင်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စိုးဝင်း(SP)

ရွှေလိပ်ပြာဟိုတယ်၌ နိုင်ငံခြားသားတစ်ဦးငွေနှင့် ပစ္စည်းပျောက်ဆုံး

မော်လမြိုင် ဒီဇင်ဘာ ၂၆

မွန်ပြည်နယ် မော်လမြိုင်မြို့ ငန်းတေးရပ်ကွက် မြိုင်သာယာလမ်းဆုံရှိ ရွှေလိပ်ပြာဟိုတယ်တွင် ဒီဇင်ဘာ ၂၂ ရက် နံနက် ၁၀ နာရီခန့်က တည်းခိုနေသည့် ခနောက်စိမ်းအရောင်းအဝယ်ပြုလုပ်သူ တရုတ်နိုင်ငံသားလီကွန်ဂျွန်း (၃၉ နှစ်)သည် မနှင်းဝေဦး (ခ) ဝေဝေ (၂၀နှစ်) ဒလမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူနှင့်အတူ တည်းခိုနေထိုင်ရာ အိပ်ရာမှနိုးစဉ် မနှင်းဝေဦး (ခ)ဝေဝေမှာ အခန်းတွင် မရှိတော့သဖြင့်အခန်းတွင်းမှ ပစ္စည်းများနှင့် ငွေများကိုစစ်ဆေးရာ တရုတ်နိုင်ငံဘဏ်ငွေထုတ်ကတ်နှစ်ခု၊ မြန်မာငွေ ၁၀၀၀၀တန် ၁၁ ရွက်အပါအဝင်ငွေကျပ်သိန်း၂၀၊အမေရိကန်ဒေါ်လာ ၁၀၀၊ မြန်မာငွေ ၉၈၃၀၀၊ လီကွန်ဂျွန်း၏ တရုတ်နိုင်ငံသားမှတ်ပုံတင်ကတ်၊ မြန်မာနိုင်ငံငွေချေးစာချုပ်တစ်ခု၊ တရုတ်နိုင်ငံလုပ်ဖုန်းတစ်လုံး၊ မြန်မာ တန်ဖိုးငွေကျပ် ၂ ဒသမ ၅ သိန်း၊ ၀၉၄၀၁၆၂၅၂၈၈ နံပါတ်ပါ မြန်မာနိုင်ငံ သုံးဆမ်ဆောင်းဂလက်စီအမျိုးအစားဖုန်းတစ်လုံး၊ မြန်မာတန်ဖိုးငွေကျပ် ၂ ဒသမ ၉ သိန်း၊ တရုတ်ယွမ်ငွေ ၆၀၀၀၊ မြန်မာတန်ဖိုးငွေ ၉၆၅၀၀၀ ပစ္စည်းနှင့် ငွေစုစုပေါင်း တန်ဖိုးငွေကျပ် ၃၆၀၃၃၀၀ ခန့် ပျောက်ဆုံးနေကြောင်း သိရသည်။ ယင်းဖြစ်စဉ်နှင့်ပတ်သက်၍တရုတ်နိုင်ငံသား လီကွန်ဂျွန်းက မော်လမြိုင်မြို့ ဇေယျာသီရိရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့ရာ ရဲစခန်းက မနှင်းဝေဦး(ခ)ဝေဝေအပေါ် အမှုဖွင့်ထားကြောင်း သိရသည်။

(လ/ဝ၁၂)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝန်ထမ်းဟောင်းများ ပြန်လည်တွေ့ဆုံပွဲ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းဟောင်းများ ပြန်လည်တွေ့ဆုံပွဲ ပြုလုပ်မည်ဖြစ်ပါ၍ ၁၂-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီတွင် အလိုတော်ပြည့်ကျောင်းတိုက် ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့သို့ ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်ရန် -	**အကျိုးဆောင်အဖွဲ့**
ဦးမောင်မောင်ကြိုင်	**ဦးမောင်မောင်လေး**
ဖုန်း-၀၉-၇၃၂၀၀၄၁၁	**ဖုန်း-၀၉-၅၀၄၃၂၅၆**
ဦးသန်းတင်ဝင်း	**ဦးအောင်ဇော်မြင့်**
ဖုန်း-၀၉-၃၁၂၈၅၅၇၃	**ဖုန်း-၀၉-၄၂၁၁၅၇၇၇၅**
ဦးအေးလွင်	**ဦးကျော်ဝင်း**
ဖုန်း-၀၉-၇၃၀၈၈၉၀၈	**ဖုန်း-၀၉-၄၂၁၁၄၁၅၈၆**
ဒေါ်နော်ထွေးကြည်	**ဒေါ်ခင်ကျော့ဝေ**
ဖုန်း-၀၉-၄၅၀၀၃၉၇၄၄	**ဖုန်း-၀၉-၄၂၀၀၀၉၇၁၇**

မြေကွက်အမြန်ငှားရမ်းလိုသည်

မော်တော်ကားအရောင်းစင်တာ(Showroom)နှင့် Service Center ဖွင့်လှစ်နိုင်ရန်အတွက် မြေအကျယ်အဝန်း တစ်ဧကခန့်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်ပြည်လမ်း၊ တက္ကသိုလ်ရိပ်သာလမ်း၊ ရွှေဂုံတိုင်လမ်းနှင့် ဝေဇယန္တာလမ်းမကြီးများတွင်ရှိသော မြေကွက်တစ်ကွက်အား နှစ်ရှည်ငှားရမ်းလိုပါသဖြင့် အောက်ဖော်ပြပါဖုန်းများသို့ အမြန်ဆုံးဆက်သွယ်နိုင်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

ဖုန်း-၀၉-၅၀၁၈၀၁၂၈၊ ၀၉-၅၁၄၆၄၈၃

အထက-ဖလုံ

ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထက-ဖလုံ၏ကျောင်းသားကျောင်းသူဟောင်းများမှ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၁၁-၁-၂၀၁၄ရက် (စနေနေ့) နံနက် ၉း၀၀ နာရီတွင် အထက-ဖလုံခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ **တာဝန်ထမ်းဆောင်ခဲ့သော သက်ပြည့်အငြိမ်းစား ကန်တော့ခံဆရာကြီး ဆရာမကြီးများနှင့်** ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အလှူငွေဆက်သွယ်လှူဒါန်းနိုင်သည့်ပုဂ္ဂိုလ်များ

ဦးစိန်ဝင်း(ရန်ကုန်) ဖုန်း-၀၉-၅၀၇၂၆၃၈	**ဦးဆွေလွင်(ဖလုံ)ဖုန်း-၀၉-၄၉၃၄၈၃၇၄**
ဒေါ်အေးအေးမာ(ရန်ကုန်)ဖုန်း-၀၉-၄၃၀၃၃၅၈၄	**ဦးအောင်ကိုကို(ကျွန်းချောင်း)**
ဒေါ်ဖြူဖြူဝင်း(ရန်ကုန်)ဖုန်း-၀၉-၇၃၀၃၁၆၅၇	**ဖုန်း-၀၉-၄၂၁၀၈၂၀၄၂**

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ဖြူးမိသားစု၏ ဆဋ္ဌမအကြိမ်မြောက် ဓမ္မသဘင်

၁၃၇၅ ခုနှစ် နတ်တော်လပြည့်ကျော် ၁၀ ရက်၊ ၂၇-၁၂-၂၀၁၃ရက်(သောကြာနေ့)ည ၇ နာရီ၌ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ဇမ္ဗူသီရိဗိမာန်တော် (တံတားလေးလမ်းဝ နဝဒေးရပ်ရှင်ရုံအနီး)တွင် အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် **ဒေါက်တာအရှင်နန္ဒမာလာဘိဝံသ** မှ နိဗ္ဗာန်ရောက်ကြောင်း တရားရေအေးတိုက်ကျွေးမည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

မဟာရင်ဂိုဏ်းချုပ်ဆရာတော်၏

အဘိဓဇမဟာရဋ္ဌဂုရု ဂုဏပူဇာသဘင်

၂၀၁၃ခုနှစ် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ၏ အမိန့်ကြေညာစာအမှတ်(၁/၂၀၁၃)ဖြင့် **"အဘိဓဇ မဟာရဋ္ဌဂုရု"** ဘွဲ့တံဆိပ် တော်ကို ဆက်ကပ်ခြင်းခံယူရရှိတော်မူသည့် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ ကတိုးရွာ၊ မဟာရင်ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓမ္မယုတ္တိကနိကာယ-မဟာရင်ဂိုဏ်း၏ ဂဏာဓိပတိ(ဂိုဏ်းချုပ်ဆရာတော်ကြီး) ဘဒ္ဒန္တအာဒိစ္စမဟာထေရ် မြတ်ကြီးအား ဂုဏ်ပြုချီးကျူးပူဇော်မည့် **"အဘိဓဇမဟာရဋ္ဌဂုရု-ဂုဏပူဇာသဘင်"**ကို ၁၃၇၅ခုနှစ် နတ်တော်လပြည့်ကျော် ၁၂ရက် (၂၉-၁၂-၂၀၁၃ ရက်) တနင်္ဂနွေနေ့တွင် ကတိုးရွာ မဟာရင်ပရိယတ္တိစာသင်တိုက်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကုသိုလ်ယူကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဂုဏပူဇာသဘင်ကျင်းပရေးဗဟိုကော်မတီ
မဟာရင်ပရိယတ္တိစာသင်တိုက်၊ ကတိုးရွာ
မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ်

အမွေစားအမွေခံသားအဖြစ်မှစွန့်လွှတ်ခြင်း

ဦးမြတ်ဆွေနှင့်ဒေါ်တင်အေးမော်တို့၏သား မောင်မြတ်သူရ ၁၂/အစန(နိုင်)၁၅၉၃၀၇ သည် မိဘညီအစ်ကိုမောင်နှမများ၏ အကြိမ်ကြိမ်ဆိုဆုံးမမှုကို မနာခံဘဲ မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအားအမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီး နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို မိဘများမှလုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

ဦးမြတ်ဆွေနှင့်ဒေါ်တင်အေးမော်

နယ်သတင်းနှင့်ဆောင်းပါး

ရေကြည်၌ ကိုယ်ထူကိုယ်ထ ကျောက်ချောလမ်းခင်း

ရေကြည် ဒီဇင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် နွားရေတိုက်ကျေးရွာအုပ်စု ကမ်းနားဒိုက်လျှားကျေးရွာမှ ငါးတဲစုကျေးရွာသို့ ကျေးရွာချင်းဆက် ကိုယ်ထူကိုယ်ထ ကျောက်ချောလမ်း ခင်းခြင်းလုပ်ငန်းကို ဒီဇင်ဘာ ၂၀ ရက်မှစ၍ စတင်လုပ်ကိုင်ခဲ့သည်။ ယင်းလမ်းကို ကမ်းနားဒိုက်လျှားကျေးရွာမှ အလှူရှင် ဦးတင်စိုး (ဂွန်ဒေါင်းကိုစိုး)က ကျောက်ချောလမ်းခင်းရန် အတွက် ကျပ် ၂၈သိန်းကို မတည်ပြီးကျေးရွာလူထုမှ စုပေါင်းလှူဒါန်းငွေကျပ် ၁၂သိန်းကို ကျေးရွာချင်းဆက် ကျောက်ချောလမ်းခင်းရန် ထည့်ဝင်လှူဒါန်းကြသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် အထောက်အကူပြု အဖွဲ့မှလည်း ၃၂ သိန်းနှစ်သောင်းကို ကျေးလက်ကျောက်ချောလမ်း ခင်းရန်အတွက် ထောက်ပံ့ပေးမည်ဖြစ်သည်။ ကျေးရွာချင်းဆက် ကျောက်ချောလမ်းကို သာပေါင်းမြို့နယ် နယ်စပ် ကြည်သာဦးကွက်သစ်ထိပ်မှ ငါးတဲစုကျေးရွာအထိ အရှည်တစ်မိုင်နှင့် တစ်ဖာလုံ၊ အကျယ်ရှစ်ပေ၊ ထု လေးလက်မခွဲ ခင်းကျင်းကြသည်။ **(ယာပုံ)**

ထိုလမ်းခင်းကျင်းပြီးပါက အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများမှ မိုးရာသီတွင် သွားလာရန် အဆင်ပြေမည်ဖြစ်သည်။ ဆက်လက်ပြီး ငါးတဲစုကျေးရွာတွင် တံတား ၇၅ပေအရှည် တံတားတစ်စင်း တည်ရှိနေပြီး ၎င်းတံတားသည် ၂၀၀၀ ခုနှစ်မှ တည်ဆောက်ထားခဲ့သည်။ ထိုတံတားသည် နှစ်ပေါင်း ၁၃ နှစ်ကြာပြီးနောက် အပေါ်မှ ကြမ်းခင်းများနှင့် အရှေ့ဘက်ကမ်းမှ အုတ်ခုံနိမ့်နေပါသဖြင့် ကျေးရွာလူထုမှ စုပေါင်းလှူဒါန်းငွေကျပ် ရှစ်သိန်းဖြင့် ပြန်လည်ပြင်ဆင်ခဲ့သည်။၎င်းတံတားကို အမှီပြု၍ သွားလာနေကြသော ကျေးရွာအုပ်စုခုနစ်အုပ်စုမှ ပြည်သူများ သွားလာမှု အဆင်ပြေကြောင်း သိရသည်။ **(၁၈၁)**

ရှမ်းစာပေနှင့်ယဉ်ကျေးမှုနှစ်ဦး ကောက်သစ်စားပွဲကျင်းပ

ဒေါ့ဖုန်းယန် ဒီဇင်ဘာ ၂၆

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ဒေါ့ဖုန်းယန်မြို့နယ်ခွဲ မိုးလဲဒေသအတွင်းရှိ ရှမ်းစာပေနှင့်ယဉ်ကျေးမှုအဖွဲ့မှ ကြီးမှူးကျင်းပသော နှစ်ဦးကောက်သစ်စားပွဲကို ဒီဇင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီက ဖာကေကျေးရွာဓမ္မာရုံဝင်း၌ ကျင်းပကြသည်။

ရှေးဦးစွာ ရှမ်းစာပေနှင့်ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌဦးအိုက်လင်းက ရှမ်းစာပေတတ်မြောက်ရေးနှင့် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုဓလေ့ကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပလျက်ရှိသော ရှမ်းနှစ်သစ်ကူးပွဲတော်နှင့် ကောက်သစ်စားပွဲအကြောင်းကို ရှင်းလင်းပြောကြားပြီး ရှမ်းတိုင်းရင်းသူ တိုင်းရင်းသားများ၊ ရှမ်းစာပေ ထူးချွန်ဆုရရှိသူများအား ဆုများချီးမြှင့်ကြသည်။

အဆိုပါနှစ်ဦးကောက်သစ်စားပွဲသို့ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူးနှင့် အတူ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သက်ကြီးဘိုးဘွားများ၊ ရပ်မိရပ်ဖများနှင့်တက်ရောက်လာကြသော ဧည့်သည်တော်များအား ရှမ်းရိုးရာအိုးစည်အက၊ ရှမ်းသီချင်းများ၊ ပဒေသာကပွဲများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပညာရေးမြှင့်တင်မှုဆိုင်ရာ အလုပ်ရုံဆွေးနွေး ပြုပြင်သင့်တာကို အားထည့်ဆောင်ရွက်

မော်လမြိုင် ဒီဇင်ဘာ ၂၆

လက်တွေ့ကျသော ပညာရေးမြှင့်တင်မှု အကောင်အထည်ဖော်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၁နာရီက မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် တောင်ဝိုင်းလမ်းရှိ မော်လမြိုင်တက္ကသိုလ် ပင်မဆောင် အခန်း(၁၅)၌ ကျင်းပသည်။

ရှေးဦးစွာ မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာ ငွေအောင်က အရည်အချင်း ပြည့်မီသူတိုင်း တက္ကသိုလ်ပညာ သင်ကြားခွင့်ရရှိစေရန်တက္ကသိုလ်များ၏ အုပ်ချုပ်ရေးစနစ်ကို တက္ကသိုလ်များ ဗဟိုကောင်စီမှ ကြီးကြပ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်ဗဟိုကောင်စီသည် လွတ်လပ်စွာရပ်တည်မည်ဖြစ်ကြောင်း၊ နိုင်ငံသားတိုင်း ဘဝတစ်သက်တာ ပညာသင်ယူခွင့် အခွင့်အလမ်းများရရှိပြီး နိုင်ငံတကာ အရည်အသွေးမီသည့် ထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်း ပညာရှင်များအဖြစ် ပြုစုပျိုးထောင်ရန်ဖြစ်ကြောင်း တက္ကသိုလ်များသည်နိုင်ငံတော်၏ ပညာအခြေပြု စီးပွားရေးစနစ် (Knowledge based Economic system)ကို ဖော်ဆောင်နိုင်သည့် လူမှုစီးပွားဖွံ့ဖြိုးမှုတိုင်းရင်းသားဘာသာ စကားသင်ကြားမှုဆိုင်ရာ ဆွေးနွေးခြင်း၊ မူကြိုအဆင့်၊ မူလတန်းကျောင်း ပညာရေး၊ အခြေခံပညာဆိုင်ရာ ကောလိပ်နှင့် တက္ကသိုလ်ပညာရပ်ဆိုင်ရာများကို ဆွေးနွေးပြီး အကြံပြုချက်၊ ပြုပြင်သင့်တာကို ပြုပြင်ပြီး အားထည့်ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းအလုပ်ရုံ ဆွေးနွေးပွဲတွင် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ မော်လမြိုင် တက္ကသိုလ်ဘာသာရပ်ပေါင်းစုံမှ ဆရာ ဆရာမ ၄၀၀ကျော် တက်ရောက်ကြသည်။ **(၁၀၈)**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)၌ (၆၆)နှစ်မြောက်လွတ်လပ်ရေးနေ့ကြိုဆို သားကောင်းမိခင်နှင့်ကလေးကျန်းမာရေး ပြိုင်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၆

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး၍ (၆၆) နှစ်မြောက် လွတ်လပ်ရေးနေ့အကြိုဂုဏ်ပြုကြိုဆိုသောအားဖြင့် (၈၇) ရပ်ကွက် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းရုံးခန်း၌ ဒီဇင်ဘာ ၂၁ရက် နံနက် ၁၀နာရီက မွေးကင်းစ ၆လမှ ၂နှစ် ၆လအတွင်း သားကောင်းမိခင်နှင့် ကလေးကျန်းမာရေးပြိုင်ပွဲကို မြို့နယ်၊ ရပ်ကွက်/ကျေးရွာပေါင်းစုံ အလိုက် ၇၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ (၈၇) ရပ်ကွက်၊ အမြွှာသားကောင်းမိခင် ဒေါ်ခင်နှင်းခိုင်၏သား ရဲလင်းဆန်းနှင့် ရဲဝင်းဆန်းအမြွှာဆုကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ချိုဝေလွင်က ဆုချီးမြှင့်သည်။ **(အပေါ်ပုံ)**

ဆက်လက်၍ မြို့နယ်မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းဝင်များက ပ၊ ဒု၊ တ နှင့် နှစ်သိမ့်ဆုဆုမဲပေါင်း ၄၈ ဆုကို ချီးမြှင့်ကြကြောင်း သိရသည်။ **(ကျင်မောင်)**

ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ မြို့မရပ်ကွက်အသင်း အနိုင်ရဗိုလ်စွဲ

ဂန့်ဂေါ ဒီဇင်ဘာ ၂၆

ဂန့်ဂေါမြို့နယ် အားကစားနှင့် ကာယပညာကော်မတီက ကြီးမှူးကျင်းပသည့် အကြီးတန်းအမှတ်ပေး အလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၂၄ ရက်ညနေက မြို့နယ်အားကစားကွင်းတွင် မြို့မရပ်ကွက်ဘောလုံးအသင်းနှင့် ကျောတိုက်ရပ်ကွက် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြို့မရပ်ကွက်အသင်းက လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။ အဆိုပါပြိုင်ပွဲသို့ ဘောလုံးအသင်းခြောက်သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **(၁၀၁)**

အထက(၂) မြို့မပညာရေးပြက္ခဒိန် အားကစားလှုပ်ရှားမှုကျင်းပ

ရေကြည် ဒီဇင်ဘာ ၂၆

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ရေကြည်မြို့နယ် အထက-၂(မြို့မ)၌ ဒီဇင်ဘာ လူထုအားကစားလမှ ကျောင်းသား ကျောင်းသူများ ပျော်ရွှင်စွာပညာရေးကို သင်ယူနိုင်ရန် အထောက်အကူဖြစ်သည့် ဒီဇင်ဘာအားကစားပြိုင်ပွဲများကို ဒီဇင်ဘာ ၂၃ရက် နံနက် ၉ နာရီက ကျင်းပသည်။ အထက-၂ (မြို့မ)၏ ဒီဇင်ဘာ အားကစားပြိုင်ပွဲကို ကျောင်းသား ကျောင်းသူများက အားကစားနည်း ငါးမျိုးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရာ ကျောင်းသား ကျောင်းသူများက ဒီဇင်ဘာအားကစားကို ပျော်ရွှင်စွာပါဝင် လှုပ်ရှားခဲ့ကြသည်။ အဆိုပါ ဒီဇင်ဘာအားကစားပြိုင်ပွဲကို ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက ကြီးကြပ်၍ ကျင်းပခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **မင်းလွင်ဦး(ရေကြည်)**

အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲ ဖိတ်ကြားခြင်း

ဆေးတက္ကသိုလ်(၁) ရန်ကုန် ၁၉၇၂-၁၉၈၂ ခုနှစ် ကျောင်းသား ကျောင်းသူများ၏ အာစရိယပူဇော်ပွဲနှင့် ညစာစားပွဲ ကျင်းပမည်ဖြစ်ပါသဖြင့် အားလုံးစုံစုံညီညီ တက်ရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

၁။ **အာစရိယပူဇော်ပွဲ**
ကျင်းပမည့်ရက် - ၁၈-၁-၂၀၁၄ ရက် (စနေနေ့)
ကျင်းပမည့်အချိန် - နံနက် ၉း၀၀ နာရီ
ကျင်းပမည့်နေရာ - စာကြည့်တိုက်(ဟောင်း) ဆေးတက္ကသိုလ်(၁) လမ်းမတော်

၂။ **ညစာစားပွဲ**
ကျင်းပမည့်ရက် - ၁၈-၁-၂၀၁၄ရက် (စနေနေ့)
ကျင်းပမည့်အချိန် - ညနေ ၆း၃၀ နာရီ
ကျင်းပမည့်နေရာ - ဆေးတက္ကသိုလ်(၁)လမ်းမတော် မြက်ခင်း

အခမ်းအနားဖြစ်မြောက်ရေးကော်မတီ
ဆေးတက္ကသိုလ်(၁) ရန်ကုန် ၁၉၇၂-၁၉၈၂ ခုနှစ် ကျောင်းသားကျောင်းသူများ

အထက (၄) ကမာရွတ်၊ ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲ ဖိတ်ကြားခြင်း

အထက (၄) ကမာရွတ်၏ ဆဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်နီး ရပ်ဝေးမှ ဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂(အေ)၊ မြေကွက်အမှတ် ၃၇၊ (ပေ၄၀×ပေ၆၀)၊ မြေကွက်အမှတ် ၃၈၊ (ပေ၄၀×ပေ၆၀)၊ မြေကွက်အမှတ် ၃၉၊ (ပေ ၄၀×ပေ၆၀)မြေကွက်တို့သည် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်ခင်ခင်လှ ၁၂/ဥကမ(နိုင်)၀၃၇၁၈၄၊ ဦးခင်ထွေး S/OKA-၀၉၆၅၁၄၊ ဒေါ်အေးနိုင် ၁၂/ဥကတ(နိုင်) ၀၀၆၅၄၁ တို့၏ အမည်များဖြင့် မှတ်တမ်းတင်ထားရှိပြီး ယင်းတို့ထံမှတစ်ဆင့် ဝယ်ယူပိုင်ဆိုင်၍ လက်ရှိထားရောင်းချပိုင်ခွင့်ရှိသူ ဒေါ်စိန်စိန်ရည် ၁၂/အလန(နိုင်)၀၁၉၃၁၁ ထံမှ ဒေါ်ဝါဝါခိုင်မင်း ၁/မညန(နိုင်)၀၀၀၁၆၆ က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေခဲ့ပြီးဖြစ်၍ ယင်းမြေကွက်များနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဒေါ်ဖြိုးဖြိုးအောင် LL.B, D.B.L — **အထက်တန်းရှေ့နေ(စဉ်-၃၅၀၂၃)**
ဦးဝင်းဌေး B.A, R.L — **တရားလွှတ်တော်ရှေ့နေ(စဉ်-၂၂၅၆)**
အမှတ် ၆၂ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၇၃၁၅၀၈၀၃

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/ရန်ပြေ၊ မြေကွက်အမှတ် ၉၉၉၊ မြေကွက်တည်နေရာအမှတ် ၄၁၊ ရန်ပြေ ၁၇ လမ်း၊ ၃/ရန်ပြေရပ်ကွက်၊ သာကေတမြို့နယ် (၁)ဦးမော်ဟင်၊ (၂)ဒေါ်တင်လှအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဦးမော်ဟင်(ဖခင်)နှင့် ဒေါ်တင်လှ (မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဒေါ်ခင်တင့်ဝင်း ၁၂/သကတ(နိုင်)၀၄၀၂၃၆၊ (၂)ဦးတင့်လွင် ၁၂/သကတ(နိုင်)၀၈၄၁၆၂၊ (၃)ဦးဝင်းချို ၁၂/သကတ(နိုင်)၀၈၄၆၉၃၊ (၄)ဦးသင်းဇော် ၁၂/သကတ(နိုင်)၁၁၉၉၃၅ တို့က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ကြီးပွားရေးတောင်၊ မြေကွက်အမှတ် ၃၈၂/က၊ မြေကွက်တည်နေရာအမှတ် (၃၈၂/က)၊အောင်ချမ်းသာလမ်း၊ ကြီးပွားရေးရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ် ဦးအပ္ပဒူကာဒါ ၁၂/သဃက(နိုင်)၁၄၀၅၁၅အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးအပ္ပဒူကာဒါ(ဖခင်)နှင့် ဒေါ်သန်းစိန်(မိခင်)တို့ ကွယ်လွန်သဖြင့် (၁)ဦးတင်အေး၁၂/ပဇတ(နိုင်)၀၂၀၂၇၀၊ (၂)ဦးလှစိန် BHN-၀၀၇၄၂၂၊ (၃)ဦးလှသိန်း(ခ)မိုဟာမက်အူမား ၁၂/သဃက(နိုင်) ၀၉၆၂၄၉၊ ဦးလှမြင့် ၁၂/သဃက(နိုင်)၀၅၈၁၇၈ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ ကတိသစ္စာပြုလွှာများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပေါက်ခေါင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်တွေ့ဆုံပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ ဖိတ်ကြားလွှာ

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည်တွေ့ဆုံပွဲ၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ၁၂-၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉း၀၀ နာရီတွင် ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဖဆပလစံပြရပ်ကွက်၊ သာသနာ့ဟိတကာရီဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပါသည်။ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် ရန်ကုန်မြို့နေ အသင်းဝင်များ၏ သားသမီးများအမည်စာရင်းနှင့် အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးပူဇော်ခံပုဂ္ဂိုလ်များအနေဖြင့် အထောက်အထားမိတ္တူများကို ၂၉-၁၂-၂၀၁၃ ရက် နောက်ဆုံးထားပြီး ဆရာကြီးဦးထွန်းမြ ဖုန်း-၀၁-၃၈၇၅၃၄၊ ဦးဌေးအောင် ဖုန်း-၀၉-၄၂၀၀၀၇၃၀၂၊ ဦးချစ်ဦးမောင် ဖုန်း-၀၉-၇၃၀၂၁၉၇၄၊ ဒေါ်ခင်လေးမြင့်ကျော် ဖုန်း-၀၉-၅၀၇၇၈၀၃ တို့သို့ ဆက်သွယ်မေးမြန်းပေးပို့ကြပါရန် ဖြစ်ပါသည်။

ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)၏ အသင်းဝင်များ၊ အသင်းမဝင်ရသေးသူများအားလုံး မပျက်မကွက် စုံစုံညီညီ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့
ပေါက်ခေါင်းမြို့နယ်အသင်း(ရန်ကုန်)

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား ၂လက်မ အဝီစိတွင်း(၁)တွင်း တူးဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့် — ဒေါ်အေးအေးစန်း
နေရပ်လိပ်စာ — အမှတ် ၅၊ သုနန္ဒာလမ်း
တူးဖော်မည့်နေရာနှင့် — (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်
မြေတိုင်းရပ်ကွက်အမှတ် — ရန်ကုန်မြို့

မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ဌာနဆိုင်ရာ၊ လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

ရက်(၁၀၀)ပြည့် မွေးနေ့ဆုတောင်း

ချစ်သားလေး **မြတ်ဘုန်းနိုင်**၏ ၂၇-၁၂-၂၀၁၃ ရက်တွင် ကျရောက်သော ရက်(၁၀၀)ပြည့် မွေးနေ့မှသည် ကျန်းမာချမ်းသာခြင်းများနှင့် ပြီးပြည့်စုံသောဘဝကို ထာဝရပိုင်ဆိုင်ပါစေ။

သားဦးရတနာလေးအား တော်သလင်းလပြည့်နေ့ (ဂုရုဓမ္မအခါတော်နေ့)တွင် အောင်မြင်စွာ မွေးဖွားပေးခဲ့သော သားဖွားမီးယပ်အထူးကုဆရာဝန်ကြီး ဒေါက်တာခင်ဝင်းရီ၊ မေ့ဆေးဆရာဝန်ကြီး ဒေါက်တာစပယ်ဖူး၊ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာအေးအေးသင်းနှင့် (သစ္စာရာဇာ)ဆေးရုံမှ ဝန်ထမ်းများ၊ မိတ်ဆွေများအား အထူးကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သော ဘိုး၊ ဘွားများနှင့်
ဖေဖေ ဗိုလ်မှူးရဲနိုင်-မေမေ ဒေါက်တာဇင်မာသန်းထွန်း
(ကျောင်းကျန်းမာရေးဌာန၊ မြင်းခြံ)

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဒ့ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

စမ်းချောင်းမြို့နယ်တရားရုံး

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်(၉)နှင့်ဆက်သွယ်သည့်

၂၀၁၃ ခုနှစ် တရားမဇာရီမှုအမှတ်-၁၆

ဦးလှထူးအောင်　　　နှင့်　　　ဦးကျော်လှ
တရားနိုင်　　　　　　　　**တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြယာရိုးကျေးရွာအုပ်စု၊ လက်ယက်စမ်းကျေးရွာတွင် နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ) တရားရှုံးဖြစ်သော ဦးကျော်လှ သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၉တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၃ရက် (၁၃၇၅ခုနှစ် ပြာသိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ခင်သီငွေး)
တွဲဖက်မြို့နယ်တရားသူကြီး၊ စမ်းချောင်းမြို့နယ်တရားရုံး

အကျိုးသက်ဆိုင်သူများ ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ အုတ်ဖိုစုရပ်ကွက်၊ အကွက်အမှတ် ၂၆၊ ကျိုက်ဗောဓိမြောက်ကွက်၊ ဦးပိုင်အမှတ် ၄၁/ခ၊ ဧရိယာ ဝဒသမ ၁၃၅ဧက၊ ၃(ခ)ရရှိပြီး မြေနှင့်မြေပေါ်ရှိ သိပ္ပံလမ်း၊ အမှတ် ၅၇ဟု ခေါ်တွင်သော နှစ်ထပ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များကို ပိုင်ရှင် ဒေါ်အေးအေးပွင့် ၆/ပလန(နိုင်)၀၅၁၆၉၆ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ယင်းမြေကွက်နှင့်အဆောက်အအုံတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သူများ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးထွန်းရှိန်
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၈၂)
အမှတ် ၁၁၆၊ ရွှေတောင်တန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၃၃၂၉၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လူနေရပ်ကွက်အမှတ် ၉၊ မြေတိုင်းရပ်ကွက်အမှတ် ၂၊ မြေကွက်အမှတ် ၃၂၀/ခ၊ မြေကွက်အကျယ်အဝန်း ပေ(၂၀×၆၀)၊ မြေကွက်ဧရိယာ ၀ဒသမ ၀၂၇ဧက၊ စတုရန်းပေ ၁၂၀၀ ရှိ နှစ် ၆၀ မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိသော ရွှေပြည်သာမြို့နယ်၊ ၉ ရပ်ကွက်၊ မဟာမြိုင်လမ်း၊ အမှတ် ၃၂၀/ခဟုခေါ်သည့် ပျဉ်ထောင်ကာသွပ်မိုး အဆောက်အအုံတစ်လုံးနှင့် သီးပင်စားပင်များအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ဒေါ်မလုံး ၁၂/ဗဟန(နိုင်)၀၈၅၄၀၀ အမည်ပေါက်ထံမှ နှစ် ၆၀ မြေငှားဂရန်ကို မင်္ဂလာဒုံမြို့နယ်နေ တပ်ကြပ်ကြီး ကြီးမြင့် ၁၂/လကန(နိုင်)၀၁၄၀၈၀က ရန်ကုန်မြို့ စာချုပ်စာတမ်းရုံးတော်တွင် စာချုပ်အမှတ် ၁၇၃/၂၀၀၂ ဖြင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယင်းမြေငှားဂရန်မြေနှင့်အိမ်အား မော်လမြိုင်မြို့နေ ဦးသန်းမြင့် ၁၀/မလမ(နိုင်)၁၁၁၇၉၃ မိသားစုမှ အရပ်စာချုပ်ချုပ်၍ ထပ်မံဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယင်းနောက်ဆုံးပိုင်ရှင်မိသားစုများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးခင်စိုး LL.B,DL.101 WIPO (Switzerland)　　**ဒေါ်ခင်စန်းမူ B.A(Law),LL.B**
တရားလွှတ်တော်ရှေ့နေ (စဉ်-၂၈၇၅)　　**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၂၅၇)**
သမာဓိဥပဒေအကျိုးဆောင်အဖွဲ့
အခန်း(၆)၊ ၃၀၁(တတိယထပ်)၊ အမှတ် ၉/၁၁၊ ၃၆ လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၄၈၅၃၆

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၁၊ မြေကွက်အမှတ် ၁၅၁၁၊ အလျားပေ ၄၀×အနံပေ ၆၀ အကျယ်အဝန်းရှိ ဦးအေးငွေ ၁၂/အလန(နိုင်)၀၀၇၆၅၁ အမည်ပေါက်သည့်မြေကွက်ကို အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၈၆၈၇/၁၉-၁၀-၂၀၁၁)ရရှိသူ ဦးရဲမင်းမင်းမြင့်ထံမှ စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ထား၍ မိမိ၌ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုရှိသူ ဒေါ်အေးအေးမော် ၁၂/ဗဟန(နိုင်)၀၆၀၄၁၆ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက်ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်ကြောင်းစာချုပ်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကို ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။　**လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးဆန်နီ (ပျဉ်းမနား)၊ အထက်တန်းရှေ့နေ (စဉ်-၁၆၉၅၁)
၁၀၃၇၊ သင်းဝင် ၅ လမ်း၊ ၃၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၇၃၀၄၆၉၀၆၊ ၀၉-၄၃၁၃၆၁၈၉

စွမ်းအင်ဝန်ကြီးဌာန

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

(၁၇/၂၀၁၃)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-147(2013-2014)	Down Hole Mud Motor Ex Horizontal Directional Drilling Rig	1 Set	US$
(၂)	IFB-148(2013-2014)	Caterpillar C-9 Truck Engine for 30 Ton Mark Oil Field Truck	1 No	US$
(၃)	IFB-149 (2013-2014)	CNG Compressor Driven Electric Motor With Complete Package	1 Lot	US$
(၄)	IFB-150(2013-2014)	Spares for IMW (Mother) Dispenser	7 Items	US$
(၅)	IFB-151(2013-2014)	Arc Transformer Welding Machine with Complete Accessories AC, 400 AMP, Dry Type	8 Nos	US$
(၆)	IFB-152(2013-2014)	Mobile Welding Machine with Complete Accessories 600 AMP, Diesel Engine Driven	10 Nos	US$
(၇)	IFB-153(2013-2014)	Spares for GM 6V 53 Engine	15 Items	US$
(၈)	IFB-154(2013-2014)	Spares for GM 6V 71 Engine	17 Items	US$
(၉)	IFB-155(2013-2014)	Spares for CAT D-3408PC Rig Engine	26 Items	US$
(၁၀)	DMP/L-047(2013-2014)	Multi Grade Diesel Engine Oil SAE 15 W 40 (API-CF 4)	700 Drums	Ks

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၂၂-၁-၂၀၁၄ ရက် ၁၆း၃၀ နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃A ကံဘဲ့၊ မြေကွက်အမှတ် ၅၊ မြေကွက်တည်နေရာအမှတ် ၃၅၊ ချမ်းသာပြည့်စုံလမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် ဦးချစ်ဆွေ၊ ဒေါ်အမာကြည်အမည်ပေါက် ဘီ၊ လ/န ၃(ခ) မြေအား အမည်ပေါက်ဖြစ်သူ ဖခင် ဦးချစ်ဆွေနှင့် မိခင်ဒေါ်တင်ငြိမ်းတို့ကွယ်လွန်သဖြင့် သားသမီးများဖြစ်ကြသည့် ဒေါ်ဝင်းမြင့် ၁၂/အလန(နိုင်)၀၃၁၁၂၈၊ ဒေါ်ဥမ္မာဆွေ ၁၂/စခန(နိုင်)၀၂၆၇၂၁၊ ဦးတိုင်းဝင်း ၁၂/အလန(နိုင်)၀၃၁၁၂၇၊ ဒေါ်တင်တင်ချစ် ၁၂/အလန(နိုင်)၀၃၁၁၂၅ နှင့် ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်အမာကြည် ၁၂/အလန(နိုင်)၀၂၈၆၉၁ နှင့် ပူးတွဲလျက် ကျမ်းကျိန်လွှာ၊ သေစာရင်း၊ အမည်ပေါက်သည့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ် ၂၃၄၄/၂၀၀၄ (၂-၈-၂၀၀၄)တို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဦးကျော်ဝေယျ
အကျဉ်းထောင်များအက်ဥပဒေ
THE PRISONS ACT

စာအုပ်ဆိုင်တိုင်းမှာဝယ်ပါ။ ဖုန်း ၀၉၇၃၀၄၅၈၃၅

အများသိစေရန်ကြေညာချက်

ကွယ်လွန်သူ ဦးအုန်းကြိုင်၊ ဒေါ်ကျင်မြိုင်တို့တွင် သားသမီး(၆)ဦး ဒေါ်အေးသန်း၊ ဦးလှဖုန်း၊ ဒေါ်ခင်သိန်း၊ ဒေါ်ခင်ငြိမ်း၊ ဒေါ်ယဉ်နု၊ ဦးအေးသိန်းတို့ သက်ရှိ ထင်ရှားရှိနေပါသည်။ မိဘများကွယ်လွန်ပြီးနောက် ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ခ၊ မြေကွက်အမှတ် ၄၅၆၊ အမှတ် ၈၀၀၊ ခ-၁၀ လမ်း၊ အကျယ်အဝန်းပေ(၆၀×၄၀)၊ ဧရိယာ(၀ ဒသမ ၀၅၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် အမွေပုံပစ္စည်းများအဖြစ် ကျန်ရစ်ခဲ့ပါသည်။ ကျွန်ုပ်အမှုသည်များ၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရရှိဘဲ မည်သူတစ်ဦးတစ်ယောက်မျှ ဖော်ပြပါမြေနှင့် အိမ်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုလုပ်ရန်နှင့် ပြုလုပ်ပါက တည်ဆဲတရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဒေါ်အေးသန်း၊ ဒေါ်ခင်သိန်း၊ ဒေါ်ခင်ငြိမ်း၊ ဒေါ်ယဉ်နု၊ ဦးအေးသိန်းတို့၏
လွှဲအပ်ညွှန်ကြားချက်အရ-
တွံတေး ဦးသိန်းဝင်း　　**ဒေါ်ဝါဝါထွန်း**
တရားလွှတ်တော်ရှေ့နေ(စဉ်-၄၇၅၈)　　**အထက်တန်းရှေ့နေ(စဉ်-၃၄၁၇၂)**
ရုံးအမှတ် ၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
အိမ်အမှတ် ၂၀၈၊ မဟာဘောဂ ၂ လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့

ဦးဇော်မိုးဝေ(ဘ)ဦးချစ်ဝေ ၁၂/ရကန(နိုင်)၀၂၂၃၄၂နှင့် အများသိစေရန်

ဦးမြင့်ဟို ၁၂/မဂတ(နိုင်)၀၁၆၆၂၇ က

အောက်ပါအတိုင်း ကြေညာလိုက်ပါသည်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြိုင်ဟေဝန်ကွန်ဒို၊ တာဝါ(ဘီ)၊ အခန်းအမှတ် ၂၀၈နေ ဦးဇော်မိုးဝေက လုပ်ငန်းတွင်သုံးစွဲရန် ငွေလိုအပ်ကြောင်းပြောပြီး အကူအညီတောင်းခံခဲ့ရာ ကျွန်ုပ် ဦးမြင့်ဟိုက လက်ခံယုံကြည်သဖြင့် ၁-၁-၂၀၁၁ရက်စွဲပါ နှစ်ဦးသဘောတူငွေယုံကြည်အပ်နှံခြင်းကတိစာချုပ် ချုပ်ဆိုကာ ငွေပေါင်း ၄၅၀၀၀၀၀၀/-(ကျပ်သိန်းလေးရာငါးဆယ်တိတိ)ကို ပေးအပ်ခဲ့ရာ ဦးဇော်မိုးဝေမှ အသိသက်သေများရှေ့၌ လက်မှတ်ရေးထိုးလက်ခံရယူခဲ့ကြောင်း ဦးဇော်မိုးဝေကိုယ်တိုင် သိရှိပြီးဖြစ်ပါသည်။ အဆိုပါ ၁-၁-၂၀၁၁ရက်စွဲပါ နှစ်ဦးသဘောတူ ငွေယုံကြည်အပ်နှံခြင်း ကတိစာချုပ်တွင် ငွေလက်ခံရယူသူ ဦးဇော်မိုးဝေ၏ဖခင် ဦးချစ်ဝေကိုယ်တိုင် (အာမခံသူ)အဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့ပါသည်။ ထိုသို့ ကျွန်ုပ်ဦးမြင့်ဟို ပေးအပ်ခဲ့သော ငွေပေါင်းကျပ် ၄၅၀၀၀၀၀၀/-ကို တစ်နှစ်ပြည့်မြောက်သည့် ၃၁-၁၂-၂၀၁၁ရက် နောက်ဆုံးထား၍ အကျေအလည်ပြန်လည်ပေးဆပ်ပါမည်ဟုလည်း ဦးဇော်မိုးဝေက ဝန်ခံကတိပြုထားပါသည်။ ဦးဇော်မိုးဝေ၏ဖခင် ဦးချစ်ဝေကိုယ်တိုင် တာဝန်ယူအာမခံကြောင်း ပါဝင်လက်မှတ် ရေးထိုးခဲ့ပါသည်။ သို့ဖြစ်ပါလျက် ငွေများပြန်လည်ပေးဆပ်ရန် နေ့စေ့ရောက်သော ၃၁-၁၂-၂၀၁၁ရက်တွင် ကျွန်ုပ်က ဦးဇော်မိုးဝေအားတောင်းခံခဲ့ရာမှ နောက်ပိုင်းအတွေ့မခံတော့ဘဲ ယနေ့တိုင် တိမ်းရှောင်လျက်ရှိပါသည်။ သို့ဖြစ်ပါ၍ သတင်းစာပါ ကြော်ငြာထည့်သွင်းသောရက်မှစ၍ ခုနစ်ရက်အတွင်း ၃၁-၁၂-၂၀၁၃ရက် နောက်ဆုံးထား၍ ကျွန်ုပ်ထံမှ ဦးဇော်မိုးဝေ လက်ခံရယူထားခဲ့သော ငွေ ၄၅၀၀၀၀၀၀/-(ကျပ်သိန်းလေးရာငါးဆယ်တိတိ)ကို ကျွန်ုပ် ဦးမြင့်ဟိုထံ အပြေအကျေပေးဆပ်ပါရန် ထည့်သွင်းကြေညာလိုက်ပါသည်။ အထက်ပါအတိုင်း လိုက်နာခြင်းမရှိ ပျက်ကွက်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်တော့မည်ဖြစ်ကြောင်း တစ်ပါတည်း သိရှိစေအပ်ပါသည်။

(ဦးမြင့်ဟို)
၁၂/မဂတ(နိုင်)၀၁၆၆၂၇

ကန့်ကွက်နိုင်ပါသည်

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုရပ်ကွက်၊ အကွက်အမှတ် ၉၄၊ ဦးပိုင်အမှတ် (၄၇-က)၊ မြေဧရိယာ ၀ဒသမ ၃၁ဧက၊ နှစ် ၃၀ ဂရန်မြေသည် ဦးစံတင် ၁၄/ပသန(နိုင်)၀၈၇၀၃၅ အမည်ပေါက်ဂရန်မြေဖြစ်ပြီး ဦးစံတင်ထံမှ အရပ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူလက်ဝယ်ထားသူများထံမှ ဒေါ်အေးအေးမြင့် ၃/မဝတ(နိုင်)၀၂၂၈၁၄က ဝယ်ယူထားပြီး တရားဝင်လက်ဝယ်ထား ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်အေးအေးမြင့်ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်သဘောတူ၍ ရောင်းဖိုးငွေတစ်စိတ်တစ်ပိုင်းအား ပေးချေထားရာ တရားဝင်ကန့်ကွက်နိုင်သူမည်သူမဆို ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါပြီး ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ် တရားဝင်ဖြစ်စေမည့်ဆောင်ရွက်မှုများ အပြီးအပြတ် ဆောင်ရွက်တော့မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးအေးနိုင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၄၀၆၅/၈၇)
အမှတ်(၆၈)၊ ဒုတိယထပ်၊ အနော်ရထာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၆၅၅၉၊ ၀၉-၅၄၀၁၂၉၂

လူမှုရေးနှင့်စီးပွားရေးကြော်ငြာ

သံတော်ရှင် ကျိုက်ထီးရိုးရင်ပြင်တော်
(၃၆)ကြိမ်မြောက်
ဆီမီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ နံ့သာတိုင်(၉၀၀၀)စီ
ဆက်ကပ်လှူဒါန်းပူဇော်ပွဲကြီးကို နှစ်စဉ်ကျင်းပမြဲဖြစ်သော
(၁-၁-၂၀၁၄)ရက်နေ့
တွင် လှူဒါန်းပူဇော်မည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကြပါရန်
လေးမြတ်စွာဖိတ်ကြားအပ်ပါသည်။

ဒန္တီ၊ သစ္စာ၊ သာသနာ
ဆီမီး(၉၀၀၀)အဖွဲ့

၁၉၈၆-၉၅ ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသား/သူများ၏ မိတ်ဆုံစားပွဲ

[illegible]

နေ့ရက် ။ ၂၈-၁၂-၂၀၁၃ (စနေနေ့)
အချိန် ။ [illegible]
နေရာ ။ [illegible]

[illegible]

ရန်ကုန်စက်မှုတက္ကသိုလ် ပဉ္စမအကြိမ် EP & EC ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ ကျင်းပမည်ဖြစ်ခြင်း

ပဉ္စမအကြိမ် EP & EC ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲကို ၁၂-၁-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀ နာရီမှ မွန်းလွဲ ၁း၀၀နာရီအထိ ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အင်ဂျင်နီယာတစ်ယောက်ဖြစ်လာအောင် သင်ကြားပျိုးထောင်ပေးခဲ့သော ဆရာကြီး ဆရာမကြီးများကို ကာလများစွာကြာမြင့်တဲ့အခါ EP & EC ကျောင်းသား ကျောင်းသူဟောင်းများမှ ညီညာစုံပြု ပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ အောက်ပါဆရာကန်တော့ပွဲ ကျင်းပရေးကော်မတီမှ သူငယ်ချင်းများထံတွင် အလှူငွေထည့်ဝင်ကြရန် နှိုးဆော်လိုက်ပါသည်။

အလှူငွေထည့်ဝင်ရန် ဆက်သွယ်ရန်သူငယ်ချင်းများ

၁။	ဦးအေးဝင်း	EP-76	ဖုန်း-၀၉-၈၆၂၇၂၃၉	၉။	ဦးခွန်ဦး	EC-84	ဖုန်း-၀၉-၅၀၀၁၀၉၆
၂။	ဦးခင်မောင်ဇော်	EP-77	ဖုန်း-၀၉-၅၁၄၀၅၈၂	၁၀။	ဒေါ်အယ်ခွန်တောင်	EC-84	ဖုန်း-၀၉-၅၁၃၅၃၆၅
၃။	ဦးသိန်းထွေး	EC-77	ဖုန်း-၀၉-၄၂၁၀၈၈၇၀၅	၁၁။	ဦးမျိုးနိုင်	EC-86	ဖုန်း-၀၉-၅၀၁၂၆၀၁
၄။	ဦးတင်အောင်	EP-78	ဖုန်း-၀၉-၅၁၄၃၈၈၃	၁၂။	ဒေါ်ခင်စန္ဒာထွန်း	EC-91	ဖုန်း-၀၉-၅၀၀၀၇၃၅
၅။	ဒေါ်ကြည်ကြည်ဝင်း	EC-79	ဖုန်း-၀၉-၈၃၀၀၈၂၅	၁၃။	ဦးသန်းတူးကျော်	EC-91	ဖုန်း-၀၉-၂၀၄၂၁၉၈
၆။	ဦးမျိုးဆွေ	EC-80	ဖုန်း-၀၉-၇၃၀၃၁၉၁၄	၁၄။	ဦးအောင်ဇော်လင်း	EC-92	ဖုန်း-၀၉-၅၁၃၆၈၁၄
၇။	ဦးအောင်နိုင်မြင့်	EC-81	ဖုန်း-၀၉-၇၃၁၀၅၇၁၄	၁၅။	ဦးအေးမင်းလှိုင်	EC-95	ဖုန်း-၀၉-၅၁၇၁၅၁၇
၈။	ဦးကိုကိုနိုင်	EC-83	ဖုန်း-၀၉-၅၀၁၇၁၄၆	၁၆။	ဒေါ်ညိုညိုခိုင်	EC-95	ဖုန်း-၀၉-၅၁၀၁၃၃၁

ရန်ကုန်တက္ကသိုလ်
၁၉၈၄-၁၉၈၅ ဘူမိဗေဒဘွဲ့ရ ကျောင်းသား ကျောင်းသူများ၏ စတုတ္ထအကြိမ် စုပေါင်းကောင်းမှုအလှူပွဲ ဖိတ်ကြားလွှာ

ကွယ်လွန်သွားခဲ့ကြပြီးဖြစ်သော ဘူမိဗေဒဆရာကြီး ဆရာမကြီးများနှင့် တစ်ကျောင်းတည်းမှထွက်သော ကျောင်းအတူတက် ကွင်းဆင်းဖက် ဘူမိဗေဒကျောင်းသား ကျောင်းသူ (သူငယ်ချင်းများ)အားလုံးတို့အတွက်ရည်စူး၍ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်မှ သံဃာအပါး ၄၀၀ ကျော်အား တစ်နေ့တာ ဆွမ်းဆက်ကပ်ခြင်းအပါအဝင် လှူဒါန်းမှုအစုစုကောင်းမှုအလှူပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ သူငယ်ချင်းများအားလုံး တက်ရောက်ပေးနိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

အလှူနေ့ရက် - ၃၁-၁၂-၂၀၁၃ရက် (အင်္ဂါနေ့)
အလှူအချိန် - နံနက် ၁၀း၀၀နာရီတိတိအချိန်တွင် ရေစက်ချတရားနာပါမည်။
အလှူနေရာ - နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (မိုးကုတ်ဆွမ်းစားကျောင်း) ကမ္ဘာအေးကုန်းမြေ၊ ရန်ကုန်မြို့။

အောက်ပါသူငယ်ချင်းများနှင့် အမြန်ဆုံးဆက်သွယ်ပေးကြပါရန်။

ကျော်ငွေးမင်း	ဖုန်း-၀၉-၅၁၀၀၅၃၄	နိုင်ဦး	ဖုန်း-၀၉-၅၁၀၁၃၈၀
သန်းငွေးဇော်	ဖုန်း-၀၉-၅၁၅၀၁၃၁	စိန်ငွေး	ဖုန်း-၀၉-၅၁၅၉၉၇၉
မောင်မောင်ထွေး	ဖုန်း-၀၉-၅၀၀၃၀၈၀	ထွန်းဆင့်	ဖုန်း-၀၁-၅၁၆၀၅၄
ဥမ္မာစိုး	ဖုန်း-၀၉-၅၀၀၀၆၇၇	ရည်မွန်	ဖုန်း-၀၉-၇၃၀၈၅၆၉၉
နီနီအေး	ဖုန်း-၀၉-၅၀၅၁၃၅၅	ကြည်ကြည်သင်း	ဖုန်း-၀၉-၅၁၇၈၁၈၉
စုစုမာ	ဖုန်း-၀၉-၇၃၀၈၁၉၁၈	ချယ်ရီကျော်	ဖုန်း-၀၉-၇၃၁၅၇၉၅၇

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2C/3048 Nissan Diesel CW 5 5xH, Dump Truck (6x4)R ယာဉ်လက်ဝယ်ရှိသူ ရွှေထားဝယ်ရောင်းဝယ်ရေးကုမ္ပဏီလီမိတက်က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး)၊ ရန်ကုန်မြို့

ကန့်ကွက်ရန်ကြော်ငြာ

အောက်ပါလျှောက်ထားသူအား ၂လက်မ အဝီစိတွင်း(၁)တွင်း တူးဖော်ခွင့်လိုင်စင်ထုတ်ပေးခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ရုံးချိန်အတွင်း မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန မြေအောက်ရေကြီးကြပ်မှုအရာရှိရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

လျှောက်ထားသူအမည်နှင့်	ဒေါ်နွယ်နီထွန်း
နေရပ်လိပ်စာ	အမှတ် ၄၊ ကံ့ကော်လမ်း၊ ဝေဠုဝန်မြောက်၊
တူးဖော်မည့်နေရာနှင့်	စမ်းချောင်းမြို့နယ်
မြေတိုင်းရပ်ကွက်အမှတ်	အမှတ် ၄၊ ကံ့ကော်လမ်း၊ ဝေဠုဝန်မြောက်၊
	စမ်းချောင်းမြို့နယ်

မြေအောက်ရေကြီးကြပ်မှုအရာရှိ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ဂန္ဓမာလမ်း၊ ခရေပင်ရိပ်မွန် ၂၊ အမှတ် ၁၃၉ နေ ဦးကြည်ထွဋ်ဦး ၁၂/မရက(နိုင်)၀၇၉၇၂၉ သည် အောက်ဖော်ပြပါကုန်အမှတ်တံဆိပ်၏ တစ်ဦးတည်းမူပိုင်အဖြစ် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၌ မှတ်ပုံတင်စာချုပ်အမှတ်-၁၂၂၂၀/၂၀၁၃ ဖြင့် မှတ်ပုံတင်သွင်းကာ အဆိုပါကုန်အမှတ်တံဆိပ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် **သောက်ရေသန့်ဘူးအမျိုးမျိုးနှင့် အချိုရည်ဘူးအမျိုးမျိုး** တို့ကို အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ထုတ်လုပ်ဖြန့်ချိရောင်းချလျက်ရှိပါသည်။



Reg- ၁၂၂၂၀/၂၀၁၃

သို့ပါ၍ မူလပိုင်ရှင်၏ခွင့်ပြုချက်မရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါအမှတ်တံဆိပ်၏တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ ဆင်တူယိုးမှားပြုလုပ်၍သော်လည်းကောင်း၊ အသုံးပြုခြင်း၊ မှာယူတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ လက်ဝယ်ထားရှိခြင်း စသည်တို့အပြင် **ORIENT** ကုန်အမှတ်တံဆိပ်ကပ်နှိပ်ထားသည့် အဆိုပါလုပ်ငန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို မိမိတို့ကိုယ်ပိုင်ထုတ်လုပ်သည့် ပစ္စည်းများအဖြစ် အသုံးချဆောင်ရွက်ခြင်းတို့ကို မပြုလုပ်ကြပါရန် သတိပေးကြေညာအပ်ပါသည်။ အကယ်၍ လိုက်နာခြင်းမရှိပါက တည်ဆဲတရားဥပဒေအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဦး (စဉ်-၆၇၀၂) တရားလွှတ်တော်ရှေ့နေ
အမှတ် ၅၆၁၊ M.A.C Tower အခန်း ၃၀၂၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၇ဂ/၁၆၆၉၊ Toyota Corolla, S/W ယာဉ်လက်ဝယ်ရှိသူ ဦးဥက္ကာဖြိုးကျော် ၁၃/ကမန(နိုင်)၀၆၅၉၀၇ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မြစ်ကြီးနားမြို့၊ သီတာရပ်ကွက်၊ ကွင်းအမှတ် (၁၁)၊ ဦးပိုင်အမှတ် (၅၃-ခ/၂-ခ)၊ မြေဧရိယာ ၀ဒသမ၄၃၃ ဧက အကျယ်အဝန်း ၁၈၈၈၀ စတုရန်းပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်၌ သီးပင်၊ စားပင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဗိုလ်မှူးချုပ်ဗိုလ်ကြည် ၁၂/မဂဒ(နိုင်)၀၁၅၄၀၃ အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၇၆၄(၃) ၂၀၀၁-၂၀၀၂ အရ (၂၂-၈-၂၀၀၁)မှ (၂၁-၈-၂၀၁၆)ရက်နေ့အထိ (၁၅)နှစ်မြေငှားဂရန်ထုတ်ပေးခဲ့ပြီးဖြစ်ရာ အဆိုပါ မြေငှားဂရန်သည် ပျောက်ဆုံးသွားပါသဖြင့် မြေငှားဂရန်အား မိတ္တူကူးယူခွင့်ပြုရန် ဗိုလ်မှူးချုပ်ဗိုလ်ကြည်မှ တင်ပြ တောင်းခံလျှောက်ထားလာပါသည်။

ယင်းမြေငှားဂရန်မိတ္တူကူးယူခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်း၊ သတ်မှတ်ကာလအတွင်း ကန့်ကွက်သူများမရှိပါက ပျောက်ဆုံးသည်ဟုတင်ပြသော မြေငှားဂရန်ကိုပယ်ဖျက်၍ မြေငှားဂရန်မိတ္တူကူးယူခွင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ ဒလမြို့၊ ခနော်ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် ၂၃၂၊ ခနော်ကွင်း၊ မြေကွက်အမှတ် က/၁၉၆၊ အကျယ်အဝန်းဧရိယာ ၀ ဒသမ ၁၁ဧကရှိ လယ်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးထွန်းကြိုင် ၇/ဇကန(နိုင်)၀၀၃၈၅၁ က အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးသိန်းဦး ၇/ဇကန(နိုင်)၀၂၇၉၁၀ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါခြံမြေအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သီဂီဝင်း LL.B, D.B.L, D.M.L — **ဒေါ်ခင်သူသူသန်း LL.B, LL.M**
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၈၀) — **အထက်တန်းရှေ့နေ (စဉ်-၃၇၆၅၉)**
အခန်း ၉/၁၁၊ အခန်းအမှတ် ၁၀၁ (ပထမထပ်)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၄၁၇၆၄၆၊ အိမ်-၀၉-၇၃၁၄၇၉၅၁

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် ၆၊ လူနေရပ်ကွက်အမှတ် ၆၊ မြေကွက်အမှတ် ၈၃၀ ရှိ အကျယ်အဝန်းပေ (၂၀×၆၀)နှစ် ၆၀ဂရန်မြေကွက် တောင်ဥက္ကလာပမြို့နယ်၊ ၆ရပ်ကွက်၊ ကုန်းဘောင် (၁၀)လမ်း၊ အမှတ် ၈၃၀ ဟုခေါ်တွင်သည့် မြေကွက်နှင့်ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးခင်ကျော်ဦး ၁၂/ကတတ(နိုင်)၀၀၅၇၈၅ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ဒေါ်သက်သက်ခိုင် ၁၀/သထန(နိုင်)၀၀၂၁၈၁
ဖုန်း-၀၉-၅၁၄၇၀၆၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဆီဆုံလမ်း၊ အမှတ် ၄၀၊ ခြောက်လွှာ၊ အကျယ်အဝန်း (၂၅ပေ×ပေ၅၀)ရှိသည့် တိုက်ခန်းနှင့်ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သီတာအေး ၁၂/ဥကတ(နိုင်)၁၀၁၈၈၃ထံမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေအချို့ကို ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သက်သက်ခိုင် ၁၀/သထန(နိုင်)၀၀၂၁၈၁
ဖုန်း-၀၉-၅၁၄၇၀၆၇

ကန့်ကွက်နိုင်ပါကြောင်း

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂X²၊ မြေကွက်အမှတ် V Class ၃၈၄၊ မြေကွက်တည်နေရာအမှတ် ၂၅၅/ ၂၅၇၊ အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ် ဒေါ်ပေါက်စီ ISN-၁၆၈၅၅၅၊ ဦးယုအောင်(ခ)ဝေါင်ကျင်ဝမ်(ခ) ဝေါင်ကျင်ဂွမ် CB-၀၀၇၁၂၆၊ UCC-၁၃၄၄/၆၀ အမည်ပေါက် နှစ်၉၀ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ပေါက်စီသည် ၄-၁၀-၂၀၀၉ရက်တွင် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်ခင်ပွန်းဖြစ်သူ ဦးယုအောင်(ခ) ဝေါင်ကျင်ဝမ်(ခ)ဝေါင်ကျင်ဂွမ် ၁၂/ကတတ(နိုင်)၀၂၃၉၀၉ CB-၀၀၇၁၂၆ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ပုဇွန်တောင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀ အိုင် ²၊ မြေကွက်အမှတ် II ၃၀၊ မြေကွက်တည်နေရာအမှတ် ၁၁၄/၁၁၆၊ ၄၉ လမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ် ဒေါ်လှမော်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်လှမော်(မိခင်)နှင့် ဦးခင်မောင်ဦး(ဖခင်)တို့ အသီးသီးကွယ်လွန်သဖြင့် (၁)ဦးအုန်းမြင့်ဦး ၁၂/ပဇတ(နိုင်)၀၀၃၂၈၃၊ (၂) ဦးတင်မင်းဦး ၁၂/ဗဟန(နိုင်)၀၅၄၉၄၄၊ (၃) ဒေါ်နွယ်နွယ်ဦး ၁၂/ပဇတ(နိုင်)၀၂၈၇၄၁၊ (၄) ဒေါ်ပြုံးပြုံးဦး ၁၂/ဗဟန(နိုင်)၀၀၅၈၃၃ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/အနောက်၊ မြေကွက်အမှတ် (၇၄၈/က)၊ မြေကွက်တည်နေရာအမှတ် (၇၄၈/က)၊ ဝေဇယန္တာ ၁၈ လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ် ဦးချစ်လှိုင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးချစ်လှိုင် (ဖခင်)နှင့် ဒေါ်ပြုံး(မိခင်)တို့ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးဝင်းမြင့် ၁၂/အစန(နိုင်)၀၁၅၇၆၈ က သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အပေးစာချုပ်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် သကမ ၁၃၊ မြေကွက်အမှတ် (၁၂၉၀-က)၊ မြေကွက်တည်နေရာ (၁၂၉၀-က)၊ ရမည်းသင်းလမ်း၊ လှိုင်သာယာမြို့နယ် ဦးပိန်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးပိန်ထံမှ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးငွေးဝင်း ၁၂/လမန(နိုင်)၀၁၂၃၆၇က ပါမစ်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ခံဝန်ကတိ၊ ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာတို့တင်ပြပြီး ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

ကျေးဇူးဆပ်ပါမည်

ENTRA INTERNATIONAL LIMITEDပိုင် ကားနံပါတ်(၅c-၄၁၉၄) ၏ စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၃၁၂၆၆၉၅၆၊ ၀၉-၄၂၀၇၆၂၃၂၀

ဦးထွန်းမြင့်(U/RGN-၀၀၈၉၃၀)နှင့် အများသိစေရန်ကြေညာချက်

မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၅)ရပ်ကွက်၊ စေတနာလမ်း၊ မြေကွက်အမှတ်(၅၃၅)(ခြေရင်းဘက်ခြမ်း)နေ ဒေါ်ခိုင်ခိုင်ဝေ ၁၂/ဥကမ(နိုင်)၁၄၇၇၃၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ဦးထွန်းမြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

အထက်ဖော်ပြပါလိပ်စာရှိ ပေ(၄၀×၆၀) မြေကွက်အား ဒေါ်ဝင်းဝင်းရွှေမှ မြေငှားဂရန်စာချုပ်အမှတ် ၁၂၈၄/၉၆ အမည်ပေါက်ပိုင်ဆိုင်ခဲ့ပြီး ဦးထွန်းမြင့်မှ ၁-၅-၂၀၀၂ ရက်တွင် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါမြေကွက် ပေ(၄၀×၆၀)အနက်မှ ခြေရင်းဘက်ခြမ်းရှိ အလျား ၂၀ပေ× အနံပေ၆၀ မြေကွက်နှင့်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးတို့ကို ဦးထွန်းမြင့်ထံမှ ဒေါ်ခိုင်ခိုင်ဝေသည် ၁၁-၆-၂၀၁၂ရက်တွင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရယူပိုင်ဆိုင်နေထိုင်ခဲ့ပါသည်။ သို့သော် ဒေါ်ဝင်းဝင်းရွှေအမည်ပေါက် နှစ် ၆၀ မြေငှားစာချုပ်မူရင်းမှာ ဦးထွန်းမြင့်၏လက်ဝယ်တွင် ယနေ့အချိန်အထိ ကိုင်ဆောင်ထားခဲ့ပါသည်။ မြေငှားဂရန်စာချုပ်သည် ပေ(၄၀×၆၀)အတွက် ထုတ်ပေးထားသော်လည်း ဦးထွန်းမြင့်သည် (ခေါင်းရင်းခြမ်း)ရှိ ပေ(၂၀×၆၀)ကိုသာ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပါသည်။ (ခြေရင်းခြမ်း)ရှိ ပေ(၂၀×၆၀)နှင့်ပတ်သက်၍ ဒေါ်ခိုင်ခိုင်ဝေမှ ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိပြီး စီမံခန့်ခွဲခွင့်ရှိသူဖြစ်ပါသောကြောင့် ဒေါ်ဝင်းဝင်းရွှေ အမည်ပေါက် နှစ် ၆၀ မြေငှားဂရန်စာချုပ်မူရင်း လက်ဝယ်ကိုင်ဆောင်ထားသူ ဦးထွန်းမြင့်နှင့်တကွ အခြားမည်သူတစ်ဦးတစ်ယောက်ကမျှ အဆိုပါ (ခြေရင်းခြမ်း)ရှိ ပေ (၂၀×၆၀) မြေကွက်အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ ဟန့်တားကန့်ကွက်ခြင်း၊ စီမံခန့်ခွဲပိုင်ခွင့်လုံးဝမရှိပါကြောင်းနှင့် ပြုလုပ်ခဲ့သည်ရှိသော် ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ပါကြောင်း ဦးထွန်းမြင့်နှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခိုင်ခိုင်ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်စန်းစိမ့်စိမ့်ဖြိုး (LL.B, LL.M, D.A.Psy) — **အထက်တန်းရှေ့နေ(စဉ်-၂၉၆၄၆)**

ဒေါ်သင်းရနံ့ထွန်း (LL.B, D.B.L) — **အထက်တန်းရှေ့နေ(စဉ်-၄၂၇၀၆)**

(Family Lawfirm) ဥပဒေအကြံပေးနှင့်အိမ်ခြံမြေအကျိုးဆောင်

ရုံးခန်းအမှတ်(၁)၊ သမာဓိလမ်း၊ (ဆ)ရပ်ကွက်၊ မြောက်ဥက္ကလာပတရားရုံးအနီး

ပြန်လည်ရှင်းလင်းကြေညာခြင်း

မန္တလေးနေ့စဉ်သတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဦးတင်နွယ်၏ ဦးကျော်သိန်း၏ ညွှန်ကြားချက်အရ ကြေညာချက်အား ပြန်လည်ရှင်းလင်းကြေညာခြင်း

ကျွန်ုပ်၏အမှုသည် မှတ်ပုံတင်အမှတ် (၁၃/မယတ(နိုင်)၀၀၇၃၄၈)ကိုင်ဆောင်သူ ဦးထွန်းရင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

အထက်ပါ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ သိမ်ကြီးဈေး၊ မဟာသိမ်တော်ကြီးဓမ္မာရုံ၌ ၂-၂-၂၀၁၄ရက်(၁၃၇၅ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်) (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ ၁၂ နာရီအထိ ကျင်းပမည်ဖြစ်ပါ၍ အသင်းဝင်များနှင့် ရန်ကုန်ရောက် ဒိုက်ဦးသား၊ ဒိုက်ဦးသူများ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။(နေ့လယ်စာဖြင့်ဧည့်ခံပါမည်) ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်တန်းအောင်စာရင်းတွင် တစ်ဘာသာနှင့်အထက် ဂုဏ်ထူးရ ရန်ကုန်ရောက် ဒိုက်ဦးသား၊ ဒိုက်ဦးသူ အသင်းဝင်များ၏ သား/သမီးများ စာစစ်ဌာန၏ အမှတ်စာရင်းနှင့်အတူ ၁၅-၁-၂၀၁၄ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းကြပါရန်-
ဆက်သွယ်ရန်- ဦးမောင်မောင်ဌေး ဖုန်း-၃၇၃၉၇၇၊ ဦးတင်နု ဖုန်း-၇၀၆၇၆၆၊ ဦးကျော်ဝင်း ဖုန်း-၀၉-၇၃၀၅၇၆၇၉၊ ဒေါ်တင်တင်အုန်း ဖုန်း-၅၃၀၇၅၁၊ ဒေါ်အုန်းမြင့် ဖုန်း-၀၉-၃၁၂၈၇၇၉၉၊ ဒေါ်ခင်အေးသန်း ဖုန်း-၀၉-၅၁၆၁၆၈၇၊ ဒေါ်ခင်စန်းကြည် ဖုန်း-၀၉-၅၀၅၆၈၃၁၊ ဦးဇော်မင်း ဖုန်း-၀၉-၃၁၂၈၆၃၁၂၊ ဒေါ်ကြွယ်ကြွယ် ဖုန်း-၀၉-၄၉၂၅၅၇၃၂

အိုးသည်ကုန်းမြို့ အထက အာစရိယပူဇော်ပွဲ

ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) အိုးသည်ကုန်းမြို့၊ အခြေခံပညာအထက်တန်းကျောင်းသား ကျောင်းသူဟောင်းများ၏စတုတ္ထအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက် နံနက် ၁၀ နာရီတွင် ရတနာခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန်နှင့် အလှူငွေများကို အိုးသည်ကုန်းမြို့နေ ဦးအေးကို ဖုန်း-၀၉-၅၃၇၃၂၇၉၊ ဦးဝင်းကို ဖုန်း-၀၉-၅၁၉၃၉၃၂၊ ရန်ကုန်မြို့နေ ဦးခင်ဇော် ဖုန်း-၀၉-၈၆၂၀၉၁၆၊ ဒေါ်ခင်သန်းဆွေ ဖုန်း-၀၁-၅၀၁၂၁၁၊ ဦးမြသန်း ဖုန်း-၀၉-၇၃၀၇၇၆၁၇၊ ဦးမြင့်စိုး ဖုန်း-၀၉-၄၂၁၀၃၉၄၇၅ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရန်ကုန်မြို့မှ လိုက်ပါမည့်သူများသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၂ ရက် နံနက် ၆ နာရီတွင် သခင်မြပန်းခြံရှေ့ ရွှေသရဖီကားဂိတ်မှ ထွက်ခွာမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

ဖိတ်စာ လက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

အထက(၃)၊ စစ်တွေမြို့၊ အငှမအကြိမ်မြောက် သက်ကြီးမြတ်ဆရာပူဇော်ကန်တော့ပွဲဖိတ်ကြားခြင်း

အထက(၃) ကျောင်းသား ကျောင်းသူဟောင်းများ၏ အငှမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီ ၁၂ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် အထက(၃) ရခိုင်သူမြတ်ခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ အထက(၃) စစ်တွေ ၌ ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူအားလုံး တစ်နှစ်တစ်ခါ ပြန်လည်ဆုံတွေ့ရင်း သက်ကြီးမြတ်ဆရာများအား ပူဇော်ကန်တော့နိုင်ရန်အတွက် စုံညီစွာ တက်ရောက်ပေးပါရန် နွေးထွေးစွာ ဖိတ်ကြားအပ်ပါသည်။

မျိုးဆက်သစ်ကျောင်းသား ကျောင်းသူများလည်း တက်ရောက်ကြပါရန်။

ကန်တော့ငွေလှူဒါန်းလိုပါက ဆက်သွယ်ရန်-

၁။ ဦးကျော်မြင့်	(၁၉၇၈)	ဖုန်း-၀၉-၄၂၁၇၁၁၄၀၃
၂။ ဦးသန်းနိုင်	(၁၉၇၉)	ဖုန်း-၀၉-၄၂၁၇၁၃၉၃၄
၃။ ဒေါ်ခင်အေးဖြူ	(၁၉၈၂)	ဖုန်း-၀၉-၄၉၆၄၀၁၆၆
၄။ ကိုသန်းအေးကျော်	(၁၉၈၆)	ဖုန်း-၀၉-၅၆၈၀၄၆၀
၅။ ဒေါ်မသန်းရွှေ	(၁၉၉၄)	ဖုန်း-၀၄၃-၂၂၃၄၇
၆။ ကိုအောင်ကျော်စိုး	(၁၉၉၅)	ဖုန်း-၀၉-၈၅၀၂၉၄၄
၇။ ကိုမောင်ကိုဦး	(၂၀၀၂)	ဖုန်း-၀၉-၄၂၁၇၁၃၈၅၈

[illegible] ရောင်းမည်

- [illegible]
- [illegible] (Lot) [illegible]
- [illegible]
- [illegible]

[illegible]

No	Name	Pieces
1	Than Htike	59
2	Nyein Chan Su	107
3	Khin Thaung	20
4	Min Zaw	58
5	Lu Min	42
6	Myat Kyawt	68
7	Ba Khaing	56
8	Kyi Wynn	2
9	Malar	14
10	Zaw Win Pe	11
11	THH(not name)	4
12	Thet Naing Soe	76
13	Myint Naing	120
14	Soe Naing	27
15	Tin Tun Hlaing	12
16	Ko Aw	6
17	Myint San Myint	8
18	Pe Nyunt Wai	6
19	Tin Mg Oo	2
20	Shine Lu	2
21	Yoe Yar Mg	9
22	Thin Mg Mg	1
23	Chan Aye	5
24	Moe Nyo	2
25	Kyaw Phyu San	2
26	Mg Aye	1
27	Mu Mu	1
28	Mg Mg Thike	2
29	Kyaw Hla Mg	1
30	(World Famous Phillipino Artist) Rene Rubles	6
31	Myo Thant Ong	1
32	Mg Mya	1
33	Khin Mg Than	2
34	Win Pe Myint	4
35	Mg Hun Htut	1
36	Thaw Ka	3
37	Sai Wai Lyin	2
38	Tin Win Lwin	2
39	Yong Ho Khin	1
40	Nan Nan	1
41	Thaung Han	1
42	Wai Chit Ko	1
43	K. Htoon	4
44	Yar Hu Lar	1
45	U Hla Kyi	2
46	Nay Chi	3
	Total	769

ဆက်သွယ်ရန်
(၁) [illegible] (၂) [illegible]

"ပညာသင်ရင်း အလုပ်ခွင်ဝင်၊ ဘွဲ့ရတာနဲ့ အလုပ်ပါရ"

တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုထားသော ကျောင်းသူ/ကျောင်းသားများနှင့် မိဘများဝမ်းမြောက်ဖွယ်

နိုင်ငံတကာ အဆင့် ပညာသင်ရန် — အလုပ်သင်ပေးပြီး အလုပ်ပါခန့်ပေးမည့် အဖွဲ့အစည်း — အနာဂတ်အခွင့်အလမ်းများ

MCC Training Institute (MCC.i)
B.Sc (Hons) Business IT
University of Greenwich (UK)

MCC International Software DevelopmentCenter (ISDC)
- Junior Software Engineer
- Junior System Analyst
- Deputy Project Manager

Entry Salary $ 200, $ 300, $ 400

MNC (Multinational Corporations)
- Software Engineer
- System Analyst
- Project Manager

Salary$ 500 - $ 5000

Yangon Campus — Mandalay Campus — Nay Pyi Taw Campus — Yatanarpon Campus

မြန်မာ့အလင်း

ကြေးမုံ ... (masthead)

၂၀၁၃ခုနှစ်၊ ဒီဇင်ဘာ ၂၇ရက်၊ သောကြာနေ့။



လူမှုစီးပွား

နမ့်စန်မှတစ်ဆင့် လောက်ကိုင်၊ ဟိုပန်

စာ - ၃

လူမှုစီးပွား

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အားထားစရာ ပေမိုးရဲကျွန်း ရေငန်တားတာ

စာ - ၄



ပြည်တွင်းရေးရာ

ခမောက်ရက်လုပ်၍ မိသားစု ဝင်ငွေရ

စာ - ၅

စောင့်ကြည့်ရမယ့် ဇန်နဝါရီ ခြေလှမ်းများ (၂)

စာ - ၇

ဆွာရက်ဇ်

ပရီမီယာလိဂ်ရဲ့ ပြိုင်ပြိုင်မြင်းငါးကောင် သို့မဟုတ် အကောင်းဆုံးကစားသမားငါးဦး

စာ - ၂

Date	-	29 December 2013
Kick-off	-	22:30
Venue	-	Stamford Bridge

Junction Cineplex

27.12.2013 တွင် Junction Cineplex ၌ စတင်ပြသမည့် ဇာတ်ကားများ

Wonderful X'mas 24,25

JunctionCineplex



Junction Square (Ph - 01 527 055)		
The Hobbit (3D)	Sun to Thu	10 AM . 1 PM . 4 PM . 7 PM
	Fri & Sat	10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM
[illegible]	Sun to Thu	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM
	Fri & Sat	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM . 9 : 30 PM
[illegible] (၂)	Sun to Thu	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM
	Fri & Sat	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM . 9 : 30 PM
Junction Maw Tin (Ph - 01 225 244)		
The Hobbit (3D)	Sun to Thu	10 AM . 1 PM . 4 PM . 7 PM
	Fri & Sat	10 AM . 1 PM . 4 PM . 7 PM . 9 : 30 PM
[illegible] (၂)	Sun to Thu	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM
	Fri & Sat	10 AM . 12 : 30 PM . 3 : 30 PM . 6 : 30 PM . 9 : 30 PM
Junction Nay Pyi Taw (Ph - 067 421 015)		
[illegible]	Mon to Thu	11 AM . 2 PM . 6 : 30 PM
	Fri to Sun	10 : 30 AM . 1 : 30 PM . 4 : 30 PM . 7 : 30 PM

ရွှေလမ်းခရီး ... မှ ကျိုက်ထီးရိုး (နေ့စဉ်)

095124678,098627170,01-371317

Sale of used construction equipment

We invite bids for sale of old construction equipment located at Yangon, Padan and Kyaukphyu sites.

- MS Scrape
- Air Compressors
- Various types of Construction equipment
- Containers
- Computers / Laptops

Contact : Col Hitendra Bahadur, Mobile: +95 95039529

: Mr. Rakesh Kumar, Mobile: +95 949572406

Tel: +95 1377826, +95 1377827, +95 1377828

Last date for submission of sealed bid 06 Jan 2014

ပရီမီယာလိဂ်ရဲ့ ပြိုင်မြင်း ငါးကောင် သို့မဟုတ် အကောင်းဆုံး ကစားသမား ငါးဦး

ပွဲတော်ကာလ ပွဲကျပ်တွေကုန်ဆုံးပြီး နှစ်သစ်ကိုရောက်ကာ ရာသီဝက်ကုန်ဆုံးခါနီးပြီ။ ဒါကြောင့် ပြီးခဲ့တဲ့ရာသီဝက်အတွင်း ဘယ်ကစားသမားတွေက ပရီမီယာလိဂ်မှာ အကောင်းဆုံးဖြစ်နေခဲ့တယ်ဆိုတာကို ပြန်လည်သုံးသပ်မိပါတယ်။ ယခုတင်ပြခဲ့တဲ့အကြောင်းအရာတွေက ကစားသမားတစ်ဦးဟာ ဘယ်လောက်ဂိုးသွင်းကောင်းတယ်ဆိုတာတင် မကပါဘူး အသင်းပေါ်မှာ ဘယ်လောက်အကျိုးပြုလဲဆိုတာနဲ့လည်းဆိုင်ပါတယ်။ ဒါကြောင့် ယခုနှစ်ရာသီဝက်မှာ အကောင်းဆုံးဖြစ်နေတဲ့ကစားသမား ငါးဦးကို ဖော်ပြလိုက်ရပါတယ်။

ဆွာရက်ဇ်

ပရီမီယာလိဂ်လက်ရှိအချိန်မှာ ဆွာရက်ဇ်ဟာနံပါတ် ၁ အကောင်းဆုံးလို့ ပြောမယ်ဆိုရင် ဘယ်သူကမှ အံ့ဩမိမှာမဟုတ်ပါဘူး။ နွေရာသီကတည်းက အသင်းကနေထွက်ခွာဖို့ရှိနေတယ်လို့ သတင်းတွေထွက်နေခဲ့ပြီး ဥရောပထိပ်တန်းအသင်းတွေကနေခေါ်ယူဖို့ စိတ်ဝင်စားခြင်းခံနေခဲ့ရတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဒါပေမယ့် အသင်းကသူ့ကို လက်ရှိရရှိနေတဲ့ လုပ်ခ ပေါင်၁၂၀၀၀၀ကို ပေါင် ၂၀၀၀၀၀ အထိ တိုးမြှင့်ပေးပြီး ၂၀၁၈အထိ စာချုပ်သစ် ထပ်မံချုပ်ဆိုပြီး အသင်းကနေထွက်ခွာဖို့ရှိနေတယ်ဆိုတဲ့ ထင်ကြေးပေးပြောဆိုမှုတွေကို အဆုံးသတ်လိုက်ပါတယ်။ ဆွာရက်ဇ်ရဲ့ ယခုနှစ်ရာသီမှာ ၁၁ ပွဲသာ ပါဝင်ကစားရသေးသော်လည်း ၁၉ ဂိုးအထိ သွင်းယူပေးထားတာကြောင့် စပါး၊ အက်စ်တွန်ဗီလာသာမက အခြားပရီမီယာလိဂ်ကိုးသင်းထက်တောင် ရဂိုးတွေများနေတာကို တွေ့ရမှာပါ။ ESPN ဘောလုံးဝက်ဘ်ဆိုက်က ဆိုရင် ဆွာရက်ဇ်နဲ့ပတ်သက်ပြီး နည်းစနစ်ပိုင်းသာမက ပြေးအားကောင်းတဲ့ကစားသမားတစ်ဦးဖြစ်ကြောင်းနဲ့ ပြိုင်ဘက်အသင်းတွေ အတွက်တော့ ကြောက်မက်ဖွယ်အကောင်းဆုံး တိုက်စစ်မှူးတစ်ဦးလို့ ပြောထားပါတယ်။ ဒ့ါအပြင်သူဟာ အသင်းရဲ့ ဘယ်နေရာကနေမဆို ဂိုးသွင်းဖို့ အဆင်သင့်ရှိနေတယ်လို့ ဆိုပါတယ်။ ဆွာရက်ဇ်ဟာ စည်းကမ်းပိုင်းနဲ့ပတ်သက်ရင် ပြောစရာအနည်းငယ်ရှိနေပေမယ့် လက်ရှိအချိန်မှာတော့ ပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမားတစ်ဦးဆိုတာကတော့ ငြင်းလို့မရပါဘူး။

အဂူရို

လက်ရှိပရီမီယာလိဂ်ရဲ့ အကောင်းဆုံးကစားသမားကိုပြောပါဆိုရင်တော့ အဂူရိုကိုပဲ ပြောရမှာပါ။ သူဟာလက်ရှိအချိန်မှာ အသင်းမှာ ဒဏ်ရာကြောင့် အနားယူနေရပေမယ့် ယခုနှစ် ရာသီမှာတော့ မန်စီးတီးအသင်းအတွက် ၁၃ ဂိုးအထိ သွင်းယူပေးပြီး ဂိုးရရှိဖို့အတွက် လေးကြိမ်တိုင်ကူညီပေးခဲ့တဲ့သူပါ။ သူဟာ နည်းစနစ်ပိုင်းကောင်းမွန်ပြီး ခေါင်းအေးအေးထားကာ ကစားတတ်တဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ ဒ့ါအပြင် သူဟာတိုက်စစ်အားပြင်းထန်တဲ့ တိုက်စစ်မှူးတစ်ဦးလို့ပြောရမှာပါ။ ပယ်နယ်တီဧရိယာထဲမှာဆိုရင် သူ့ဆီကနေ ဘောလုံးကို ဖျက်ထုတ်နိုင်ဖို့မလွယ်ကူတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။ လက်ရှိ မန်စီးတီးအသင်းရဲ့ ရလဒ်ကောင်းတွေဟာ သူ့ကြောင့်လို့လည်း ပြောနိုင်ပါတယ်။

ရမ်ဆေး

အာဆင်နယ်ကစားသမားရမ်ဆေးကို ပရီမီယာလိဂ်ရဲ့ နံပါတ် ၃ အကောင်းဆုံး ကစားသမားအဖြစ် သတ်မှတ်ထားပေမယ့် သူ့ရဲ့ဒီနှစ်ရာသီမှာအသင်းအပေါ် သူ့ရဲ့စွမ်းဆောင်ထားမှုတွေကအကောင်းဆုံးရှိနေပါတယ်။ ရမ်ဆေးဟာ ကစားသမားဘဝအစောပိုင်းမှာ ခြေနှစ်ချောင်းလုံးကျိုးခဲ့ပေမယ့် အဲဒါဟာ သူ့အတွက်တော့အကောင်းမွန်ဆုံးအလှည့်အပြောင်း တစ်ခုလည်းဖြစ်ပါတယ်။ ရမ်ဆေးဟာ အာဆင်နယ်အသင်းနဲ့တူ ၁၆ ပွဲ ကစားပြီးချိန်မှာတော့ ရှစ်ဂိုးသွင်းယူပေးထားပြီး ဂိုးရရှိဖို့အတွက် ခြောက်ကြိမ်တိုင်ကူညီပေးခဲ့ပါတယ်။ သူ့ကြောင့်လည်း အာဆင်နယ်အသင်းဟာ ပရီမီယာလိဂ်ရဲ့ အမှတ်ပေးဇယားထိပ်ဆုံးမှာရပ်တည်နိုင်တယ်လို့လည်း ပြောရမှာပါ။

လူကာကူ

တိုက်စစ်မှူးလူကာကူဟာ အဲဗာတန်အသင်းအတွက်တော့ ကယ်တင်ရှင်တစ်ဦးလို့တောင်ပြောရမှာပါ။ သူ့ရဲ့လျင်မြန်မှု၊ ဖျတ်လတ်မှုတွေဟာ တစ်ဖက်အသင်းကစားသမားတွေအတွက်တော့ မဖြစ်မနေဂရုစိုက်ရမယ့်သူ အနေနဲ့လည်းရှိနေပါတယ်။ သူဟာ ဒရော့ဘာအသေးစားလို့တောင် တင်စားခြင်းခံထားရတဲ့သူလည်းဖြစ်ပါတယ်။ သူဟာအဲဗာတန်အသင်းမှာ ၁၄ပွဲသာပါဝင် ကစားထားပေမယ့် ရှစ်ဂိုးအထိ သွင်းယူပေးပြီး ဂိုးရရှိဖို့အတွက် သုံးကြိမ်တိုင်ကူညီပေးထားပါတယ်။ လူကာကူဟာ အခုအချိန်မှာတော့ ချယ်လ်ဆီးအသင်းကနေ အဲဗာတန်အသင်းကို အငှားနဲ့ လာရောက်ကစားနေတဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။

ယာယာတိုရေး

ဘောလုံးပေးပို့မှု၊ ဖန်တီးမှုနဲ့ ဂိုးသွင်းယူပေးမှုတွေမှာတော့ မန်စီးတီး ကစားသမား ယာယာတိုရေးရဲ့ ခြေစွမ်းတွေဟာ မမျှော်မှန်းနိုင်လောက်အောင်ကို ကောင်းမွန်တယ်လို့ ပြောရမှာပါ။ သူဟာ ကွင်းလယ်ခံစစ်ကစားသမားတစ်ဦးအဖြစ် သိထားကြပေမယ့် သူ့ရဲ့ တန်ပြန်တိုက်စစ်ကတော့ ကြောက်စရာအကောင်းဆုံးရှိနေပါတယ်။ သူဟာ ဒီရာသီမှာတော့ မန်စီးတီးအသင်းနဲ့အတူ ၁၆ ပွဲပါဝင်ကစားထားပြီး ရှစ်ဂိုးသွင်းယူပေးကာ ဂိုးရရှိဖို့အတွက် သုံးကြိမ်တိုင်ကူညီပေးထားပါတယ်။ ဒါကြောင့်လည်း သူဟာ ပရီမီယာလိဂ်ရဲ့နံပါတ် ၅ အကောင်းဆုံးကစားသမားအဖြစ် သတ်မှတ်ဖို့ကို ထိုက်တန်တယ်လို့ပြောရမှာပါ။

ဒါကတော့ လက်ရှိနှစ်သစ်မရောက်ခင် ရာသီဝက်မှာ အကောင်းဆုံးဖြစ်နေတဲ့ ကစားသမား ငါးဦးလို့ပြောရမှာပါ။ ဒါကြောင့် ဇန်နဝါရီ ဈေးကွက်မှာတော့ ပရီမီယာလိဂ်ရဲ့ အပြောင်းအလဲဟာ ဘာတွေဖြစ်မလဲ။ ဘယ်ကစားသမားတွေက အကောင်းဆုံးခြေစွမ်းပြကြမလဲဆိုတာကတော့ . . . . . ။

အောင်က


အဂူရို

ရမ်ဆေး

လူကာကူ

ယာယာတိုရေး

ဒီနှစ်ပရီမီယာလိဂ်ပြိုင်ပွဲမှာ ထိပ်တန်းအသင်းကြီးအများစုကအစ လိုအပ်ချက်တွေရှိနေပါတယ်။ ထိပ်ဆုံးကဦးဆောင်နေတဲ့ အာဆင်နယ်ကအစ လီဗာပူး၊ ချယ်လ်ဆီး၊ မန်စီးတီး၊ မန်ယူစတဲ့ အသင်းကြီးတွေအားလုံး လိုအပ်ချက်တွေ များပြားနေပါတယ်။ ဒါကြောင့် အဆိုပါ အသင်းတွေအားလုံးဟာ ရာသီအကုန်မှာ အောင်မြင်မှုရယူနိုင်ရေးအတွက် လာမယ့် ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်ကာလမှာ အသင်းကို ပြင်ဆင်အားဖြည့်မှုတွေ ပြုလုပ်လာဖို့ရှိနေပါတယ်။ ဒါကြောင့် အဆိုပါအသင်းကြီးတွေအနေနဲ့ လာမယ့်ဇန်နဝါရီဈေးကွက်မှာ ဖြစ်ပေါ်လာနိုင်တဲ့ အပြောင်းအလဲတွေကို သူတို့ရဲ့လိုအပ်ချက်၊ သူတို့ရဲ့ငွေသုံးနိုင်အား၊ သူတို့ရဲ့ ပြီးခဲ့တဲ့ဇန်နဝါရီဈေးကွက်တွေမှာ ခေါ်ယူခဲ့မှုများ၊ သူတို့ရဲ့ ဒီဇန်နဝါရီဈေးကွက်မှာ ခေါ်ယူဖို့စောင့်ကြည့်နေတဲ့ကစားသမားများ စတဲ့အချက်တွေကို အခြေခံပြီး Daily Mail က သုံးသပ်ပေးထားတဲ့အနက်က ဒီတစ်ပတ်မှာ လီဗာပူးရဲ့ အခြေအနေကို စတင်ဖော်ပြပေးလိုက်ပါတယ်။

ရော်ဂျာ

သူတို့ဘာလိုအပ်သလဲ

မန်နေဂျာရော်ဂျာအနေနဲ့ လီဗာပူးကို ချန်ပီယံလိဂ်ဝင်ခွင့်ရအောင် အပြင်းအထန်ကြိုးစားနေပါတယ်။ ရော်ဂျာအနေနဲ့ သူ့ရဲ့အဲ့ဒီရည်မှန်းချက်အောင်မြင်ဖို့ဆိုရင် ဇန်နဝါရီဈေးကွက်မှာ ပွဲအဖြေကို ပြောင်းလဲပေးနိုင်မယ့် အဆင့်မီ ကွင်းလယ်ကစားသမားတစ်ယောက်လောက်ခေါ်ယူဖို့ လိုအပ်နေပါတယ်။ ဒါပေမယ့် ဒီလိုကစားသမားမျိုးကို ခေါ်ယူဖို့ဆိုရာမှာ ရော်ဂျာအတွက် ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။ အထူးသဖြင့် ကမ္ဘာ့အဆင့်ကစားသမားတွေကို ဇန်နဝါရီမှာ အလွယ်တကူခေါ်ယူဖို့မရနိုင်သလိုသာမန်ပြောင်းရွှေ့ကြေးလောက်နဲ့ ခေါ်ယူဖို့ ရော်ဂျာအတွက် ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။

သူတို့ ငွေဘယ်လောက်သုံးနိုင်သလဲ

ရော်ဂျာအနေနဲ့ ဇန်နဝါရီမှာ ကစားသမားခေါ်ယူဖို့အတွက် သုံးစွဲမယ့်ငွေပမာဏကလည်း အတိအကျသတ်မှတ်ချက်မရှိပါဘူး။ ရော်ဂျာအနေနဲ့လည်း ဇန်နဝါရီမှာ အသင်းကိုအားဖြည့်နိုင်ဖို့အတွက် ကစားသမားတွေကို မရအရခေါ်ယူမယ့် အနေအထားမှာလည်း မရှိပါဘူး။ ဒါပေမယ့်အသင်းရဲ့ အမေရိကန်လူမျိုးပိုင်ရှင်တွေကတော့ ဇန်နဝါရီမှာ ရော်ဂျာခေါ်ယူချင်တဲ့ကစားသမားတွေကို ခေါ်ယူနိုင်ဖို့အတွက် ငွေကြေးအလုံအလောက်ပေးဖို့တော့ အဆင်သင့်ရှိနေပါတယ်။

ဘယ်သူတွေကို စောင့်ကြည့်နေသလဲ

ရော်ဂျာအနေနဲ့ လာမယ့်ဇန်နဝါရီ ဈေးကွက်မှာ ခေါ်ယူနိုင်ဖို့ရည်မှန်းထားတဲ့ ကစားသမားအရေအတွက်ကလည်း များများစားစားမရှိပါဘူး။ ရော်ဂျာဟာ ဘာစီလိုနာရဲ့ စပိန် ၂၁ နှစ်အောက်ကစားသမားလေး မာတင်မွန်တိုယာကို ခေါ်ယူဖို့ကြိုးစားနေပါတယ်။ ရော်ဂျာအနေနဲ့ မွန်တိုယာရဲ့အေးဂျင့်နဲ့လည်း နိုဝင်ဘာလအတွင်းက တွေ့ဆုံဆွေးနွေးမှုတွေပြုလုပ်ခဲ့ပြီး ရော်ဂျာအနေနဲ့ မွန်တိုယာကို ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်မှာသာ အရခေါ်ယူဖို့ ကြိုးစားနေပြီး နွေရာသီဈေးကွက်ကာလအထိ စောင့်ဆိုင်းလို စိတ်မရှိပါဘူး။

ဒ့ါအပြင် ရော်ဂျာဟာ အင်္ဂလန် ၂၁ နှစ်အောက် လက်ရွေးစင်ဒါဘီ ကစားသမား ဝီလ်ဟူချ်ကိုလည်းခေါ်ယူဖို့ မျက်စိကျနေပါတယ်။

ဘယ်သူတွေထွက်နိုင်သလဲ

ရော်ဂျာအနေနဲ့ အသင်းမှာရှိတဲ့ အတွေ့အကြုံပြည့်ဝတဲ့ ကစားသမားတွေထဲကတော့ ဘယ်သူ့ကိုမှ အသင်းကနေထွက်ခွာသွားစေမှာ မဟုတ်ပါဘူး။ ဒါပေမယ့် လူငယ်ကစားသမားအချို့ကိုတော့ လက်လွှတ်ရဖို့ရှိနေပြီး အထူးသဖြင့် စပိန်လူငယ်ကစားသမား လူးဝစ်အဲဗာတိုလိုလူငယ်တွေကို ဇန်နဝါရီမှာ ဆုံးရှုံးရနိုင်တဲ့အခြေအနေတွေမှာရှိနေပါတယ်။ ရော်ဂျာအနေနဲ့ အဆိုပါလူငယ်ကစားသမားတွေကို အသင်းမှာ ပုံမှန်ကစားခွင့်မပေးနိုင်ခြင်းဟာ အဆိုပါကစားသမားတွေကို အသင်းမှာဆက်လက်ထိန်းထားဖို့ ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။

ဇန်နဝါရီရဲ့ အကောင်းဆုံးခေါ်ယူမှု

တကယ်တော့ လီဗာပူးဟာ ဇန်နဝါရီဈေးကွက်မှာ ထိရောက်တဲ့အားဖြည့်မှုတွေကို အစဉ်အဆက်နီးပါး ပြုလုပ်နိုင်ခဲ့တဲ့ အသင်းတစ်သင်းအဖြစ်ယူဆလို့ရနိုင်ပါတယ်။ အထူးသဖြင့် လက်ရှိ လီဗာပူးအသင်းမှာ ခြေစွမ်းပြနေတဲ့ တိုက်စစ်မှူး လူးဝစ်ဆွာရက်ဇ်ကိုလည်း ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှာ ပေါင် ၂၂ ဒသမ ၈ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင် ဘင်နီတက်ဇ် လက်ထက်တုန်းကလည်း လီဗာပူးဟာ ဇန်နဝါရီမှာ ထိရောက်တဲ့အားဖြည့်မှုတွေကို ပြုလုပ်နိုင်ခဲ့ပြီး အက်ဂါ၊ စကာတယ်၊ မာရှေယာနိုတို့ကိုလည်း ဇန်နဝါရီလမှာပဲ ခေါ်ယူခဲ့တာဖြစ်ပြီး အဆိုပါကစားသမားတွေဟာလည်း အသင်းမှာ အကောင်းဆုံးခြေစွမ်းတွေကို ပြသနိုင်သူတွေ ဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် ဟိုလီယေးလက်ထက်တုန်းကလည်း လစ်မာနန်ကို ဇန်နဝါရီမှာပဲ ခေါ်ယူခဲ့တာဖြစ်ပြီး လစ်မာနန်နဲ့ ဟိုလီယေးတို့ဟာ လီဗာပူးမှာ အောင်မြင်မှုတွေကို ရယူနိုင်ခဲ့သလို တိုက်စစ်မှူးကောင်းတစ်ဦးဖြစ်တဲ့ အနယ်ကာကိုလည်း ဆောင်းရာသီမှာပဲခေါ်ယူခဲ့တာ ဖြစ်ပါတယ်။

ဇန်နဝါရီရဲ့ မှားယွင်းတဲ့ခေါ်ယူမှု

ဒါပေမယ့် လီဗာပူးအနေနဲ့ ဇန်နဝါရီမှာ အစဉ်အဆက် ခေါ်ယူမှုကောင်းတွေကိုတော့ လုပ်ဆောင်နိုင်ခဲ့တာတော့ မဟုတ်ပါဘူး။ အထူးသဖြင့် နယူးကာဆယ်တိုက်စစ်မှူး အင်ဒီကာရိုးလ်ကို ပေါင် ၃၅ သန်းနဲ့ ခေါ်ယူခဲ့မှုဟာ လီဗာပူးအတွက် မှားယွင်းတဲ့ ဇန်နဝါရီအားဖြည့်မှုတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ကာရိုးလ်အနေနဲ့ လီဗာပူးမှာ ဂိုးအချို့သွင်းပေးနိုင်ခဲ့ပေမယ့် အဆိုပါဂိုးတွေထဲမှာ အဲဗာတန်ဘက်ကို အနိုင်ဂိုး နှစ်ဂိုး၊ အက်ဖ်အေဖလား ဗိုလ်လုပွဲမှာ သွင်းယူခဲ့တဲ့ဂိုးတွေ ပါဝင်ခဲ့ပေမယ့်လည်း ကာရိုးလ်ဟာ လီဗာပူးမှာ မှတ်တမ်းရေးထိုးနိုင်တဲ့ တိုက်စစ်မှူးတစ်ယောက်တော့ ဖြစ်မလာခဲ့ပါဘူး။

ဒ့ါအပြင် ဇန်နဝါရီမှာပဲ စပိန်တိုက်စစ်မှူး မိုရိယန်တေးကို ခေါ်ယူခဲ့မှုဟာလည်း မှားယွင်းမှုတစ်ခုဖြစ်ခဲ့ပြီး အသုံးမဝင်ခဲ့ပါဘူး။ မိုရိယန်တေးဟာ နာမည်ကြီးကစားသမားဖြစ်ပေမယ့် လီဗာပူးမှာ နာမည်မကျော်ခဲ့ပါဘူး။

ဝေမိုးဆက်

> လူငယ်ကစားသမားတွေကို အသင်းမှာ ပုံမှန်ကစားခွင့်မပေးနိုင်ခြင်းဟာ အဆိုပါကစားသမားတွေကိုအသင်းမှာ ဆက်လက်ထိန်းထားဖို့ ခက်ခဲမှုတွေရှိလာနိုင်။

၂၀၁၄ ခုနှစ် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲမှ ရုရှားတင်းနစ်မယ် နှစ်ဦး နုတ်ထွက်သွားခဲ့

ထက်အောင်

အင်ဒီမာရေး

ရုရှားနိုင်ငံမှ တင်းနစ်အားကစားမယ်များဖြစ်သည့် နာဒီယာပီထရိုဗာနှင့် မာရီယာကီရီလန်ကိုတို့သည် လာမည့် ၂၀၁၄ ခုနှစ် ဇန်နဝါရီအတွင်း ကျင်းပမည့် ၂၀၁၄ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့ကြောင်း သတင်းများတွင် ရေးသားဖော်ပြထားသည်။

မာရီယာကီရီလန်

အသက် ၃၁ နှစ်အရွယ်ရှိ ပီထရိုဗာသည် ယခုလအစောပိုင်းတွင် သူ၏ မိခင်သေဆုံးသွားခဲ့ရခြင်းကြောင့် လာမည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ ပီထရိုဗာ၏ မိခင်ဖြစ်သူ နာဒက်ဇ်ဒါအယ်လ်ယီနာ(၆၄နှစ်)သည် ပြီးခဲ့သည့် ဒီဇင်ဘာ ၇ ရက်တွင် ရုရှားနိုင်ငံ မော်စကိုမြို့အနီး၌ ယာဉ်မတော်တဆဖြစ်ပွားမှုကြောင့် သေဆုံးခဲ့ရခြင်း ဖြစ်သည်။

ကြေးတံဆိပ်ရရှိခဲ့သူ

နာဒက်ဇ်ဒါအယ်လ်ယီနာသည် ကနေဒါနိုင်ငံ မွန်ထရီရယ်မြို့၌ ကျင်းပခဲ့သော ၁၉၇၆ ခုနှစ် နွေရာသီအိုလံပစ်ပြိုင်ပွဲ၌ ဆိုဗီယက်ယူနီယံနိုင်ငံကို ကိုယ်စားပြုပြိုင်ပွဲဝင်ခဲ့သည့် အပြေးအားကစားသမားတစ်ဦးဖြစ်ပြီး အဆိုပါပြိုင်ပွဲ၌ မီတာ ၄၀၀ လေးဦး လက်ဆင့်ကမ်းပြိုင်ပွဲ၌ ကြေးတံဆိပ်ဆုရရှိခဲ့သူ ဖြစ်သည်။

ပီထရိုဗာသည် ကမ္ဘာ့အမျိုးသမီး တင်းနစ်အဆင့် သတ်မှတ်မှု၌ အဆင့် ၆၄ နေရာတွင် ရပ်တည်နေသူဖြစ်သည်။

ကမ္ဘာ့အဆင့် ၁၇ ရှိသူ မာရီယာကီရီလန်ကိုသည်လည်း ခြေချင်းဝတ်ဒဏ်ရာ ပြဿနာကြောင့် လာမည့် ဩစတြေးလျအိုးပင်း တင်းနစ်ပြိုင်ပွဲမှ နုတ်ထွက်သွားခဲ့သည်။ ကီရီလန်ကို (၂၆နှစ်)သည် ဂရင်းဆလမ်တင်းနစ်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိခဲ့ခြင်းမရှိခဲ့ဘဲ ဩစတြေးလျအိုးပင်း၊ ပြင်သစ်အိုးပင်းနှင့် ဝင်ဘယ်ဒန်အိုးပင်း တင်းနစ်ပြိုင်ပွဲများတွင် အမြင့်ဆုံးအဖြစ် ကွာတားဖိုင်နယ်အဆင့်အထိ တက်ရောက်နိုင်ခဲ့သူဖြစ်သည်။

နာဒီယာပီထရိုဗာ

အောင်မြင်မှုရရှိရေး

လာမည့် ၂၀၁၄ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ အောင်မြင်မှုရရှိရေး ကြိုးပမ်းသွားမည်ဖြစ်ကြောင်း စကော့တလန်နိုင်ငံသား ကမ္ဘာ့အဆင့် ၄ တင်းနစ်သမားဖြစ်သူ အင်ဒီမာရေးက ထုတ်ဖော်ပြောဆိုလိုက်သည်။

ရှုံးပွဲတွေ ကြုံတွေ့ခဲ့ဖူး

၂၀၁၂ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲနှင့် ၂၀၁၃ ခုနှစ် ဝင်ဘယ်ဒန် အိုးပင်းတင်းနစ်ပြိုင်ပွဲများတွင် ချန်ပီယံဆုများ ရရှိခဲ့သူ အင်ဒီမာရေးက အင်တာဗျူးအစီအစဉ်တစ်ခုတွင် "လာမယ့် ၂၀၁၄ ခုနှစ်မှာ အောင်မြင်မှုတွေ ရရှိဖို့ တတ်စွမ်းသမျှ ကြိုးစားသွားမှာပါ။

ကျွန်တော်ဟာ ပြိုင်ပွဲကြီးတွေမှာ ရှုံးပွဲတွေ ကြုံတွေ့ခဲ့ဖူးပါတယ်။ ဒါကြောင့် ဒီလို ရှုံးနိမ့်မှုမျိုးတွေ နောက်ထပ် မကြုံတွေ့ချင်တော့ပါဘူး။ ဒါပေမယ့် အရေးကြီးတဲ့ ပြိုင်ပွဲကြီးတွေမှာ အောင်မြင်မှုရရှိဖို့ ခက်ခဲတယ်ဆိုတာကိုတော့ ကျွန်တော်သိပါတယ်"ဟု ပြောသွားသည်။

၂၀၁၄ ခုနှစ် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲကို လာမည့် ဇန်နဝါရီ ၁၃ ရက်မှ ၂၆ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

နမ့်စန်မှတစ်ဆင့် လောက်ကိုင်၊ ဟိုပန်

၂၀၁၃ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့

မနေ့ကခရီးသည် အနောက်၊ ယနေ့ခရီးသည် အရှေ့။ မနေ့က မြင်ကွင်းသည် ပလောင်တောင်တန်းကြီးများပေါ်က လက်ဖက်ခင်းများ၊ ယနေ့မြင်ရသည်မှာ စိမ်းညို့ညို့ ကြံခင်းကြီးများ။ ကိုးကန့်ဒေသသည် ပလောင်ဒေသထက် မြေပြန့်လွင်ပြင် ပိုမိုပေါများသည်။ ရဟတ်ယာဉ်က လားရှိုး-ကွမ်းလုံ ကားလမ်းမကြီးအတိုင်း မောင်းနှင်လာပြီးမှ လောက်ကိုင်မြို့ဆီသို့ ဦးတည်လိုက်သောအခါ ကိုးကန့်လွင်ပြင်၏ မြင်ကွင်းများသည် ပို၍ထင်ရှားလာသလိုပင်။ ၁၉၉၅ခုနှစ်၌ ကိုးကန့်ဒေသကို ကျွန်တော် စတင်ရောက်ဖူးခဲ့သည်။ ဒုတိယတစ်ခေါက်မှာ ၂၀၀၀ပြည့်နှစ် ဒီဇင်ဘာလ၌ လောက်ကိုင်မြို့တွင် မူးယစ်ဆေးဝါးပပျောက်ရေး အထိမ်းအမှတ်ပြတိုက်ကြီး ဖွင့်လှစ်ပြသနိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် လာရောက်ပြင်ဆင် ဆောင်ရွက်ခဲ့စဉ်ကဖြစ်သည်။ ၁၉၉၅ခုနှစ် လောက်ကိုင်မြို့ဟောင်းသည် ခပ်ကျဉ်းကျဉ်းမျှသာရှိသေးသည်။ မူးယစ်ပြတိုက်ဖွင့်ပွဲအတွက် ထပ်မံရောက်ရှိလာစဉ်မှာတော့ လောက်ကိုင်သည် နဂါးညီနောင်မြို့သစ်၊ ငြိမ်းချမ်းရေးမြို့သစ်၊ ရွှေဆင်မြို့သစ်၊ အရှေ့ခြမ်းမြို့သစ် စသည်တို့နှင့် ခမ်းနားထည်ဝါနေလေပြီ။ ယခုခရီးစဉ်မှာလည်း ချင်းရွှေဟော်မြို့နှင့် လောက်ကိုင်မြို့အကြားက ကျေးရွာများတွင် လူနေအိမ်ခြေ ပို၍စည်ကားများပြားလာသည်ကို တွေ့မြင်ခဲ့ရသည်။

ရဟတ်ယာဉ်ပေါ်မှဆင်းလာသော သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ ဒုတိယဝန်ကြီးများ၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် အဖွဲ့ဝင်များအား ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်နှင့် ဦးစီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများက ကြိုဆိုကြသည်။ ထိုမှ ဦးစီးအဖွဲ့ရုံးသို့ သွားရာလမ်း၌လည်း ကိုးကန့်တိုင်းရင်းသားများက လှိုက်လှဲပျူငှာစွာ ကြိုဆိုခဲ့ကြသည်။ တွေ့ဆုံပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အမှာစကားပြောကြားကြပြီး ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးပယ်စောက်ချိန်နှင့် တာဝန်ရှိသူများက ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များတင်ပြကြသည်။ တင်ပြချက်၊ ဒေသလိုအပ်ချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ဖြေရှင်းကူညီဆောင်ရွက်ပေးကြသည်။ တွေ့ဆုံပွဲအပြီးတွင် မြန်မာ-တရုတ်နယ်စပ်ရှိ ရန်လုံကျိုင်းဂိတ်သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။ ၁၉၉၅ခုနှစ်၌ နကဖအဖွဲ့တွေမရှိသေး။ ရန်လုံကျိုင်းဂိတ်မှတစ်ဆင့် မော်တော်ဆိုင်ကယ်ဖြင့် တရုတ်နိုင်ငံထဲက နမ့်စန်မြို့ကလေးကို သွားရောက်လည်ပတ်ခဲ့ဖူးသည်။ ထိုစဉ်ကတည်းက ကြံဈေးကွက်က သူတို့ဆီမှာရှိနေပြီဖြစ်၏။ နယ်စပ်တစ်လျှောက် စိမ်းညို့ညို့ကြံခင်းကြီးများက တစ်မျှော်တစ်ခေါ် စိုက်ပျိုးထားသည်ကို တွေ့ခဲ့ရသည်။ ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် ရန်လုံကျိုင်းဂိတ်မှအပြန်တွင် BP-၁၂၅ မြန်မာ-တရုတ် *စာမျက်နှာ ၅ သို့*

စာမျက်နှာ ၅ သို့

မြင့်စိုး(နတလ)

BP-၁၂၅ နယ်စပ်မှတ်တိုင်သို့ ဖောက်လုပ်ထားသော ကားလမ်းမကြီး။

ယခင်က နမ့်တစ်ဆိုသည့် ရွာကလေးကို လှည်းလမ်းကြောင်းအတိုင်း ဆိုင်ကယ်စီး၍သွားဖူးသည်။ ရော်ဘာပင်များ မရှိသေး။ ချုံနွယ်သောသောနင့်သာ။ နမ့်တိန်တံတား သည်ပင်လျှင် သံပေါင်ဘေလီတံတားအဖြစ်နှင့် ရှိနေသေးသည်။ ကိုးကန့်ဒေသနှင့် "ဝ" ဒေသကို ဆက်သွယ်ပေးထားသော ညီနောင်တံတားသည်လည်း ၂၀၀၀ ပြည့်နှစ်ရောက်မှ ထပ်မံတည်ဆောက်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ ယခု နမ့်တစ်မြို့သို့ သွားရာလမ်းသည် ကတ္တရာလမ်းဖြစ်ခဲ့ပြီ

ယခင်အပတ်မှအဆက်

နိုင်ငံတော်အစိုးရသစ် လက်ထက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းကြူက ကျေးရွာမီးလင်းရေးအတွက် တင်ပြမှုဖြင့် နိုင်ငံတော်မှထောက်ပံ့ပေးမှုကို ရယူကာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရှမ်းပြည်နယ်လျှပ်စစ်စွမ်းအားဝန်ကြီး ဦးစိုင်းထွန်းရင်၏ ဦးစီးကူညီပံ့ပိုးမှုဖြင့် ကျေးရွာအတွက် လျှပ်စစ်ဓာတ်အားလိုင်းသွယ်တန်းမှုကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက လုပ်ကိုင်ဆောင်ရွက်ပေးခဲ့သည်။ ကျေးရွာမီးလင်းရေးကော်မတီအဖွဲ့က လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရာတွင် အဆင်ပြေစေရေးအတွက် ကူညီပံ့ပိုးကြသည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လားရှိုးမြို့မှစတင်ကာ နမ့်ကျန်ကျေးရွာအရောက် မီးတိုင်များသွယ်တန်းခြင်းအပြင် ကျေးရွာအတွင်းရှိ အိမ်များအထိ မီးတိုင်များသွယ်တန်းပေးရာတွင် လားရှိုးမြို့မှ စတင်၍ ၁၁ KV ဓာတ်အားလိုင်း ၂ ဒသမ ၂၅ မိုင်၊ ၄၀၀ ဗို့ဓာတ်အားလိုင်း ၂ ဒသမ ၅ မိုင်၊ ၁၁/၀ဒသမ၄ KV (100)KVA ထရန်စဖော်မာ သုံးလုံးတို့ကို တပ်ဆင်သွယ်တန်းပေးခဲ့သည်။ အိမ်ခြေပေါင်း ၃၀၀ ကျော်ရှိပြီး လူဦးရေပျမ်းမျှ ၁၅၀၀ ကျော်နေထိုင်လျက်ရှိသော ကျေးရွာတွင် လျှပ်စစ်မီးကို အိမ်ခြေ ၁၄၃ အိမ် တပ်ဆင်သွယ်တန်းအသုံးပြုနေပြီဖြစ်သည်။ နမ့်ကျန်ကျေးရွာအတွင်း၌ အုပ်စုခွဲခြောက်စုရှိရာ (၁) ရွာဟောင်း(မန်ကောင်း)အုပ်စု၊ (၂)ကုန်းသွေးအုပ်စု၊ (၃) အလယ်ရွာအုပ်စုခေါ် (ပန်းကုလားရွာ)၊ (၄) လွယ်ဆိုင်းဟုခေါ်သော(မြိုးတောင်)အုပ်စု၊ (၅) နမ့်လန်အုပ်စု၊ (၆) ပန်ဝိုးဟုခေါ်သော အုပ်စုတို့ရှိကြောင်းကိုလည်းသိရသည်။ အိမ်အရောက်စပ်မီတာတပ်ဆင်ပြီးစီးသည်အထိ ငွေကျပ် ၅၀၀၀ ကျသင့်ပြီး မိမိအိမ်အတွင်း တပ်ဆင်သွယ်တန်းမှုအတွက် ကုန်ကျစရိတ်ကို အိမ်ရှင်ကပင် ကျခံရမည်ဖြစ်သည်။ မီတာခများကို ကောက်ခံရာတွင် ကျေးရွာမီးလင်းရေးကော်မတီက သတ်မှတ်ထားသော တစ်ယူနစ်လျှင် ၃၅ ကျပ်နှုန်းဖြင့် ယူနစ်အသုံးပြုသလောက် ကောက်ခံကာ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနသို့ ပေးသွင်းလျက်ရှိကြောင်းကိုလည်း မီးလင်းရေးဥက္ကဋ္ဌက ပြောကြားခဲ့သည်။ ကျေးရွာမီးလင်းရေး ကော်မတီတို့က ကျေးရွာအတွင်း လမ်းမီးများကိုတပ်ဆင်ကာ မီတာခကုန်ကျစရိတ်ကို ကျေးရွာမှပင်ကျခံနေကြောင်း၊ ယခုဆိုလျှင် ရွာအတွင်း၌ ညအချိန်ဆိုလျှင်ပင် အလွယ်တကူ သွားလာနိုင်နေပြီဖြစ်ကြောင်းကိုလည်းသိရသည်။

ကျေးရွာတွင်နေထိုင်သူ ဦးအောင်မြင့်ကလည်း "တစ်ချိန်တုန်းကဆိုလျှင် မီးအတွက် ရေနံဆီမီး၊ ဖယောင်းတိုင် မီးခွက်၊ မီးစက်အသေးစားများနှင့် ဆိုလာမီးများကို အသုံးပြုခဲ့ရပါတယ်။ အခုအချိန်မှာ ရေအားလျှပ်စစ်မီးကိုအသုံးပြုနေရပြီး အချို့သော အိမ်ရှင်မများဆိုလျှင် လျှပ်စစ်ပေါင်းအိုးများ၊ ဟင်းပေါင်းအိုးများဖြင့် ချက်ပြုတ်သုံးစွဲနေပါတယ်။ ပညာရေး အထောက်အကူအဖြစ် ကျောင်းသားကျောင်းသူများ အချိန်မရွေး စာဖတ်နိုင်နေပြီဖြစ်ပါတယ်"ဟု ပြောပြခဲ့သည်။ ထင်းမီးကို အဓိကအသုံးပြုချက်ပြုတ်ခဲ့သူ အိမ်ရှင်မတိုင်းရင်းသူတစ်ဦးကလည်း "အခု ကျွန်မတို့လည်းမြို့ပေါ်ကအိမ်ရှင်မတွေနည်းတူ လျှပ်စစ်ထမင်းပေါင်းအိုးတွေ၊ ဟင်းပေါင်းအိုးတွေနဲ့ ချက်ပြုတ်နေရပြီ"လို့ ပလောင်သံဝဲဝဲနှင့်ဝမ်းသာအားရ ဂုဏ်ယူဝမ်းမြောက်စွာ ပြောကြားခဲ့ပြန်ပါသေးသည်။ နိုင်ငံတော်မှ ကုန်ကျစရိတ်များ မည်မျှရှိသည်ကို မသိရသော်လည်း ကျေးရွာနေပြည်သူများအတွက် ဖော်မပြနိုင်အောင်ဝမ်းသာကြည်နူးကြရသည်မှာ အမှန်ပင်ဖြစ်သည်။

ကျေးရွာ၌ ၂၀၁၃ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ရေအားလျှပ်စစ်မီးကို စတင်ဖွင့်လှစ်သုံးစွဲခဲ့ကြသည်။ နမ့်ကျန်ကျေးရွာနေ ပန်းကုလားအုပ်စုမှ တောင်ယာလုပ်ကိုင်သလို လားရှိုးနှင့်နမ့်ကျန် ကားမောင်းနေသူ ဦးကောလိန်က "ကျွန်တော်တို့ရွာမှာ ကိုယ်ပိုင်ယာဉ်နဲ့ကားပြေးဆွဲနေသူနှစ်ဦးရှိပြီး နေ့စဉ်ပုံမှန် နွေရာသီနဲ့ ဆောင်းရာသီပိုင်းမှာ ပြေးဆွဲပါတယ်။ လူတစ်ဦးကို ခရီးတစ်ကြောင်း ငွေကျပ် ၃၀၀ နှုန်းဖြင့် ကျေးရွာသူကျေးရွာသားများအဆင်ပြေစေဖို့အတွက် ပြေးဆွဲပါတယ်။ မိုးတွင်းပိုင်းဆိုရင်တော့ လမ်းကမြေသားဖြစ်နေလို့ မောင်းလို့ မရတဲ့အတွက် ပြေးဆွဲခြင်းမရှိဘူး" လို့ ပြောသည်။ ကျေးရွာမှာ လျှပ်စစ်ပိုင်းဆိုင်ရာနှင့်ပတ်သက်ပြီး ရင်းနှီးမှုသိပ်မရသေးပေမယ့် ပိုက်ဆံတတ်နိုင်သည့်တချို့သူတွေကတော့ ကွန်ပျူတာနှင့်ပတ်သက်သည့် လုပ်ငန်းပိုင်းလေးတွေကို လုပ်ဆောင်ဖို့တိုင်ပင်နေကြတာကိုလည်း ကျေးရွာလူငယ်ခေါင်းဆောင်ဆီကနေ ကြားသိရပြန်သည်။ "ပညာတတ်တွေများစွာပေါ်ထွက်များပြားလာနေပြီး အစိုးရဌာနတွေမှာတောင်ဝင်ရောက်လုပ်ကိုင်နေသူတွေရှိသလို နိုင်ငံခြားကို သွားရောက်လုပ်ကိုင်နေကြသူတွေလည်း ရှိနေပါတယ်"ဟု ပြောကြားသည်။ တစ်ချိန်တစ်ခါက မူးယစ်ဆေးဝါး၏အကျိုးဆက်ကို ခံစားခဲ့ရသည့် နမ့်ကျန်ကျေးရွာလေးဆိုလျှင် ယခုအချိန်၌ ကျေးရွာသူကျေးရွာသားများ မျက်စိအလင်းပိုမိုပွင့်လင်းလာကြပြီး မူးယစ်ဆေးဝါးအန္တရာယ်ကို ရာနှုန်းပြည့်နီးပါး တွန်းလှန်နိုင်နေပြီဖြစ်သည်။ ထိုမျှမက တန်ဖိုးနည်းဖုန်းများ ပေါ်ပေါက်လာသည့် အချိန်တွင် နမ့်ကျန်ကျေးရွာ၌ ခါးမှာကိုယ်စီဖုန်းလေးတွေနှင့် ပျိုပျိုအိုအိုတို့ဆီတွင် တွေ့မြင်ရသည်။

ကျေးရွာတွင် လျှပ်စစ်မီးရရှိတာနှင့်အညီ ကျေးရွာသူ ကျေးရွာသားများက ကျွန်တော်တို့မြန်မာနိုင်ငံမှာ အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစားပွဲတော် ကျင်းပနေမှုမြင်ကွင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေး အစရှိသော မြို့ကြီးများတွင် ကျင်းပမှုကို ထပ်တူထပ်မျှ ကြည့်ရှုခံစားနေရသဖြင့် အတိုင်းမသိ ဝမ်းသာကြည်နူးနေကြသည်ကို တွေ့မြင်ခဲ့ရသည်။ ကိုယ်ပိုင်တိုင်းရင်းသားယဉ်ကျေးမှုနှင့် ဝတ်စုံလေးတွေကို ဝတ်ဆင်ထားသည်မှာလည်း မိမိလူမျိုးတို့၏ ဓလေ့ထုံးစံများကို မပျောက်ပျက်စေရဘူးလို့ ရည်ညွှန်းဖော်ဆောင်နေသလို တွေ့မြင်ခံစားနေရသည်။

၂၀၁၄ ခုနှစ် ဘတ်ဂျက်တွင် လားရှိုး-နမ့်ကျန်လမ်းပိုင်းကို ကျောက်ချောလမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးမည်ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်သူက ပြောပြသည်။ ကျေးရွာများပါမကျန် မီးလင်းစေရန်ရည်ရွယ်ချက်ဖြင့် ဖော်ဆောင်လျက်ရှိနေမှုများ နေရာဒေသမကျန် မြန်မာနိုင်ငံအတွင်းရှိ မည်သူတစ်ဦးတစ်ယောက်မျှမဆို သိရှိစေရန်အလို့ငှာ မေးမြန်းဆွေးနွေးခဲ့မှုများကို ရေးသားဝေမျှဖော်ပြလိုက်ရပါသည်။

ကျေးရွာမီးလင်းရေးအတွက် လားရှိုးမြို့မှစတင်ကာ နမ့်ကျန်ကျေးရွာသို့ မီးတိုင်များသွယ်တန်းထားသည်ကို တွေ့ရစဉ်။

သတင်းနှင့်ဓာတ်ပုံ-ဟန်ဌေး(iprd)

ရခိုင်ပြည်နယ်

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် အားထားရာ ငမန်းရဲကျွန်းရေငန်တားတာ

လေးဝတီထွန်းစောခိုင်

ရခိုင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ပုစွန်မွေးမြူရေးလုပ်ငန်းနှင့် ဆားလုပ်ငန်းတို့ဖြစ်သည်။ ပြည်နယ်လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တောရွာများတွင် နေထိုင်ကြရာ ၎င်းလုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြရသည်။ ပင်လယ်ကမ်းရိုးတန်းဒေသဖြစ်ခြင်း၊ မြစ်ချောင်းများပေါများခြင်းတို့ကြောင့် စိုက်ပျိုးမြေအများစုသည် ဆားငန်ရေဝင်ရောက်သောဒေသများတွင် ပါဝင်သည်။ စိုက်ပျိုးမြေဒေသများအား ဆားငန်ရေဝင်ရောက်မှုမှကာကွယ်နိုင်ရန် နိုင်ငံတော်ရန်ပုံငွေဖြင့် ဆည်မြောင်းဦးစီးဌာနမှ ၁၉၈၇ ခုနှစ်တွင် မြေပုံမြို့နယ်၌ ငမန်းရဲကျွန်းရေငန်တားတာကို တည်ဆောက်ပေးခဲ့သည်။

ငမန်းရဲကျွန်း

ငမန်းရဲကျွန်းသည် မြေပုံမြို့နယ်၏ အနောက်ဘက်တွင် ကျရောက်ပြီး ပေါက်တောမြို့နယ်၊ မင်းပြားမြို့နယ်တို့နှင့် နယ်နိမိတ်ချင်းဆက်စပ်နေသည်။ ကျွန်းဧရိယာ၏ အများစုသည် ဟန်တာပင်လယ်နှင့် ထိစပ်နေပြီး ကျန်ဧရိယာများကိုလည်း ပေါက်ဆိန်ကျမြစ်၊ အလယ်ကျွန်းမြစ်၊ အပ်ခွပ်မြစ်၊ မဟိုင်းမြစ်တို့ ဝန်းရံလျက်စီးဆင်းနေကြသည်။ ၁၉၆၈ ခု မေလ ၁၀ ရက်နေ့က တိုက်ခတ်ခဲ့သော တစ်နာရီ မိုင် ၁၂၀ ကျော်ရှိ ပြင်းထန်အားကောင်းသော စစ်တွေဆိုင်ကလုန်းမုန်တိုင်းကြောင့် ဤကျွန်းတွင် ဒီရေ ၁၄ ပေအထိ တက်ခဲ့ကာ လှိုင်းလုံးကြီးများ လွှမ်းမိုးခြင်းခံခဲ့ရပြီး လူများ တစ်ကျွန်းလုံးနီးပါး သေကျေပျက်စီးခဲ့ကြရသည်။ ဤဖြစ်ရပ်ဆိုးကြီးသည် ကျွန်းအတွက် မမေ့ပျောက်နိုင်ဘဲ ဝမ်းနည်းကြေကွဲဖွယ်ရာ အရိပ်မည်းကြီးတစ်ခုအဖြစ် ယနေ့အထိ ခြောက်လှန့်နေဆဲ ဖြစ်သည်။

ဤကျွန်းသည် ပင်လယ်နှင့်မြစ်များ ဝန်းရံတည်ရှိသဖြင့် နုန်းတင်မြေနုများ ဖြစ်ထွန်းသောမြေများဖြစ်ပြီး လယ်ယာစိုက်ပျိုးရေးနှင့် ပုစွန်မွေးမြူရေးအတွက် မြေခံ၊ ရေခံကောင်းသော ဒေသတစ်ခုဖြစ်သည်။ ယခုအခါ ကျေးရွာအုပ်စု ငါးခု၊ ကျေးရွာပေါင်း ၁၁ ရွာ၌ လူဦးရေ ၇၀၀၀ကျော် နေထိုင်လျက်ရှိသည်။

ရေငန်တားတာ

ငမန်းရဲကျွန်းရေငန်တားတာသည် ၁၉၈၆-၁၉၈၇ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပြီးစီးခဲ့သော ရေငန်တားတာတစ်ခုဖြစ်ပြီး အလျား ၃၆ မိုင် ရှိသော ကျွန်းပတ်တာဖြစ်သည်။ အကျိုးပြုကာကွယ်ဧရိယာ ၁၂၃၀၆ ဧကရှိပြီး မိုးစပါး ဧက ၈၅၀၀ ခန့်ကို စိုက်ပျိုးနိုင်သည်။

စတင်တည်ဆောက်စနှစ်များတွင် မိုးစပါးများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်ခဲ့သော်လည်း နှစ်ကြာလာသည်နှင့်အမျှ တာခိုင်ခံ့မှုလျော့နည်းလာကာ ဆားငန်ရေများ စိမ့်ဝင်မှုများပြားလာခြင်းကြောင့် မိုးစပါးစိုက်ပျိုးဖြစ်ထွန်းမှုလည်း လျော့ကျလာခဲ့ကြောင်း သိရသည်။ အကြောင်းအမျိုးမျိုးကြောင့် တာထိန်းသိမ်းမှုလျော့ကျလာခြင်း၊ မိုးများသောဒေသဖြစ်ခြင်း၊ ပင်လယ်နှင့်နီး၍ လှိုင်းကြီးခြင်းတို့ကြောင့် ၂၀၀၉-၂၀၁၀ မတိုင်မီနှစ်များတွင် တာများကျိုးပေါက်ကာ စိုက်ပျိုးမြေများ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ဆားငန်ရေဝင်ရောက်မှုကြောင့် စပါးစိုက်ပျိုး၍မရသဖြင့် ပုစွန်မွေးမြူလာကြကြောင်း သိရသည်။ ပင်လယ်ကို မေးတင်ကာ ဖြစ်တည်နေသော ကျွန်းဖြစ်၍ သဘာဝပုစွန်များဝင်ရောက်မှုကြောင့် ပုစွန်မွေးမြူရေးလုပ်ငန်းများစွာ ဖြစ်ထွန်းအောင်မြင်သည်။ ရခိုင်ပြည်နယ်၏ ပုစွန်မွေးမြူရေးလုပ်ငန်း ရွှေခေတ်ဖြစ်ခဲ့စဉ်က ဤကျွန်းသည် ပုစွန်မွေးမြူရေးအထူးအောင်မြင်ခဲ့ကာ ငမန်းရွှေမြေဟု တင်စားခေါ်ဝေါ်ခြင်းကိုခံခဲ့ရသည်။ ပုစွန်မွေးမြူရေးဘက်သို့ အားသန်လာခြင်းကြောင့် စိုက်ပျိုးရေးဘက်တွင် လျော့ကျကာ စိုက်ပျိုးမြေများကို ပုစွန်မွေးမြူလာကြသည်။ အချို့လယ်သမားများမှာ ပုစွန်မွေးမြူရေးလုပ်ငန်းရှင်များ၏ ဈေးကြီးပေး လွှမ်းမိုးခြင်းကို ခံလိုက်ရပြီး မိမိတို့၏ လယ်ယာမြေများသည် ပုစွန်မွေးမြူရေးမြေများ ဖြစ်သွားကြသည်။ ဤကျွန်းမှ စပါးစိုက်၍ရသော ဧက ၆၀၀၀ ခန့် ပုစွန်ကန်များ ဖြစ်သွားကြရသည်။

နွေရာသီတွင် နေလှန်းဆားလုပ်ငန်းကို လုပ်ကိုင်ပြီး မိုးရာသီနှင့် ဆောင်းရာသီတွင် ပုစွန်မွေးမြူလာကြရာ မြေတစ်ခုက ဝင်ငွေနှစ်သီးစားဖြင့် ကြီးပွားချမ်းသာခဲ့ကြသူများလည်း ရှိခဲ့ကြသည်။ ၂၀၀၃ ခုနှစ်လွန်နှစ်များတွင် ဆားဈေးကွက်ပျက်လာခြင်း၊ ပုစွန်ဈေးနှုန်းကျဆင်းလာသောကြောင့် ဆားလုပ်ငန်းနှင့် ပုစွန်မွေးမြူရေးဘက်တွင်လည်း လုပ်ကိုင်မှုလျော့နည်းလာကြသည်။

ဤကျွန်းသည် မြစ်ပေါင်းစုံ၏ ရေလွှမ်းမိုးခြင်းကိုခံရခြင်း၊ ပင်လယ်လှိုင်းဒဏ်ခံရခြင်းတို့ကြောင့် တာမှာ တစ်စတစ်စပျက်စီးလာခဲ့ရသည်။ ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့က တိုက်ခတ်ခဲ့သောနာဂစ်မုန်တိုင်းကြောင့် မိုးသည်းထန်ခြင်း၊ လှိုင်းကြီးခြင်းများဖြစ်ပေါ်ကာ တမံများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ပျက်စီးခဲ့သော တမံကို နိုင်ငံတော်၏ ခွင့်ပြုငွေဖြင့် နှစ်အလိုက်ပြုပြင်ခဲ့သည်။ သို့သော် ၂၀၁၀ ပြည့်နှစ် အောက်တိုဘာ ၂၂ ရက်က တိုက်ခတ်ခဲ့သော ဂီရိမုန်တိုင်းသည် မြေပုံမြို့နယ်ကို ဗဟိုပြုပြီး ဖြတ်သွားရာ ကျွန်းပတ်တာရာ နှုန်းပြည့်နီးပါး ပျက်စီးခဲ့ရသည်။

တာပြန်လည်ထိန်းသိမ်းခြင်း

ဒဏ်အမျိုးမျိုးကြောင့် ပျက်စီးရသော ကျွန်းပတ်တာကြီးကို ရခိုင်ပြည်နယ် ဆည်မြောင်းဦးစီးဌာနသည် နှစ်အလိုက် ခွင့်ပြုရရှိငွေများဖြင့် ပုံစံတကျပြန်လည်တည်ဆောက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၀၉-၂၀၁၀မှ ၂၀၁၂-၂၀၁၃ အထိ ၁၇ မိုင်အနက် ၀ ဒသမ ၇၅ မိုင်သာကျန်ရှိခဲ့သည်။ ၂၀၁၃-၂၀၁၄ ခုတွင် ဆောင်ရွက်ရန်ကျန်ရှိသော ၁၉ မိုင်ကို အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း လေ့လာသိရှိရသည်။

ယခုအခါ မြေတူးစက်၊ မြေထိုးစက်၊ မြေသယ်ယာဉ်များဖြင့် စက်အား၊ လူအားသုံးကာ ဆောင်ရွက်နေပြီဖြစ်သည်။ မြေကျင်းပေါင်းတစ်သိန်းကို စက်အားဖြင့်လည်းကောင်း၊ ကျင်း ၈၈၇၇၀ ကို လူအားဖြင့် လည်းကောင်း ဆောင်ရွက်သွားမည်ဖြစ်ပြီး ခန့်မှန်းကုန်ကျငွေကျပ်သန်းပေါင်း ၈၃၀ သုံးစွဲရမည်ဖြစ်ကြောင်းလည်း သိရသည်။

ဤကျွန်းရှိ လယ်ယာမြေများနှင့်ပတ်သက်၍ အငြင်းပွားမှုများရှိခဲ့ကြောင်းလည်း လေ့လာသိရှိရသည်။ ပုစွန်မွေးမြူရေးကန်များကြောင့် ဆားငန်ရေဝင်ရောက်သည်ဟုဆိုကာ လယ်သမားများနှင့် ပုစွန်မွေးမြူသူများအကြား ပဋိပက္ခအသွင်ဆောင်လာကြသည်။ ဤသည်ကို ပြည်ထောင်စုအစိုးရ၊ ရခိုင်ပြည်နယ်အစိုးရမှ တာဝန်ရှိသူများသည် ငမန်းရဲကျွန်းအထိ သွားရောက်ကာ ဆွေးနွေးပွဲများ ပြုလုပ်ပြီး ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ ဤကျွန်းပတ်တာကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မကုန်မီ အပြီးပြုပြင် တည်ဆောက်ပေးသွားမည် ဖြစ်ကြောင်း လေ့လာသိရှိရသည်။

(ဆက်လက်ဖော်ပြပါမည်)

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့တွင်းတစ်နေရာ

စာမျက်နှာ ၃ မှ

နယ်စပ်မှတ်တိုင်သို့သွားရောက် ကြည့်ရှုခဲ့ကြရာ ကိုးကန့်ဦးစီးအဖွဲ့က ယင်းနေရာ၌ စက်မှုရပ်ကွက် တည်ဆောက်နေမှု အခြေအနေကို ရှင်းလင်းတင်ပြခဲ့ကြသည်။

မွန်းလွဲပိုင်းတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့မှ “ ဝ ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ကြသည်။ ဟိုပန်နှင့်နမ့်တစ်မြို့ ပတ်ဝန်းကျင်၌ ရော်ဘာစိုက်ခင်းများဖြင့် စိမ်းစိမ်းညို့ညို့ရှိနေသည်။ ယခင်က နမ့်တစ်ဆိုသည့် ရွာကလေးကို လှည်းလမ်းကြောင်းအတိုင်း ဆိုင်ကယ်စီး၍သွားဖူးသည်။ ရော်ဘာပင်များ မရှိသေး။ ချုံနွယ်သောသောနှင့်သာ။ နမ့်တိန်တံတားသည်ပင်လျှင် သံပေါင်ဘေလီတံတားအဖြစ်နှင့်ရှိနေသေးသည်။ ကိုးကန့်ဒေသနှင့် “ ဝ ”ဒေသကို ဆက်သွယ်ပေးထားသော ညီနောင်တံတားသည်လည်း ၂၀၀၀ ပြည့်နှစ်ရောက်မှ ထပ်မံတည်ဆောက် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ယခု နမ့်တစ်မြို့သို့ သွားရာလမ်းသည် ကတ္တရာလမ်းဖြစ်ခဲ့ပြီ။

ဟိုပန်မြို့ အခြေခံပညာအထက်တန်းကျောင်း စာသမဟာခန်းမ၌ နယ်မြေခံပြည်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကျင်းပခဲ့ပြီး ၎င်းတို့၏ လိုအင်ဆန္ဒများကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးများ၏ ယခုခရီးစဉ်သည် တိုင်းဒေသကြီး/ပြည်နယ်အစိုးရ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၊ ဒေသဦးစီးအဖွဲ့များအား တာဝန်ခံဆက်သွယ်ပေါင်းစပ် ညှိနှိုင်းပေးရန် ရောက်ရှိလာခြင်းဖြစ်သကဲ့သို့ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးဖော်ဆောင်ရန်အတွက် အတူတကွပူးပေါင်းဆောင်ရွက်ကြရေး၊ ဒေသဖွံ့ဖြိုးရေး၊ တရားဥပဒေစိုးမိုးရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဦးစီးအဖွဲ့များက တက်ညီလက်ညီကြိုးကြပ်ကွပ်ကဲဆောင်ရွက်သွားကြရေး၊ ဒေသတွင်းရှိ ပြည်သူအားလုံး၏ လိုအင်ဆန္ဒကို သိမြင်အောင် ကြိုးစားကြံဆောင်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း မှတ်တမ်းပြုတင်ပြအပ်ပါသည်။

ချင်းပြည်နယ်

နီဘာရိလောန်းကျေးလက်လမ်း ကတ္တရာခင်း

ချင်းပြည်နယ် ဟားခါးမြို့နှင့် ခုနစ်မိုင်ခန့်ကွာဝေးသည့် နီဘာရိလောန်းကျေးရွာသို့ ဆက်သွယ်ထားသည့်လမ်းကို ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။

နီဘာရိလောန်းကျေးရွာသည် မြို့နှင့် ခုနစ်မိုင်ဝေးပြီး ဟားခါး-ဖလမ်း လမ်းမှ လေးမိုင်အကွာတွင်တည်ရှိသည်။ ယခုအခါ ပြည်နယ်အစိုးရက အရှည်နှစ်မိုင်၊ အကျယ်ရှစ်ပေရှိ ကတ္တရာလမ်းခင်းပေးခြင်းဖြစ်သည်။

နီဘာရိလောန်းကျေးရွာတွင် အိမ်ခြေ ၁၇၇ အိမ်ရှိပြီး လူဦးရေ ၈၀၀ ခန့်ရှိသည်။ မူလတန်းလွန်ကျောင်းအဆင့်ရှိပြီး ရေအားလျှပ်စစ်ဖြင့် မီးလင်းသကဲ့သို့ သောက်သုံးရေသွယ်တန်းအသုံးပြုစနစ် ကောင်းမွန်သည့် ရွာတစ်ရွာဖြစ်သည်။

ကတ္တရာလမ်းခင်းပေးခြင်းနှင့်ပတ်သက်၍ ဒေသခံရွာသားတစ်ဦးက “ကုမ္ပဏီက လာခင်းတာ၊ ရွာကနေ လမ်းဆုံအထိ လေးမိုင်ကို နှစ်မိုင်ခင်းမယ်ပြောတယ်၊ လေးမိုင်လုံးခင်းပေးရင် ပိုကောင်းမယ်” ဟု သူ၏ဆန္ဒကို ပြောပြသည်။

////////////// (ခရိုင် ပြန်/ဆက်)

ဟားခါးမြို့နှင့် ၇ မိုင်ခန့် ကွာဝေးသော နီဘာရိလောန်းကျေးရွာသို့ ဆက်သွယ်ထားသည့် လမ်းကို ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်နေစဉ်။

မကွေးတိုင်းဒေသကြီး

ခမောက်ရက်လုပ်၍ မိသားစု ဝင်ငွေရ

မြန်မာနိုင်ငံနေရာဒေသအနှံ့အပြားတွင် ဝါးဖြင့်ရက်လုပ်သည့် ခမောက်များကို တွင်ကျယ်စွာ အသုံးပြုကြ၍ ခမောက်ရက်လုပ်ရောင်းချသူများမှာ ဤလုပ်ငန်းဖြင့် ဝင်ငွေတိုးလျက်ရှိသည်။ ဂန့်ဂေါခရိုင်အတွင်းရှိ မြို့နယ်များ၊ ချင်းပြည်နယ် ကန်ပက်လက်မြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်များသို့ တင်ပို့ရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိသည်ကို တွေ့ရသည်။

ဆောမြို့နယ်အတွင်းရှိ ဆီမီးကျေးရွာနှင့် မကျီးစုကျေးရွာများတွင် နေထိုင်သူအများစုသည် ခမောက်ရက်လုပ်ခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်ဟု သိရှိရသည်။

အဆိုပါ ခမောက်ရက်လုပ်သူအများစုသည် လက်လုပ်လက်စားများဖြစ်၍ ငွေကြေးအရင်းအနှီးနည်းပါးမှုရှိသဖြင့် ရက်လုပ်သောခမောက်များကို မြို့ပေါ်ရှိကုန်သည်များမှတစ်ဆင့် ဖြန့်ဖြူးရောင်းချကြသည်။ ခမောက်တစ်လုံးရဖို့အတွက် အုံတုံ၊ ရေအိုး၊ ရေခွက်၊ ဓား၊ သိုက်ဝါး၊ ကြသောင်းဝါး၊ မြင်ဝါး၊ ပေရွက်နှင့် ချည်ကြိုးစသည်များလိုအပ်သည်။ ခမောက်တစ်လုံးရက်လုပ်ပြီးမြောက်ရန်မှာ တစ်ဦးတည်းဖြင့်ဆောင်ရွက်၍မပြီးဘဲ နှီးဖျာသူ၊ ရက်လုပ်သူ၊ ပေရွက်ထိုးသူ၊ ချည်ကြိုးဖြင့်အနားကွပ်သူ အစရှိသဖြင့် ကျွမ်းကျင်မှုအလိုက် လူငါးဦးခန့် ဝိုင်းဝန်းဆောင်ရွက်မှ အလုပ်ပြီးမြောက်သည့် မိသားစုလုပ်ငန်းဖြစ်သည်။

ခမောက်ရက်လုပ်ရန် ဝါးမှအစလိုအပ်သည်များ ကိုယ်တိုင်ရှာဖွေဆောင်ရွက်ခြင်းဖြစ်ပြီး ကုန်ကျမှုကို မပြောတတ်သော်လည်း ဖောက်သည်ရောင်းဈေး ငွေကျပ် ၁၁၀၀ ဝန်းကျင်ဖြင့် ရောင်းရကြောင်း၊ သိုက်ဝါးနှီးမှာ ခမောက် ရက်လုပ်ရန်အတွက်ဖြစ်ပြီး မြင်ဝါးနှီးမှာ ခမောက်အနားကွပ်အတွက် ဖြစ်ကြောင်း၊

သတင်းမှတ်စု-နန္ဒာလှိုင်
ဓာတ်ပုံ-လှစိုး

လူငါးဦး စုပေါင်းလုပ်ဆောင်လျှင် တစ်နေ့ ၁၀ လုံးပြီးစီးနိုင်ကြောင်း၊ ခမောက်သည် တောင်သူလယ်ယာလုပ်သူများ အများစုအသုံးပြုကြ၍ အပူဒဏ်ကို ကာကွယ်ပြီး အေးမြသောအရိပ်ကိုပေးဆောင်နိုင်ရာ သမာအာဇီဝကျသည့် လုပ်ငန်းဖြစ်သည့်အတွက် ခမောက်ရက်လုပ်ရခြင်းလုပ်ငန်းအတွက် ဂုဏ်ယူမိကြောင်း အဆိုပါ ခမောက်ရက်လုပ်သူ မိသားစုမှ မသူဇာထွေးက ပြောကြားသည်။

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ

အရန်မီးသတ်ဝတ်စုံထောက်ပံ့ပေးအပ်ပွဲ ကျင်းပ

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့၌ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံ မီးသတ်ဦးစီးဌာနက ပေးပို့လှူဒါန်းသော အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် တူညီဝတ်စုံ ၁၃၀ ထောက်ပံ့ပေးအပ်သည့်အခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ဒေသဦးစီးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရပ်ကွက် (၁၂)ရပ်ကွက်ရှိ အရန်မီးသတ်တပ်ဖွဲ့အတွက် ဝတ်စုံများကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်စိုး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲမှူး မြင့်ဆွေနှင့် လက်ထောက်မီးသတ်ဦးစီးမှူး ဦးနေဝင်းအောင်တို့က ပေးအပ်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက လက်ခံရရှိပြီး ရပ်ကွက်အတွင်းရှိ အရန်မီးသတ်တပ်ဖွဲ့ဝင်များကို ဆက်လက်ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မိုးမိုးထွေး (ပင်းတယ)

ရှမ်းပြည်နယ်(မြောက်ပိုင်း)

ပြည်သူ့အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

ပြည်လုံးကျွတ်ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း အကြောင်းသိကောင်းစရာ ဟောပြောခြင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းများ ဆောင်ရွက်ခြင်းစသည့် ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများကို ဒီဇင်ဘာ ၂၄ ရက်က မူဆယ်ခရိုင် မန့်ဟီးရိုးမြို့နယ်ခွဲ ရပ်ကွက်(၂) လူငယ်ဇရပ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနတို့ ပူးပေါင်း၍ ကွင်းဆင်းဆောင်ရွက်ကြသည်။

မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စန္ဒာဝင်းက ဒေသခံပြည်သူများ အသိပညာဗဟုသုတ ပိုမိုမြင့်မားပြီး ဒေသဖွံ့ဖြိုးတိုးတက်စေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေးကိစ္စရပ်များနှင့် မြို့နယ်လဝကမှူး ဦးဝင်းဦးက ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအကြောင်း သိကောင်းစရာများနှင့် ကောက်ယူမည့် ကိစ္စရပ်များသည် တိုင်းရင်းသားပြည်သူ့အကျိုးစီးပွားအတွက် ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ဝိုင်းဝန်းပူးပေါင်းကူညီ ဆောင်ရွက်ကြစေလိုကြောင်းတို့ကို ရှင်းလင်းဟောပြောရာ ဒေသခံပြည်သူများက စိတ်ပါဝင်စားစွာဖြင့် မိမိတို့နားမလည်သည်များ၊ မရှင်းလင်းသည်များကို မေးမြန်းခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ ဒေသခံပြည်သူ ၉၀ ကျော် တက်ရောက်ခဲ့ပြီး ဟောပြောပွဲအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် နယ်လှည့်စာကြည့်တိုက်တွင် စာအုပ်/စာစောင်များကို ငှားရမ်းဖတ်ရှုခဲ့ကြောင်း သိရှိရသည်။

အယ်လ်စိုး (iprd)

KBZ BANK

ကမ္ဘောဇဘဏ်လီမိတက် ၏ (၁၃၃)ဘဏ်မြောက်

တက္ကသိုလ်ရိပ်သာလမ်းသစ်ဘဏ်ခွဲ ကို

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် တွင်

၂၇.၁၂.၂၀၁၃ (သောကြာနေ့)၌ ဖွင့်လှစ်ပြီးဖြစ်ပါကြောင်းနှင့်

ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း

မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

သဒ္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

__ဆက်သွယ်ရန်လိပ်စာ__

တက္ကသိုလ်ရိပ်သာလမ်းသစ်ဘဏ်ခွဲ

အမှတ်(၄၄၁)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊

ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

ဖုန်း – (၀၁) ၈၆၀၅၁၃၁/ ၃၂/ ၃၃/ ၃၄/ ၃၅

ဖက်စ် – (၀၁) ၈၆၀၅၁၃၆/ ၃၇/ ၃၈/ ၃၉/ ၄၄

www.kbzbank.com

မြန်မာ့အလင်း
၂၇-၁၂-၂၀၁၃ (သောကြာနေ့)

CHELSEA vs LIVERPOOL

Team	League	FACup	Capital Cup	Community Shield	European Cup	UEFA Cup	Cup Winner's Cup	UEFA SuperCup	Intercontinental Cup	Club World Cup	Total
ချယ်လ်ဆီး	၄	၇	၄	၄	၁	၁	၂	၁	-	-	၂၄
လီဗာပူး	၁၈	၇	၈	၁၅	၅	၃	-	၃	-	-	၅၉

PREDICTED TEAM — သစ်မင်းအိမ် — PREDICTED TEAM

ချယ်လ်ဆီး၏ အဓိက အားနည်းချက်မှာ တိုက်စစ်မှူးများ အဆုံးသတ်ပိုင်းအားပျော့ခြင်းဖြစ်သည်။ သို့သော် ချယ်လ်ဆီး၏ ကွင်းလယ်ပိုင်းသည် စုစည်းမှုအားကောင်းကာ အဆုံးသတ်ပိုင်းတိကျသည့်သူများနှင့်ဖွဲ့စည်းထားခြင်းကို သတိပြုရမည်။

လီဗာပူး၏ အဓိကအားသာချက်မှာ တိုက်စစ်မှူးဆွာရက်ဇ်၏ အဆုံးသတ်ပိုင်းအားကောင်းခြင်းပင်ဖြစ်သည်။ သို့သော် လီဗာပူးသည် အဝေးကွင်း၌ ခြေအနည်းငယ်တည်ငြိမ်မှုမရှိခြင်းက စိုးရိမ်စရာပင်ဖြစ်သည်။

KEY PLAYER

လမ်းပတ်(ကွင်းလယ်)

ယခုနှစ်ပရီမီယာလိဂ်သွင်းဂိုး	- ၄ ဂိုး
ယခုနှစ်ပရီမီယာလိဂ်ပွဲကစားမှု	- ၁၅ ပွဲ
ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး	- ၂၄၈ ဂိုး
ပရီမီယာလိဂ်စုစုပေါင်းသွင်းဂိုး	- ၁၇၀ဂိုး
ချယ်လ်ဆီးအတွက် ပွဲကစားမှု	- ၆၃၁ ပွဲ
ချယ်လ်ဆီးအတွက် သွင်းယူသည့်ဂိုး	- ၂၀၈ ဂိုး

KEY PLAYER

ဆွာရက်ဇ်(တိုက်စစ်)

ယခုနှစ်ပရီမီယာလိဂ်သွင်းဂိုး	- ၁၉ ဂိုး
ယခုနှစ်ပရီမီယာလိဂ်ပွဲကစားမှု	- ၁၂ ပွဲ
ပြိုင်ပွဲအရပ်ရပ်သွင်းယူသည့်ဂိုး	- ၂၄၇ ဂိုး
ပရီမီယာလိဂ်စုစုပေါင်းသွင်းဂိုး	- ၅၇ ဂိုး
လီဗာပူးအတွက် ပွဲကစားမှု	- ၁၀၉ ပွဲ
လီဗာပူးအတွက် သွင်းယူသည့်ဂိုး	- ၇၀ ဂိုး

Last 5 matches record

D(0-0)	W(2-1)	L(3-2)	W(3-4)	W(3-1)

Last 5 matches record

W(3-1)	W(0-5)	W(4-1)	W(5-1)	L(3-1)

Five classic matches

ချယ်လ်ဆီး ၁-၁ လီဗာပူး
၁၁-၁၁-၁၂ ပရီမီယာလိဂ်

ပွဲချိန် မိနစ် ၂၀၌ပင် တယ်ရီက အဖွင့်ဂိုးသွင်းယူပေးခဲ့၍ ချယ်လ်ဆီးတို့ပွဲကို ဦးဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် လီဗာပူးအားအသာရရေးရုန်းကန်ခဲ့ရပြီး မိနစ် ၇၀ ကျော်တွင် ဆွာရက်ဇ်က ကာရေဂါ၏ ပေးပို့မှုမှတစ်ဆင့် လီဗာပူးအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့ခြင်းကြောင့် သရေကျခဲ့ရသည်။

ချယ်လ်ဆီး ၂-၁ လီဗာပူး
၅-၅-၁၂ အက်ဖ်အေဖလား

ထိုပွဲတွင်မူ ချယ်လ်ဆီးတို့ အကောင်းဆုံး ထိန်းချုပ်နိုင်ခဲ့သည်။ ၁၁မိနစ်နှင့် ၅၂မိနစ်တို့တွင် ရာမီရက်စ်နှင့် ဒရော့ဘာတို့က ဂိုးများသွင်းခဲ့၍ နှစ်ဂိုးပြတ်ဖြင့် ပွဲကိုဦးဆောင်နိုင်ခဲ့ပြီးမှ ၆၄ မိနစ်တွင် ကာရိုးလ်က လီဗာပူးအတွက် တစ်ဂိုးသာ ပြန်လည်ချေပနိုင်ခဲ့ခြင်း ဖြစ်သည်။

ချယ်လ်ဆီး ၀-၂ လီဗာပူး
၃၀-၁၁-၁၁ ကက်ပီတယ်ဝမ်း

ချယ်လ်ဆီးတို့ အရှက်ကွဲရသောပွဲဖြစ်သည်။ ၅၉မိနစ်နှင့် ၆၄မိနစ်တို့တွင် ရိုဒရီကွက်ဇ်နှင့် ကယ်လီတို့က ဂိုးများကို လီဗာပူးအတွက် သွင်းယူခဲ့ခြင်းဖြစ်ကာ ၂၃မိနစ်တွင်ရသောပယ်နယ်တီကို ကာရိုးလ်ဂိုးဝင်အောင် မကန်နိုင်၍သာ ချယ်လ်ဆီးတို့သုံးဂိုး မပေးခဲ့ရခြင်းဖြစ်သည်။

ချယ်လ်ဆီး ၁-၂ လီဗာပူး
၂၀-၁၁-၁၁ ပရီမီယာလိဂ်

ထိုပွဲတွင်လည်း ချယ်လ်ဆီးတို့ ရုန်းကန်ခဲ့ရသည်။ ၃၄မိနစ်တွင် ရိုဒရီကွက်ဇ်က လီဗာပူးအတွက် အဖွင့်ဂိုးသွင်းခဲ့မှုကို ၅၅ မိနစ်၌ စတားရစ်က ပြန်လည် ချေပနိုင်ခဲ့သော်လည်း ပွဲပြီးခါနီး ၃ မိနစ်အလိုတွင် အနိုင်ဂိုးသွင်းယူသွားခဲ့ခြင်း ဖြစ်သည်။

ချယ်လ်ဆီး ၀-၁ လီဗာပူး
၆-၂-၁၁ ပရီမီယာလိဂ်

ချယ်လ်ဆီးသည် ထိုပွဲ၌ အစစအရာရာအားသာမှုရှိခဲ့သည်။ ဘောလုံးပိုင်ဆိုင်မှုကအစ ထိုးဖောက်မှုအဆုံး အသာရခဲ့သည်။ သို့သော် ဂိုးရအောင်မယူနိုင်ခဲ့ပေ။ ထို့အပြင် ၆၄မိနစ်တွင် တန်ပြန်တိုက်စစ်မှတစ်ဆင့် မီရာလက်စ်က လီဗာပူးအတွက် အနိုင်ဂိုးသွင်းယူမှုကိုပင် ခံခဲ့ရသည်။

ပရီမီယာလိဂ် ပွဲစဉ်(၁၉)

ဝက်စ်ဟမ်း	-	ဝက်စ်ဘရွန်း	ည ၇း၁၅	(၂၈-၁၂-၁၃)
ဗီလာ	-	ဆွမ်ဆီး	ည ၉း၃၀	(၂၈-၁၂-၁၃)
ဟားလ်	-	ဖူလ်ဟမ်	ည ၉း၃၀	(၂၈-၁၂-၁၃)
မန်စီးတီး	-	ပဲလေ့စ်	ည ၉း၃၀	(၂၈-၁၂-၁၃)
နေ့ဝှစ်ချ်	-	မန်ယူ	ည ၉း၃၀	(၂၈-၁၂-၁၃)
ကာဒစ်ဖ်	-	ဆန်းဒါးလန်း	နံနက် ၀၀း၀၀	(၂၉-၁၂-၁၃)
အဲဗာတန်	-	ဆောက်သမ်တန်	ည ၈း၀၀	(၂၉-၁၂-၁၃)
ကာဆယ်	-	အာဆင်နယ်	ည ၈း၀၀	(၂၉-၁၂-၁၃)
ချယ်လ်ဆီး	-	လီဗာပူး	ည ၁၀း၃၀	(၂၉-၁၁-၁၃)
စပါးစ်	-	စတုတ်	ည ၁၁း၃၀	(၂၉-၁၂-၁၃)

WBC ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို သိမ်းပိုက်နိုင်ရန် ရည်မှန်းထားကြောင်း ဝလာဒီမာကလစ်ရှ်ကို ပြောဆို

ယူကရိန်းနိုင်ငံသား ဟဲဗီးဝိတ်လက်ဝှေ့သမား ဝလာဒီမာကလစ်ရှ်ကိုက ကမ္ဘာ့လက်ဝှေ့ကောင်စီ(WBC)ဟဲဗီးဝိတ်လက်ဝှေ့ချန်ပီယံခါးပတ်ရယူသွားရန် ရည်မှန်းထားကြောင်း ထုတ်ဖော်ပြောဆိုလိုက်သည်။

အသက် ၃၇ နှစ်အရွယ်ရှိ ဝလာဒီမာကလစ်ရှ်ကိုသည် လက်ရှိအချိန်၌ WBO WBA၊ IBF၊ IBO ဟဲဗီးဝိတ် ချန်ပီယံခါးပတ်များ ရရှိထားသူဖြစ်သည်။ဝလာဒီမာကလစ်ရှ်ကို၏ အစ်ကိုဖြစ်သူ WBC ဟဲဗီးဝိတ်ချန်ပီယံ ဗစ်တာလီကလစ်ချ်ကိုသည် နိုင်ငံရေးလောကသို့ ဝင်ရောက်ရန်အတွက် ပြီးခဲ့သည့် ဒီဇင်ဘာ ၁၅ ရက်တွင် သူ၏ WBC ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ ပြီးနောက် လက်ရှိအချိန်တွင် WBC ဟဲဗီးဝိတ်ချန်ပီယံနေရာ လစ်လပ်လျက်ရှိသည်။

ဝလာဒီမာကလစ်ရှ်ကိုက “ကျွန်တော့်အစ်ကို စွန့်လွှတ်လိုက်ပြီဖြစ်တဲ့ WBC ဟဲဗီး ဝိတ်ချန်ပီယံခါးပတ်ကို ကလစ်ရှ်ကိုမိသားစုဆီ ပြန်လည် ရယူသွားဖို့က ကျွန်တော့်ရဲ့ရည်ရွယ်ချက် ဖြစ်ပါတယ်”ဟု ဂျာမနီသတင်းစာ Bild သို့ ပြောသွားသည်။ ဗီတာလီနှင့် ဝလာဒီမာကလစ်ရှ် ကိုတို့သည် ပြီးခဲ့သည့် ဆယ်စုနှစ် တစ်ခုကျော် ကာလအတွင်း ကမ္ဘာ့ဟဲဗီးဝိတ်လက်ဝှေ့လောကကို လွှမ်းမိုးနိုင်ခဲ့သူများဖြစ်သည်။ ဝလာဒီမာကလစ်ရှ်ကိုသည် သူ၏ ချန်ပီယံခါးပတ်များ ကာကွယ်ပွဲအဖြစ်လာမည့် ၂၀၁၄ ခုနှစ် မတ်လအတွင်းတွင် ဩစတြေးလျနိုင်ငံသား ဟဲဗီးဝိတ်လက်ဝှေ့သမား အဲလက်စ်လီပိုင်းနှင့် ထိုးသတ်ရမည်ဖြစ်သည်။

အသက် ၃၄ နှစ်အရွယ်ရှိ လီပိုင်းသည် သူ၏ ပရော်ဖက်ရှင်နယ်လက်ဝှေ့သမားသက်တမ်းအတွင်း စုစုပေါင်း ၃၇ ပွဲထိုးသတ်ခဲ့ရာတွင် ပွဲ ၃၀ အနိုင် ရရှိကာ ၄ ပွဲ ရှုံးနိမ့်ခဲ့ပြီး ၃ ပွဲ သရေကျခဲ့ကာ အနိုင်ရရှိသည့် ပွဲ ၃၀ အနက် ၂၄ ပွဲတွင် အလဲထိုးနိုင်ခဲ့သူဖြစ်သည်။ လီပိုင်းက “ဝလာဒီမာကလစ်ရှ်ကိုဟာ ထိပ်တန်းချန်ပီယံပါ။ ဒါပေမယ့် ကျွန်တော်နဲ့ ထိုးသတ်ပြီးချိန်မှာတော့ သူ့ရဲ့ ချန်ပီယံခါးပတ်တွေဟာ ကျွန်တော့်ဆီကို ရောက်ရှိလာမှာဖြစ်ပါတယ်။ ဝလာဒီမာကလစ်ရှ်ကိုက သူ့မိသားစုဂုဏ်သိက္ခာအတွက် နောက်ထပ်ကမ္ဘာ့ဟဲဗီးဝိတ်ချန်ပီယံ ခါးပတ်တစ်ခုဖြစ်တဲ့ WBC ဟဲဗီးဝိတ်ချန်ပီယံခါးပတ်ကို ရယူချင်နေတယ်လို့ ပြောပါတယ်။ ဒါပေမယ့် အခုအချိန်က ဝလာဒီမာကလစ်ရှ် ကိုကို ကျွန်တော် အနိုင်ယူမယ့်အချိန် ဖြစ်ပါတယ်”ဟု ပြောသွားသည်။